www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ချစ်မျိုးရှင်

# ဟုတ်လည်းဟုတ် လွဲလည်းလွဲ

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၃၈၀၆၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၂၉၀၇၁၁

ထုတ်ဝေသူ ♦ ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းပုံနှိပ်သူ ♦ ဦးကျင်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

အဖုံးပုံနှိပ်သူ ♦ ဦးကျင်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ။

အုပ်ရေ ♦ ၅၀၀ အုပ်

တန်ဖိုး ♦ ၁၀၀ ကျပ်

ဖြန့်ချိရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764/ -095089894

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅ · ၈၃

ချစ်မျှားရှင်
ဟုတ်လည်းဟုတ် လွဲလည်းလွဲ/ ချစ်မျှားရှင်။
- ရန်ကုန် ၊
ရဲအောင်စာပေ၊ ၂၀၁၁။
(၁၆၀) စာ၊ ၁၃ × ၂၀.၇ စင်တီ။
(၁) ဟုတ်လည်းဟုတ် လွဲလည်းလွဲ


BURMESE CLASSIC .com

## အခန်း(၁)

ဘက်ခမ်းက လန်းလန်း လန်းလန်းနှင့် လမ်းသလားနေ၏။ ပြောစကားကိုလည်း နားမထောင်။ သူလုပ်ချင်ရာလုပ်နေသဖြင့် ကျွန်တော် ဒေါပွသွားရသည်။ ဒီကောင်နှင့်တော့ ခက်သေးသည်။ ဒီအတိုင်းဆိုလျှင်တော့ ဒီနှစ်ဆုရဖို့ မဆိုထားနှင့် ပြိုင်ပွဲတောင် ဝင်နိုင်ပါ့မလားမသိ။

ကြည့်ပါလား။ ပျင်းရိပျင်းတွဲနှင့် လျှောက်လာရင်း မြက်ခင်းပေါ် လှဲအိပ်ချလိုက်ပုံကိုက မထိလေးစား။ တကယ့်ကို ဆောင့်ကန်ချင်စရာ။ ဘက်ခမ်းဆိုတော့ ကမ္ဘာကျော်ဘောလုံးသမားလို့များ ထင်သွားကြမလားမသိဘူး။ အဟင်း··· ကျွန်တော်ပြောတဲ့ ဘက်ခမ်းက ဘောလုံးသမားမဟုတ်သလို ကျွန်တော်လည်း ဖာဂူဆန်တို့ မော်ရင်ညို တို့ မဟုတ်ပါဘူး။

ဘက်ခမ်းဆိုတာ ကျွန်တော် မွေးထားတဲ့ အယ်ဖေးရှင်းခွေးကြီးပါ။ ကျွန်တော်ကတော့ တင့်တယ်တိုးလို့ အမည်ရတဲ့ အမျိုးကောင်းသားလေးဆိုပါတော့။ ကျွန်တော်နဲ့ ဘက်ခမ်း ဝင်ပြိုင်ကြမှာက နှစ်စဉ်ပြုလုပ်မြဲဖြစ်တဲ့ ခွေးပြိုင်ပွဲပါ။ ဟုတ်တယ်။ အဲဒီပြိုင်ပွဲ မြန်မာပြည်မှာရှိတယ်။ လုပ်ခဲ့တာတောင် နှစ်တော်တော်ကြာနေပြီ။ ကျွန်တော်နဲ့ ဘက်ခမ်းကတော့ မနှစ်ကမှ စပြိုင်ခဲ့တာပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘက်ခမ်းကို ကြည့်ပြီး အတော်ကလေးစိတ်ပျက်သွားမိသည်။ ဒီကောင် အစားအသောက်မက်ပြီး ဗိုက်လေးလေးနှင့် ပက်လက်လှန်ကာ အိပ်နေပုံကိုက အမြင်ကတ်စရာ။ သူ့နားသို့လျှောက်သွားကာ ဒီကောင်ကြီးဗိုက်ကို ဖိလပ်ဦးနှင့် ဆောင့်ကန်လိုက်သည်။

'ဟေ့ကောင်… ဘက်ခမ်း ထ… ထစမ်း'

ဆောင့်ကန်တာတောင်မှ မထဘဲ ဟိုဘက်ဒီဘက်ပြောင်း၍ အိပ်နေပြန်သည်။ ဒီကောင့်ကို ဒီအတိုင်းလွှတ်ထား၍ မရတော့။ ကျွန်တော်စောစောက ပစ်ချထားသော ကြိမ်လုံးကို ကောက်ယူပြီး လေထဲလွှဲရိုက်၍ ရွှမ်းခနဲအသံပေးလိုက်၏။ ထိုအခါမှ ဘက်ခမ်းက ထတော်မူသည်။

'ဟေ့ကောင်… ပျေင်း… ပြေး… ပြေးစမ်း၊ ရွှမ်း'

ကျွန်တော်က ပြောပြောဆိုဆိုနှင့် ကြိမ်လုံးသံပေးတော့လည်း ဘက်ခမ်း မနေ့ရဲ။ အသားနာမှာ ကြောက်ပုံနှင့် ကသုတ်ကရက်ထ ပြေးရှာသည်။ ခြံထဲမှ သစ်ကိုင်းများတွင် ချိတ်ဆွဲထားသော သံကွင်းများကို ကြိမ်လုံးနှင့် ညွှန်ပြ၍ ခုန်ပြီးဝင်ခိုင်းသည်။ ဘက်ခမ်း ခုန်ဝင်ရှာသည်။ ထိုသို့ အကြိမ်ကြိမ်ပြေးခိုင်း ခုန်ဝင်ခိုင်းတာ လေးငါးကြိမ်ရှိသွားမှ ခေါင်းကိုပွတ်သပ်ပေးရင် dog food နည်းနည်းချကျွေးလိုက်၏။

'မပျင်းစမ်းပါနဲ့ ဘက်ခမ်းရာ၊ တကယ်ပြိုင်ပွဲမှာ မီးကွင်းခုန်ရမှာနော်၊ အမွေးတွေ မီးလောင်ကုန်မယ် သိရဲ့လား'

'အု… ဝု'

ဘက်ခမ်းက နားလည်သလိုမျိုး အသံပြုကာ ကျွန်တော့်လက်ကို သူ့လျှာနှင့်လျက်၏။

'ကိုင်း နောက်တစ်ခေါက်လောက်ပြေးပြီး မီးကွင်းခုန်ကြည့်ရအောင်နော်'

ကျွန်တော် သံကွင်းစိုင်းတွင် ဝတ်ထားသော အဝတ်စကို မာက်ဆီဖြန်း၍ မီးရှို့လိုက်၏။



'ကဲ… သားကြီး ဘက်ခမ်း ဒီထဲကို ခုန်ဝင်မယ် ဟုတ်လား'

'ဝုတ်… ဝုတ်'

'ကဲ… ပြေး… ပြေးတော့ မီးငြိမ်းသွားဦးမယ်'

ကျွန်တော့်စကားအဆုံးတွင် ဘက်ခမ်းက ခြံကိုပတ်၍ပြေးကာ အရှိန်ယူရင်း မီးကွင်းထဲသို့ ခုန်ဝင်လိုက်၏။ ကျွန်တော် တော်တော်သဘောကျသွားသည်။ ဘက်ခမ်းလည်း သူ့လုပ်ဆောင်ချက်ကို ဂုဏ်ယူစွာဖြင့် ပြန်ပြေးလာကာ ကျွန်တော့်ကိုယ်ပေါ်သို့ ၂တတ်ရပ်ခုန်တက်လိုက်သည်။ ကျွန်တော် သူ့လက်နှစ်ချောင်းကို ဖမ်းဆုပ်ထားရင်း ခြေနှစ်ချောင်းနှင့် လမ်းလျှောက်ခိုင်းပြန်သည်။

'ဘက်ခမ်းရာ မင်းက လုပ်တတ်ရဲ့သားနဲ့ တယ်လည်းအပျင်းကြီးတာကိုးကွ၊ ဟား… ဟား… ဟား… လာ… လာ… လာခဲ့၊ ဒီအတိုင်းလျှောက်လာခဲ့၊ တစ်ခါတည်း ရေချိုးကြရအောင်'

ဘက်ခမ်းကို ခြေနှစ်ချောင်းထောက် ပုံစံနှင့် နောက်ဖေးရေချိုးခန်းအထိ ဆွဲခေါ်လာခဲ့၏။ ရေချိုးခန်းရောက်မှ ခြေစုံရပ်စေသည်။

'ရေချိုးမယ် မဟုတ်လား သားကြီး'

'ဝု… ဝု'

'အေး… အေး… ချိုးရမယ်၊ ရော့… ရေသောက်လိုက်ဦး'

ဘက်ခမ်း ရေအဝသောက်ပြီးမှ သူ့ကို ရေချိုးပေးရသည်။ ဆပ်ပြာရည်နှင့် တစ်ကိုယ်လုံး ပွတ်သပ်တိုက်ချွတ်၍ သန့်ရှင်းရေးလုပ်ပေး၏။ ဆပ်ပြာမြှုပ်များကို ဘရပ်ရှ်နှင့် သပ်ချပြီး ဖုန်များသန်းများပါ ပါသွားအောင် တိုက်ချသည်။ ဘက်ခမ်းက ရေလည်းကြိုက်၏။ သူ့ကို ရေလောင်းချလိုက် သူက ပြန်ခါလိုက်နှင့် ကျွန်တော့်တစ်ကိုယ်လုံးပါ စိုရွှဲကုန်သည်။

'ဟေ့ကောင်… ငါပါ ရေချိုးရမလိုဖြစ်နေပြီ၊ တော်တော့၊ လာ… လာ'

ဘက်ခမ်းကို ရေခါခိုင်းပြီး အတင်းဆွဲခေါ်လာခဲ့သည်။ သူ့

www.burmeseclassic.com

www.burmeseclassic.com



အတွက် သီးသန့်ထားသော တဘက်နှင့် ရေစင်အောင်သုတ်ပြီး သန်းသတ်ပေါင်ဒါတစ်ကိုယ်လုံးအနှံ့ ဖြူးပေးရ၏။ အားလုံးပြီးမှ သူ့ကိုသိပ်ထားခဲ့ကာ ကျွန်တော်ပါ ရေချိုးလိုက်ရသည်။

တစ်မနက်စာ အလုပ်ဇယားတော့ဖြင့် ငြိမ်းသွားခဲ့ပြီ။ ကျွန်တော် ထမင်းစားခန်းထဲအရောက် မေမေ အဆင်သင့်စောင့်နေတာ တွေ့၏။

'တစ်ခါတည်း စားမှာမဟုတ်လား သား'

'ဟုတ်ကဲ့'

မေမေ ပြင်ပေးသော ထမင်းကို အတူတူစားကြရင်း...

'ဘက်ခမ်းအတွက် ဘာရှိလဲ မေမေ'

'ကြက်ရိုးတွေနဲ့ ထမင်းကျိုထားတယ်လေ သားရဲ့'

ဘက်ခမ်း အရွယ်ရောက်ပြီး အစားကြီးလာသဖြင့် ရှိုင်ရယ် ကန်နေးလ် ခွေးစာကို မတတ်နိုင်တော့ဘဲ ဝိတ်လျှော့ခဲ့ရသည်။ အယ်ဖေးရှင်းခွေးမျိုးမို့ ပေါက်ပန်းဈေး ကျွေး၍မရသော်လည်း ထိုခွေးစာက တစ်အိတ်ကို ခြောက်သောင်းပေးရ၏။ သူတစ်ကောင်ထဲ သုံးလလောက်ပဲ စားရတော့ တစ်လတစ်လ ခွေးစာပင် နှစ်သောင်းကျော်ကျနေသည်။ ဒါ တခြားသောက်ဆေး ဗီတာမင်ဆေးများ မပါသေး။

တကယ်တော့ ဘက်ခမ်းကို နှစ်လသားအရွယ်တွင် ဖေဖေ လက်ဆောင်ရလာခြင်းဖြစ်သည်။ ဂျာမန်အင်ပို့မျိုးအစစ်ဖြစ်သဖြင့် ထိုနို့ခွဲအရွယ် ခွေးသားပေါက်တစ်ကောင်ကို ခြောက်သိန်းခုနစ်သိန်း တန်ဖိုးရှိ၏။

ကျွန်တော်တို့ တစ်မိသားစုလုံး ခွေးချစ်တတ်ကြသဖြင့် ပြန်ရောင်းမစားရက်ဘဲ စိတ်တူကိုယ်တူနှင့် မွေးခဲ့ကြခြင်းဖြစ်သည်။ ကျွန်တော်တို့တွေက တိုက်နှင့်ကားနှင့် နေကြသော်လည်း သိပ်အချမ်းသာကြီးမဟုတ်ကြ။ ဖေဖေက နိုင်ငံခြားဘာသာတက္ကသိုလ်မှ ကထိက တစ်ယောက်သာဖြစ်သည်။



ဖေဖေ့လုပ်ဖော်ကိုင်ဖက် ဂျာမန်နိုင်ငံသူ ဆရာမတစ်ယောက် နှစ်စေ့၍ အပြန်တွင် သူမွေးထားသော အယ်ဖေးရှင်းခွေးသားအမိကို ခွဲဝေလက်ဆောင်ပေးသွားခဲ့ခြင်းဖြစ်၏။ ထိုလသားအရွယ်ကတည်းက ဘက်ခမ်းကိုမွေးလာခဲ့ကြတာ ခုဆို တင်းနှစ်ပြည့်တော့မည်။

'မတတ်နိုင်ဘူး မေမေရယ်၊ ရှိုင်ရယ်ကန်နေးလ်ကလည်း ဈေးတွေမတရားတက်လာတာ မဟုတ်လား၊ ဒီလိုပဲ ရောရိရောရာ ကျွေးရတော့မှာပေါ့'

'အင်း... စိတ်မကောင်းလိုက်တာ သားရယ်၊ မတော် ဘက်ခမ်းလေး ရောဂါတွေ ဘာတွေရကုန်ရင် ဒုက္ခပါပဲ'

'အဲဒီအတွက်တော့ မပူပါနဲ့ သား သူငယ်ချင်း တိရစ္ဆာန်ဆရာဝန်ရှိပါတယ်၊ နောက်ပြီး ဘက်ခမ်းက ဂျာမန်မျိုးအစစ်ဆိုပေမယ့် မြန်မာပြည်ပေါက်လေ၊ ဒီက ရာသီဥတုနဲ့ အစားအသောက်ကို ခံနိုင်ရည် ရှိပါတယ်'

'ဒီလိုပဲ ဖြေတွေးရတော့မှာပေါ့၊ သားတို့ပြိုင်ပွဲဝင်ကြဦးမှာလား'

'ဟုတ်ကဲ့၊ ကြိုးတော့ ကြိုးစားနေကြတာပဲ'

အယ်ဖေးရှင်းဆိုသည်မှာ လူချမ်းသာတို့အတွက် သီးသန့်ပေါ်ပေါက်လာသော အိမ်မွေးခွေး အမျိုးအစားဖြစ်သည်။ ခွေးတစ်ကောင်စရိတ်က အကျယ်ချဲ့လျှင် ချဲ့သလို တစ်လလျှင် တစ်သိန်းမှ နှစ်သိန်းဝန်းကျင်တွင်ရှိသည်။

ကရိကထ အကုန်အကျခံကာ မွေးဖို့စိတ်ကူးမရှိသော်လည်း လက်ဆောင်ရပြီး မွေးမိရာမှ အယ်ဖေးရှင်းအဆင့်အတန်းကို လိုက်မမီအောင် ဖြစ်လာခဲ့၏။ အယ်ဖေးရှင်းတွင်လည်း ဂျာမန်အင်ပို့၊ ဩစတေးလျ အင်ပို့နှင့် ဟောင်ကောင်အင်ပို့ ဟူ၍ ရှိသေးရာ ဘက်ခမ်းက အယ်ဖေးရှင်းတန်းထဲတွင် အဆင့်အမြင့်ဆုံးဖြစ်၏။

သဘာဝအရ မိတ်လိုက်နိုင်သော အရွယ်ရောက်ပြီဖြစ်သော်

www.burmeseclassic.com

www.burmeseclassic.com



လည်း ဒီကောင် တစ်ခါမှ မတစ်ခါရသေး။ မျိုးကောင်းခွေးမို့ ခွေးလေ ခွေးလွင့်နှင့်တော့ လုံးဝအဖြစ်မခံနိုင်။ တင်းတင်းကြပ်ကြပ်ထိန်းသိမ်းထားခဲ့ရသည်။ ယခု ခွေးပြိုင်ပွဲဝင်မည်ဆိုတာကလည်း သူ့အတွက်ပဲဖြစ်သည်။ ကျွန်တော်တို့ ဖန်းကျင်တွင် ငွေကုန်ကြေးကျခံကာ ခွေးမွေးသူမရှိသဖြင့် ပြိုင်ပွဲဝင်၍ ဓိမ်ခံခွေးလောကသို့ တိုးဝင်ပြီး ဘက်ခမ်းအတွက် ကြွင်ဘက်ရှာပေးလိုရင်းဖြစ်သည်။

ထမင်းစားရင်း အတွေးတွေ လွန်သွားပြီး ကျွန်တော် ငူငူငိုင်ငိုင်ဖြစ်နေမိ၏။

'ဟဲ့… သား၊ ဘာတွေတွေးနေတာလဲ၊ စားမှာစားတာမဟုတ်ဘူး၊ တော်ကြာဆို ကျောင်းသားတွေ ရောက်လာကြတော့မှာ'

မေမေပြောမှ အလုပ်တွေကို သတိရသွားသည်။ ဖေဖေနှင့် မေမေက ပညာတတ်များဖြစ်သလို ကျွန်တော်ကိုယ်တိုင်လည်း တရုတ်ဘာသာအဓိကနှင့် ယူအက်ဖ်အယ်မှ ဘွဲ့ရထား၏။ ဖေဖေ့အမွေကို ဆက်ခံပြီး အိမ်တွင်လည်း နိုင်ငံခြားဘာသာစကား (စပီကင်)သင်တန်း ဖွင့်ထားသည်။ မေမေက အင်္ဂလိပ်ဘာသာသင်၍ ကျွန်တော်က တရုတ်ဘာသာသင်သည်။

အလုပ်တွေ ရှိသေးသဖြင့် ထမင်းကို မြန်မြန်လက်စသတ်ပြီး ဘက်ခမ်းကို အစာကျွေးဖို့ ပြင်ဆင်ရသည်။ အိမ်အကူအဒေါ်ကြီးကို စားခွက်ထဲထည့်ခိုင်းပြီး ကျွန်တော်ကိုယ်တိုင် ဘက်ခမ်းကို ကျွေးသည်။ ဘက်ခမ်းက ဘာပဲကျွေးကျွေး ဟက်ဟက်ပက်ပက်အားရပါးရ စားသည်။ ဒါကြောင့်လည်း ဒီကောင် အရွယ်နှင့်မလိုက်အောင် ဒေါင်ကောင်း၏။ ရုပ်ကလည်း တကယ့်ခွေးချောတစ်ကောင် အမွေးအမျှင်ကလည်း ကောင်းမှကောင်း။

ဘက်ခမ်းစားပြီးသွားတော့ လှောင်အိမ်ထဲထည့်ကာ တံခါးပိတ်ထားရ၏။ သင်တန်းသားများရောက်လာလျှင် ဒီကောင်နှင့်က မလွယ်ပေ။ ထိုအချိန်မှာပင် သင်တန်းသားများ တဖွဲဖွဲရောက်လာကြသဖြင့် ကျွန်တော် စာသင်ခန်းထဲ ရောက်သွားရပြန်သည်။



'ကဲ… အားလုံးအသင့်ဖြစ်ရင် မနေ့က သင်ခန်းစာလေး ဆက်လိုက်ရအောင်'

ကျွန်တော်က ရှေ့မှဆိုပြလိုက်၊ သင်တန်းသားများက နောက်မှ လိုက်ဆိုလိုက်ဖြင့် တစ်နေ့တာသင်ခန်းစာကို ထုံးစံအတိုင်း ချီတက်ရသည်။ စိတ်ဝင်တစား သင်ကြား၊ သင်ယူမှုများက အချိန်ကုန်လို့ ကုန်မှန်းပင် မသိလိုက်ကြ။

'အိုကေ၊ မင်းတို့ သိထားမှတ်ထားတာတွေ တော်တော်ကောင်းပါတယ်၊ ဒါပေမဲ့ ဘာသာ စကားဆိုတာ အမြဲသုံးနေမှ မှတ်မိလွယ်ပြီး အရာရောက်တာ၊ မင်းတို့ တွေထဲမှာ တချို့က အပျော်သင်တာ၊ တချို့က အလုပ်ဝင်ဖို့ရည်ရွယ် ချက်နဲ့သင်တာ၊ ခေတ်ကြီးက ပြောင်းသွားပြီ၊ အရင်က အင်္ဂလိပ်စာ ရေးတတ် ဖတ်တတ်ရမည်ဆိုတဲ့ နေရာမှာ တရုတ်စကား အရေး အပြော ကျွမ်းကျင်သူ ဦးစားပေးမည် ဆိုတဲ့ အလုပ်ခေါ်ကြော်ငြာတွေ တော်တော်တွေ့လာရပြီ'

'ဟုတ်ပါတယ် ဆရာ'

'ဘာသာစကားရဲ့ အဓိကရည်ရွယ်ချက်က ကိုယ့်စိတ်ထဲက ဖြစ်ပေါ်လာတဲ့ အကြောင်းအရာကို တစ်ဖက်လူ နားလည်အောင် အသံနဲ့ မက်ဆေ့ချ်ပေးဖို့ပဲ ဖြစ်တယ်'

'ဟုတ်ကဲ့ပါ ဆရာ'

'ဒီနေရာမှာ ကြုံလို့ ဗဟုသုတအဖြစ် တစ်ခုလောက်ပြောပြချင်တယ်၊ အင်္ဂလိပ်ခေတ်တုန်းက စာမတတ်တဲ့ ဆရာ့အဘေးက သူ့သူငယ်ချင်းစာမတတ်တဲ့သူဆီ စာတစ်စောင် လူကြုံနဲ့ပို့ဖို့ ဆရာ့အဘိုးကို ခိုင်းသတဲ့၊ ဆရာ့အဘိုးကတော့ စာတတ်တာကိုး၊ ဒါနဲ့ စာမတတ်တဲ့လူက ဘယ်လိုစာရေးသလဲဆိုတာ သိချင်လို့ ဖောက်ဖွင့်ကြည့်သတဲ့'

'ဘယ်လိုဘာသာနဲ့ ရေးထားသလဲ ဆရာ'

'အင်း… ပိရမစ်တွေမှာ တွေ့ရတဲ့ အရုပ်စာမျိုး မြန်မာပြည် ပြဒလင်းဂူနံရံက ပန်းချီပုံလိုမျိုးနဲ့ ရေးထားတာ'

www.burmeseclassic.com

www.burmeseclassic.com



'ပြောပြပါဦး ဆရာ'

'အေး… ပြောပြချင်လို့ပဲ အစပျိုးနေတာပေါ့၊ ဒီလိုကွ၊ သူ့စာမှာ တုတ်ချောင်းနှစ်ချောင်းခြစ်ထားတယ်၊ ပြီးတော့ အစက်နှစ်စက် ပြီးတော့ လခြမ်းကွေးပုံလေး၊ ပြီးတော့ အစက်နှစ်စက်၊ ပြီးတော့ နွားပုံကတစ်ပုံ၊ ပြီးတော့ အစက်ကလေးနှစ်စက်၊ အဲဒီနောက်မှာ ထန်းပင်တစ်ပင်၊ ပြီးတော့မှ အငွေ့တလူလူ ထွက်နေတဲ့ စလောင်းဖုံးနဲ့ အိုးတစ်လုံး၊ အဲ… နောက်ထပ် စေတီတစ်ဆူနဲ့ လေးတိုင်စင်တစ်စင်၊ အဲ နောက်ဆုံးကတော့ မဲနက်နေအောင် ခဲနဲ့ခြယ်ထားတဲ့ ဝလုံးတစ်လုံး ဒါပဲ'

ကျွန်တော်က ဘလက်ဘုတ်တွင် ထိုအရုပ်စာကို ရေးပြလိုက်၏။

'ကဲ… ဘာတဲ့လဲ'

သင်တန်းသူ သင်တန်းသားများ အရုပ်စာကို တစ်ယောက်တစ်ပေါက် အဓိပ္ပာယ်ဖော်နေကြ၏။ လိုရင်းကား မရောက်။ သို့နှင့် ကျွန်တော် သင်တန်းသားများကို လက်ကာပြလိုက်သည်။

'အဟင်း… ဆရာ့အဘေးနာမည်က ဦးသံလုံး၊ သူ့သူငယ်ချင်းနာမည်က ဦးချစ်မောင်တဲ့၊ ကဲ… ဆရာ ရှင်းပြမယ်၊ ပထမဆုံး တုတ်ချောင်းနှစ်ချောင်းက ခြစ်ထားတဲ့ အမှတ်အသားမို့ ချစ်မောင်ပေါ့၊ အစက်ကလေးနှစ်စက်နဲ့ လခြမ်းကွေးကတော့ လဆန်းနှစ်ရက်နေ့ လာမယ်လို့ ဆိုတာတဲ့'

'ဟား… ဟား… ဟား'

'အဲ… နွားပုံလေးကတော့ နွားရောင်းရင်း လာမှာတဲ့လေ'

'နောက်ထပ် ထန်းပင်ပုံက နှစ်ယောက်ဆုံရင် ထန်းရည်လေး ဘာလေး သောက်ကြမယ်လို့ ဆိုလိုတာတဲ့'

'ကောင်းလှချည်လား ဆရာ၊ ဘီယာဘားမှာ အပြတ်ကဲမယ်လို့ ဒိတ်လုပ်လိုက်တာပေါ့နော်'



'ဟုတ်တယ်ကွ၊ အဲ… အစက်ကလေးနှစ်စက်ထပ်ရေးပြတာကတော့ နှစ်ရက်လောက်နေမယ့်သဘော၊ အငွေ့ထွက်နေတဲ့အိုးက ထမင်းချက်ထားပါလို့ ပြောတာတဲ့'

'စေတီပုံနဲ့ လေးတိုင်စင်က ဘုရားပွဲမှာ အငြိမ့်ကြည့်မယ်လို့ ချိန်းထားတာတဲ့လေ'

'အဲ… မဲနက်နေတဲ့ ဝလုံးကတော့ သံလုံးတဲ့၊ ဆရာ့ရဲ့အဘေးနာမည်လေ၊ ဒါဆိုင်းထိုးထားတဲ့သဘော၊ သံလုံးက ချစ်မောင်သို့ ပေးစာပေါ့'

'ဟား… ဟား… ဟား'

'ဗဲရီးဂွတ် လက်တာပဲ ဆရာ'

'ရက်စ် ဒါပဲ၊ ဘာသာစကားတို့ စာပေတို့ဆိုတာ ကိုယ်ဆိုလိုချင်တာကို တစ်ဖက်လူသိဖို့ အဓိကပါပဲ၊ ဒီနေ့ခေတ်မှာတော့ အဆင့်ရှိနေတဲ့ ပြည့်စုံပြီးသား ဘာသာစကားတွေကို အကြိမ်ကြိမ်လေ့ကျင့်ပြီး ခဏခဏပြောပေးမှသာ ကျွမ်းကျင်မှာဖြစ်တယ်၊ မိန်းပိုင်လော်မာ'

'မိန်းပိုင်လော်… ရှုန်းစဲန်း'

ကျွန်တော်က ဗဟုသုတ ဟာသများပါ ကြားညှပ်ပြောရင်း သင်ကြားသဖြင့် သင်တန်းသားတို့ မပျင်းဘဲ မှတ်မှတ်ရရ သင်ယူလေ့ကျင့်မှုကို ဖြစ်စေသည်။ နှစ်နာရီဆိုသော အချိန်က ရယ်ရယ်မောမော တသောသောနှင့် ပြီးသွားခဲ့၏။

'ကိုင်း… ချိန်ရှုရှင်းချီကျိုက်လိုင်း (ကျေးဇူးပြုပြီးနောက်တစ်ပတ်ထပ်လာပါ)'

နှုတ်ဆက်စကားပြောပြီး စာသင်တာ ရပ်နား၍ အတန်းလွှတ်လိုက်သည်။ သင်တန်းသားများက တရုတ်စကား မှတ်မိသည်များကို ပေါက်ပန်းဈေး လျှောက်ပြောရင်း ပြန်သွားကြ၏။

'ရှဲန်းစန်းချိန် ဝန့်အိကျဲ့နှ့စုဟောင်မာ'

www.burmeseclassic.com

www.burmeseclassic.com



'သောက်တဲ့နွဲ့ရင် ယွမ့်ကျာမော့ကျို'

'ကျိုက်ကေ့တျန် ခေါင်မြန့်ပေါင်'

'ကင့်ဟောင်မြောင်ကျို'

ကြားနေရသော အသံများ တဖြည်းဖြည်းဝေးသွား၏။ ကျွန်တော် ကျေနပ်စွာပြုံးရင်း စာသင်ခန်းထဲမှ ထွက်ခဲ့၏။ ထင်သည့်အတိုင်းပဲ ဘက်ခမ်း တဝုတ်ဝုတ်ထိုးဟောင်နေပြီ။ ကျွန်တော် လှောင်အိမ်ဆီသို့ ပြေးသွားလိုက်သည်။

ကျွန်တော့်ကိုမြင်တော့ ဘက်ခမ်းက ဟောင်ရုံမက တံခါးကို လက်များနှင့်ပါ ကုတ်ခြစ်နေတော့၏။

'ဟေ့ကောင်.... ငါလာပါပြီကွ၊ တိတ်တိတ်နေစမ်း'

ကျွန်တော် လှောင်အိမ်ပေါ်မှ လည်ပတ်နှင့် သံကြိုးကိုယူရင်း လှောင်အိမ်တံခါးဖွင့်ကာ ဘက်ခမ်းကို ထုတ်လိုက်သည်။ ဒီကောင့်လည်ပင်းတွင် လည်ပတ်ကို တပ်ဆင်လိုက်သည်နှင့် ဝုန်းခနဲ ဆောင့်ရုန်းပြေးထွက်လိုက်သဖြင့် ကျွန်တော်ပင် ခြေနှစ်လှမ်း သုံးလှမ်းခန့် ပါသွားရ၏။

'ဟေ့ကောင်... နေပါဦးဟ၊ သေတော့မှာပဲ'

ကျွန်တော် ခွေးထိန်းကြိုးကို ခြေစုံကန်၍ ဆွဲရင်း လှောင်အိမ်တံခါးကို နောက်ပြန်ပိတ်ရသည်။ ကျွန်တော်နှင့် ဘက်ခမ်းက ညနေတိုင်း လမ်းလျှောက်ထွက်နေကျဆိုတော့ အချိန်ကျသည်နှင့် ဘက်ခမ်းက ဘယ်လိုမှ ထိန်းမရတော့။

ဖြတ်သွားဖြတ်လာ ကောင်မလေးများက...

'ဟယ်... dog boy ကြီးတော့'

'အေးလေ၊ ခွေးကျောင်းသားသာဆိုတယ် စတိုင်က မိုက်သမားမမေးနဲ့၊ ကြည့်ရတာ အထည်ကြီးပျက်နဲ့တူတယ်'

ကျွန်တော် ဘာမှပြန်မပြောမိ။ တစ်ဖက်သို့ လှည့်ကာ ပြုံးစိစိ လုပ်နေမိသည်။ မျက်မှန်းတန်းမိနေသူများက သိသိကြီးနှင့် နှိပ်ကွပ်



သွားကြတာ မဟုတ်လား။ စိတ်ကြိုက် သေးပန်းပြီး ဆက်ပြေးသွားသော ဘက်ခမ်း နောက်သို့သာ ပြေးလိုက်ရသည်။ ခွေးမလေးတစ်ကောင်တွေ့တော့လည်း ပြေးသွားကာ ဟိုနမ်း ဒီနမ်းနှင့် အနံ့ခံနေသေး၏။ ခွေးမလေးက ကြောက်လွန်း၍ တုန်နေသည်။

'ဟေ့ကောင်... မဖြစ်နိုင်တဲ့ဇာတ်လမ်းတွေ အစမလုပ်စမ်းနဲ့၊ မင်းကို အိန်ဂျလီနာဂျိုလီ မွေးထားတဲ့ခွေးမလေးနဲ့ပဲ ပေးစားမှာ၊ လာစမ်း'

ကျွန်တော် ဘက်ခမ်းကို ဆောင့်ဆွဲခေါ်ကာ ဂရင်း လမ်းဆက်လျှောက်ကြ၏။ မျက်နှာချင်းဆိုင်မှ ဂျစ်ပုလေးတစ်စီး မောင်းနှင်လာသည်။ ကားကိုမြင်တာနှင့် ဗညား၏ကားမှန်း သိ၏။ ဂျစ်ပုလေး ကျွန်တော်တို့နားတွင် ထိုးရပ်သွားသည်။

'ဟေ့ကောင်... ပန်းပဲမောင်တင့်တယ်၊ တူမကိုင်ဘဲ ခွေးဆွဲလာပါလား'

'အေးလေကွာ၊ ထရိန်နင်ပေါ့၊ မင်းကဘယ်လဲ'

'မင်းဆီလာတာလေ၊ ပြိုင်ပွဲက နီးနေပြီ၊ အခြေအနေလေး သိချင်လို့'

'ဒါဆိုလည်း ပြန်ကြတာပေါ့၊ ဘက်ခမ်း လာ.. လာ၊ ကားပေါ်တက်'

ဘက်ခမ်း ကားပေါ် ခုန်တက်ပြီး နောက်ဘက်သို့ တိုးဝင်ကာ အခန့်သား ထိုင်လိုက်သည်။ ကျွန်တော် ဗညားဘေးတွင် ဝင်ထိုင်ပြီး အိမ်သို့ ပြန်လာကြသည်။ ဘက်ခမ်းကို ကြိုးဖြည်ပြီး ခြံထဲမှာ လွှတ်ထားလိုက်၏။

'မင်းကောင်ကြီး အခြေအနေကောင်းရဲ့လား'

'လုပ်တော့လုပ်နေတာပဲကွ၊ ဘက်ခမ်းက နည်းနည်းပျင်းတယ်'

'သစ်သားတန်းဖြတ်လျှောက်တာလည်း ပါတယ်နော်၊ ကြိုးတန်းလျှောက်သလိုမျိုး'

www.burmeseclassic.com

www.burmeseclassic.com



'အေးပါကွာ၊ ငါ သိပါတယ်၊ အဲဒါလည်း လေ့ကျင့်ရဦးမှာ'

'ငါ့ရဲ့ အဲလိဇဘက်ကတော့ တော်တော်ဟုတ်နေပြီ၊ ဒီနှစ်တော့ ရမယ်ထင်တာပဲ'

ဗညားကလည်း ခွေးချစ်သူ။ ခွေးဝါသနာအိုး။ တယ်ရီယာ ခွေးပိုင်ရှင်တစ်ယောက်ဖြစ်၏။ သူလုပ်၍လည်း ကျွန်တော် ပြိုင်ပွဲဝင် ဖြစ်ခြင်းဖြစ်သည်။

'ကြိုးလွတ်ပြိုင်နိုင်မှ အမှတ်ရမှာနော်၊ ကြိုးတန်းလန်း တန်းလန်းနဲ့ လိုက်ထိန်းပေးနေရရင်တော့ ဘာဆုမှ မမျှော်နဲ့'

'အေးပါဟ'

'ဒီတစ်ခါ ပြိုင်ပွဲကကော ဘယ်မှာတဲ့လဲ'

'အရင် လောဟာပြင်ဈေးမှာ ရော့ပင်စင်တာတစ်ခုအသစ် ဖွင့်ထားတယ်တဲ့၊ အဲဒီမှာ လုပ်မှာ'

'ဟုတ်လား၊ တစ်ခါမှတောင် မရောက်ဖူးသေးဘူး'

'အဲဒါက အရေးမကြီးပါဘူး၊ ထရိန်နင်သာ လုပ်စမ်းပါ၊ ခေါ်စမ်းပါဦး ဘက်ခမ်းကို၊ တစ်ခုခုလုပ်ခိုင်းကြည့်စမ်း'

'ဘက်ခမ်း… ဘက်ခမ်း… အို့… အို့'

ကျွန်တော့်အသံကြားတော့ ဘက်ခမ်း ကဆုန်ပေါက်ပြေးလာ၏။ သံကွင်းများလည်း အဆင်သင့်ရှိနေသဖြင့် မီးကွင်းခုန်ခိုင်းဖို့ပဲ ပြင်ဆင်လိုက်သည်။ ကြိမ်လုံးမှာ အဝတ်ပတ် ဓာတ်ဆီလောင်းပြီး မီးရှို့လိုက်၏။ ပြီးတော့ ကြိမ်လုံးသံ ပေးလိုက်သည်။

'ကဲ… ဘက်ခမ်း ဘာလုပ်ရမလဲဆိုတာ သိတယ်နော်'

'ဝုတ်… ဝုတ်'

'ကိုင်း… နားလည်ရင် လုပ်… Go'

ဘက်ခမ်း ခြံပတ်ပြီး ပြေးရင်း အရှိန်ယူသည်။ ပြီးတော့ မီးကွင်းသုံးကွင်းကို လှလှပပ ခုန်ဝင်ကျော်ဖြတ်ပြ၏။ ဗညား အံ့သြသွားသည်။



'ဟာ… ဒီလောက်ဆို မဆိုးဘူးကွ၊ ခုတော့ ဟုတ်နေတာပဲ၊ ပြိုင်ပွဲမှာ လူတွေကြောက်ပြီး မလုပ်ရင်တော့ မပြောတတ်ဘူး'

'မီးကွင်းခုန်တာ ရမယ်၊ ပတက်ရပ်ပြီး လမ်းလျှောက်တာရမယ်၊ မိကျောင်းတွား တွားသွားတာ ရမယ်ကွာ'

'တန်းလျှောက်တာနဲ့ အမြင့်ခုန်တာပဲ ကျန်တာပေါ့'

'အေး… အဲဒါလည်း ဒီရက်ထဲ လုပ်ခိုင်းမှာ'

'ကောင်းတယ်၊ ကဲရီးအွန်… ကဲ ဒါဆို ငါသွားမယ်၊ အဲလိဇဘက်အတွက် dog food ကုန်နေလို့ ထွက်ဝယ်ရင်း ဝင်လာတာကွ'

'ဟုတ်လား၊ dog food တွေကလည်း ဈေးကြီးတယ်နော်၊ ရှိုင်ရယ်ကန်နေးဆို ဈေးတောင်မမေးရဲတော့ဘူး'

'အဲဒါမကျွေးဘဲ ကက်စတိုပြောင်းကျွေးလေကွာ၊ နှစ်သောင်းကျော်ဆိုတော့ မဆိုးပါဘူး'

'ဟာ… ဘက်ခမ်းက မကြိုက်ဘူးကွ၊ မစားဘူး'

'အမလေး… ဂျာမန်အင်ပို့ ပီသနေလိုက်တာ၊ ဖင်ခေါင်းကလည်းကျယ်ပါ့'

'အေး… အဲလိုပြောရမလိုဖြစ်နေပြီကွ'

'ကဲ… လစ်မယ်'

'အေး… အရေးကြီးရင် ဖုန်းဆက်'

ဗညားခေါင်းညိတ်ပြပြီး ကားမောင်းထွက်သွား၏။ ဘက်ခမ်းက နှုတ်ဆက်သလိုမျိုး ကားကို ထိုးဟောင်လိုက်သည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

ကုန်တိုက်ကြီး၏ ပြိုင်ပွဲပြပွဲ ကျင်းပရန် သီးသန့်ထားသော ခန်းမကြီးအတွင်း လူများခွေးများနှင့် ပြည့်နှက်နေ၏။ လူများကလည်း သုံးနိုင်စွဲနိုင်သော သူဌေးများက အများစုဖြစ်သလို ခွေးများကလည်း လစဉ် သားမန်မိသားစုတစ်စု ဝင်ငွေလောက်ကို စားသောက်ဖိမ်ခံနေသော ခွေးများဖြစ်သည်။ လူတို့ဘာသာဗေဒ အသုံးပြုပြောဆိုသံများ ညံနေသလို သုနက္ခဗေဒ အသံများလည်း ဆူညံနေ၏။

ကျွန်တော်နှင့်ဗညားလည်း ဘက်ခမ်းနှင့် အဲလိဇဘက်ကိုဆွဲ၍ ခန်းမအတွင်း ဝင်လာကြသည်။ ပြိုင်ပွဲကျင်းပရေးကော်မတီတွင် အကြောင်းကြား၏။ ကော်မတီက ပြိုင်ဝင်ပွဲနံပါတ်ပြားများ ထုတ်ပေးသည်။ ဘက်ခမ်းနှင့် အဲလိဇဘက်နှစ်ကောင်လုံးကို အလှနှင့် အလိမ္မာ ပြိုင်ပွဲနှစ်မျိုးလုံး ဝင်ပြိုင်ဖို့ စာရင်းသွင်းထားပြီးသားဖြစ်၏။

ပြိုင်ပွဲစဖို့ အချိန်လိုသေးသဖြင့် နားနေရန် ခုံများတွင် နေရာယူလိုက်ကြသည်။ ခန်းမထဲတွင် ခွေးအချင်းချင်း ရန်စောင်မာန်ဖီသံ နှုတ်ဆက်သံများနှင့် တဝေါင်းဝေါင်း တဝုတ်ဝုတ် ညံနေသည်။

ကျွန်တော့်ခုံဘေးတွင် စိန်တွေပလက်တီနမ်တွေနှင့် တစ်ကိုယ်လုံး လေးလံအောင် အလှဆင်ထားသော အန်တီကြီးတစ်ယောက် ထိုင်နေ၏။ သူ့အကြည့်က ဘက်ခမ်းထံသို့ ရောက်နေသည်။



'ဒီကောင်လေးက ဂျာမန်အင်ပို့မဟုတ်လား'

'ဟုတ်ပါတယ် အန်တီ'

'ချောလိုက်တာကွယ်၊ ဒေါင်လည်းကောင်း၊ အမွေးအမျှင်ကလည်း လှနဲ့၊ တကယ့်မျိုးကောင်းပဲကိုး'

'ဟုတ်ပါတယ် အန်တီ'

'နာမည် ဘယ်လိုခေါ်လဲ'

'တင့်တယ်တိုးပါ'

'ဟယ်… ဘယ်လိုကြီးလဲ၊ အင်္ဂလိပ်နာမည် လှလှလေး ပေးတာ မဟုတ်ဘူး၊ အန်တီ့ခွေးမလေးဆို စင်သီယာလို့ ပေးထားတာ'

'ဗျာ… အဲ… ခွေး၊ ခွေးကို မေးတာလား၊ ကျွန်တော်က ကျွန်တော့်နာမည် မေးတယ်မှတ်လို့'

'ဟား… ဟား… ဟား… ဟား'

အန်တီကြီးနှင့် ဗညားတို့က ဟက်ဟက်ပက်ပက် ရယ်ကြတော့ ကျွန်တော် နည်းနည်းရှက်သွား၏။ ဗညားက ဝင်ဖောသည်။

'ဒီကောင်ကြီးက ဘက်ခမ်းတဲ့၊ ကျွန်တော့် တယ်ရီယာလေးက အဲလိဇဘက်တဲ့ အန်တီရဲ့'

'ဩော်… ဒီလိုလား၊ သိပါဘူးကွယ်၊ ဆောရီးနော်၊ ဟင်း… ဟင်း'

'ရပါတယ်ဗျာ၊ လူနှစ်ယောက်ထဲမှာ ကျွန်တော်က ဗညား၊ သူက တင့်တယ်တိုးပါ'

'ဟင်း… ဟင်း… လူနာမည်တွေကလည်း အမိုက်စားပါပဲကွယ်၊ အန်တီ့နာမည်က မော်မော်စိန်ပါ'

'ဟုတ်ကဲ့၊ သိရတာ ဝမ်းသာပါတယ်ဗျာ၊ ဒါနဲ့ အန်တီကော ပြိုင်ပွဲဝင်ဖို့ပဲလား'

'ဟုတ်တယ်လေ၊ သမီး ပါလာတယ်၊ စင်သီယာကို စာရင်းသွင်းဖို့ ထွက်သွားတာ၊ ဟော… ဟော… ဟိုမှာ လာပြီ၊ သမီး

www.burmeseclassic.com

www.burmeseclassic.com



နာမည်က တွယ်တာတိုးစု၊ ခွေးမလေးက စင်သီယာ သေချာလည်း မှတ်ထားကြဦး'

စကားများပြီး ဖော်ရွေလွန်းသော အန်တီစိန်ကြောင့် ကျွန်တော်တို့ ခဏအတွင်းမှာပင် ရင်းနှီးသွားကြ၏။ အန်တီစိန် ညွှန်ပြရာသို့ လှမ်းကြည့်လိုက်ကြသော ကျွန်တော်နှင့်ဗညား မှင်တက်သွားရသည်။ တွယ်တာတိုးစုက လူမချောလေးဖြစ်သလို စင်သီယာကလည်း ခွေးမချောလေးဖြစ်၏။ တွယ်တာတိုးစု ချောပုံက အပြစ်ရှာစရာမရှိလောက်အောင်ပင်ဖြစ်သည်။

ကျွန်တော် ပတ်ဝန်းကျင်ကိုလည်းကောင်း၊ ဘက်ခမ်းကိုလည်းကောင်း၊ ဗညားနှင့် အန်တီစိန်ကိုလည်းကောင်း လုံးဝဥသုံမေ့သွား၏။ တွယ်တာတိုးစု၏ အလှကွန်ယက်တွင် မိနေသော ငါးတစ်ကောင်လို ဖြစ်နေသည်။ လျှောက်လှမ်းလာပုံကလည်း ယဉ်စစနှင့် မော်ဒယ်မကဲ့သို့ ကြွရွနေလေ၏။ ကျွန်တော့်အဖြစ်ကို ရိပ်မိသော ဗညားက တံတောင်နှင့်တွက်သည်။

အန်တီစိန်က ကျွန်တော်တို့အဖြစ်ကို အကဲခတ်မိဟန်တူသည်။ သမီးအလှအတွက် မော်ပြုံးလေးပြုံး၏။ ထိုအခိုက် တွယ်တာတိုးစုနှင့် စင်သီယာတို့အနား ရောက်လာသည်။ ဘက်ခမ်းက စင်သီယာကို မြင်သည်နှင့် မရိုးမရွဖြစ်လာ၏။ ကျွန်တော် ဘက်ခမ်း၏လည်ပတ်ကြိုးထဲ လက်သွင်းပြီး အတင်းဆွဲထားရသည်။

တွယ်တာတိုးစုက ကျွန်တော်တို့ကို တစ်ချက်ဝေ့ကြည့်ပြီး သူ့အမေဘေးတွင် ဝင်ထိုင်၏။ အန်တီစိန်က ဘက်ခမ်းကို ညွှန်ပြရင်း...

'သမီးရေ စင်သီယာ့အတွက် သတို့သားလောင်းတွေ့ပြီ သိလား'

'ဟင်... မာမီကလည်း'

'ဟဲ့... အဲဒါက ဘာဖြစ်ရတာလဲ၊ ဟိုမှာကြည့်လိုက်ဦး၊



ဘယ်လောက်ချော ဘယ်လောက်ခန့်သလဲဆိုတာ၊ အသွေးအမွေးကို ကြည့်ဦး၊ ဂျာမန်အင်ပို့အစစ်'

တွယ်တာတိုးစု အကြည့်က ကျွန်တော့်ကို ခလုတ်တိုက်ပြီးမှ ဘက်ခမ်းထံ ရောက်သွား၏။

ဘက်ခမ်းကို ချစ်ခင်စွာကြည့်သည်။

'ဟုတ်တယ်နော်၊ ဒါမျိုးမှ စင်သီယာရဲ့ အဖော်ဖြစ်မှာ'

'ဟင်း... ဟင်း... သဘောကျသွားပြီ မဟုတ်လား'

'ဟုတ်တယ် မာမီ'

'ဒီမယ် နှုတ်ဆက်လိုက်ဦး၊ သူ့သခင်က တင့်တယ်တိုးတဲ့'

'ဪ... ဟုတ်ကဲ့'

'တွယ်တာကော စင်သီယာ့ကို ထရိန်နင်တော်တော်ပေးထားလား'

'အဟင်း... မလုပ်ဖြစ်ပါဘူး၊ စင်သီယာ့ကို အလှပြိုင်ပွဲပဲ ဝင်ပြိုင်မှာ'

'ဪ'

'ကဲ... သမီး၊ ပြိုင်ပွဲပြီးရင် မောင်တင့်တယ်တို့... အမလေး ကွယ်၊ မင်းနာမည်ခေါ်ရတာလည်း မင်းမဟာဂီရိပင့်ရသလိုပါပဲလား ကွယ်'

'ဟုတ်တယ် အန်တီစိန်ရေ၊ ဒီကောင့်ကို မောင်တိုးလို့ခေါ်တာ၊ အပြစ်လွတ်မယ် သိလား၊ ဟား... ဟား... ဟား... ဟား'

ဗညား၏အပြောကြောင့် အန်တီစိန်နှင့်တွယ်တာတို့ သည်းသည်းလှုပ် ရယ်ကြသည်။

'ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကဲ... သမီး ပြိုင်ပွဲပြီးရင် မောင်တိုးတို့ လိပ်စာတွေ ဖုန်းနံပါတ်တွေ ယူထားလိုက်နော်၊ စင်သီယာရဲ့ ခင်ပွန်းလောင်းကို အဆက်အသွယ်မပြတ်ရအောင်လို့လေ'

'ဟုတ်ကဲ့ပါ မာမီ'

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ကော်မတီက ပြိုင်ပွဲစမည်ဟု ကြေညာလိုက်၏။ ကျွန်တော် ဘက်ခမ်းကိုဆွဲပြီး ထလိုက်သလို တွယ်တာလည်း စင်သီယာ့ကို ခေါင်းပုတ်ပြီး အသင့်ပြင်လိုက်သည်။ ပြိုင်ပွဲတွင် စိန့်ဗားနတ်၊ ဂျာမန်သိုးထိန်းခွေး(အယ်ဇေးရှင်း)၊ ဂရိတ်ဒိန်း တယ်ရီယာ၊ ပူဒေါ၊ ချီဟွာဟွာတို့ ပါဝင်သော်လည်း အယ်ဇေးရှင်းက အများဆုံး ပါဝင်နေသဖြင့် ယှဉ်ပြိုင်မှုကိုလည်း အယ်ဇေးရှင်းများနှင့်ပင် စလိုက်ကြသည်။

ဦးစွာ ခွေးများနှင့် သခင်များတွဲ၍ ပြိုင်ပွဲကွက်လပ်တွင် လမ်းလျှောက်အလှပြကြရသည်။ ပြိုင်ပွဲအယ်ဇေးရှင်း ခြောက်ကောင်ရှိ၏။

ဦးစွာပထမ ခွေးများတစ်ကောင်ချင်း လမ်းလျှောက်နိုင်းပြေးနိုင်းသည်။ ကျွန်တော် ဘက်ခမ်းလည်ပတ်မှ ကြိုးကိုဖြုတ်ပြီး လုပ်နိုင်းခဲ့ခြင်းဖြစ်၏။ ပြေးတာ လျှောက်တာလောက်တော့ ဘက်ခမ်းက အေးဆေးပါ။

နောက် ယှဉ်ပြိုင်မှုတစ်ခုက ဝပ်နေလျက် အနေအထားမှ နောက်ခြေကို အားပြု၍ မိကျောင်းတွားသွားပြရခြင်းဖြစ်သည်။ စင်သီယာက အရင်ပြိုင်ရသည်။ စင်သီယာ ထရိန်နင်ပြည့်ဝပုံမရ။ လမ်းတစ်ဝက်မှာတင် ခြေစုံရပ်လိုက်သဖြင့် ဆက်ပြိုင်ခွင့်မရတော့ချေ။

နောက်တစ်ကောင်က ဗန်ဒိန်းတဲ့၊ သူကတော့ ဆုံးခန်းတိုင်အောင် ပြိုင်သွားနိုင်ခဲ့သည်။ ပြီးမှ ဘက်ခမ်းအလှည့်ရောက်၏။ ကျွန်တော် ဘက်ခမ်းကို dog food နည်းနည်းကျွေးလိုက်သည်။

'ဘက်ခမ်း ကြိုးစားလိုက်စမ်းပါကွာနော်၊ ပြီးရင် မင်းကြိုက်တဲ့ dog food အဝကျွေးမယ် သိလား'

'အု··· ဝု'

ဘက်ခမ်းက နားလည်ဟန်နှင့် တအုအု အသံပြုရှာသည်။ ကျွန်တော် တာလွှတ်မည့်နေရာတွင် ဘက်ခမ်းအား ဝပ်ခိုင်းလိုက်ပြီး



ပန်းဝင်မည့်နေရာသို့ သွားထိုင်စောင့်သည်။ ကျွန်တော် လက်ခေါက်မှုတ်လိုက်သည်နှင့် ဘက်ခမ်းက ဖင်ထောင်ပြီး ရှေ့လက်ကို ကြမ်းပြင်မှ မကြွစေဘဲ မိကျောင်းတွားသွားကာ ပြိုင်ပွဲဝင်တော့၏။

ဖင်လေး ရမ်းတမ်း ရမ်းတမ်းနှင့် လက်ကို အားပြုပြီး ကြိုးစားနေပုံက ချစ်စရာပင်ကောင်းသေးတော့။ ဘက်ခမ်းက dog food မျှော်လင့်ချက်များနှင့် အစွမ်းကုန် လုပ်ပြနေရှာသည်။ ဘက်ခမ်းက ကျွန်တော့်မျှော်လင့်ချက်များကို ရေးလောင်းပေးသလို ဖြည့်ဆည်းပေး၏။

သူပြိုင်ပွဲဝင် စည်းကမ်းအတိုင်း ပန်းဝင်လာခဲ့သည်။ ပရိသတ်များထံမှ လက်ခုပ်သံများ တစ်ခဲနက်ကြားလိုက်ရသဖြင့် ကျွန်တော် အတော်ဝမ်းသာသွားမိ၏။

နောက်ပွဲစဉ်တစ်ခုပြိုင်ရန် အလှည့်မကျသေးခင် ဘက်ခမ်းအား အမောပြေရေတိုက်ပြီး သီးသန့်ပြုလုပ်ထားသော သဲကျင်းတွင် ရှူးရှူးတည်ရသည်။ တခြားခွေတွေ ပြိုင်တာကို အားပေးရင်း ကျွန်တော် တွယ်တာ့ကို ခိုးကြည့်နေမိ၏။ တွယ်တာ လှမ်းအကြည့် သူခိုးမျက်စိလူမိသွားသဖြင့် ကျွန်တော် ရှက်ရယ်ရယ်ပြလိုက်သည်။ တွယ်တာက စင်သီယာ့ကိုဆွဲရင်း ကျွန်တော့်နား ရောက်လာသည်။

'ကိုတိုး··· အဟင်း··· အိမ်တွင်းနတ်ကိုခေါ်ရသလို ဖြစ်နေမှာစိုးလို့ ကိုတိုးလို့ခေါ်တာနော်'

'ရပါတယ် တွယ်တာရယ်၊ ဘယ်လိုခေါ်ခေါ်ပါ'

'ဘက်ခမ်းကို ကောင်းကောင်းမောင်းထားတာပဲနော်၊ သူ ပြိုင်ပွဲဝင်တာ သိပ်ကြည့်လို့ကောင်းတာပဲ'

'ဟုတ်တယ် တွယ်တာ၊ ကျွန်တော် သူ့ကို နှစ်လလောက် မောင်းထားတာ'

'စင်သီယာကတော့ သွားပါပြီ၊ သူက အလှပြိုင်ပွဲရလဒ်ကိုပဲ မျှော်ရတော့မှာ'

www.burmeseclassic.com

www.burmeseclassic.com



‘အားမလျှော့ပါနဲ့၊ နောက်နှစ်ပွဲမှာ ထရိန်နာငှားပြီးကျင့်ရင် ဖြစ်ပါတယ်၊ သူလည်း တွားတာပဲဟာ၊ သူကော ဂျာမန်ပဲလား’

‘မဟုတ်ဘူး ကိုတိုး၊ အော်စီ’

‘သြော်… ဒါပေမဲ့ လှသားပဲ၊ သားကော ပေါက်ပြီးပြီလား’

‘ဟင့်အင်း’

ထိုမေးခွန်းကို သိပ်မဖြေချင်ဟန်နှင့် ပြိုင်ပွဲသို့ အာရုံစိုက်နေသဖြင့် ကျွန်တော်လည်း အလိုက်တသိ ငြိမ်နေလိုက်၏။ မကြာမီ ဘက်ခမ်း အလှည့်သို့ ရောက်လာသည်။

‘ကဲ… ခွင့်ပြုဦး တွယ်တာ၊ ကျွန်တော်တို့ ဝင်ပြိုင်လိုက်ဦးမယ်’

ခုတစ်ခါတော့ သစ်သားတန်းလမ်းလျှောက်ပြီး မီးကွင်းခုန်တာကို တဆက်တည်း လုပ်ရမည်ဖြစ်၏။ ကြမ်းပြင်မှ နှစ်ပေခွဲအမြင့် စင်တွင် လေးပတ်လည် ဆယ့်နှစ်ပေတန်း တစ်တန်း ငြိမ်အောင် တင်ထားသည်။ ထိုတန်းပေါ် ဖြတ်လျှောက်ပြရမည်မို့ ကျွန်တော် ဘက်ခမ်းကို စင်ပေါ်တင်ပြီး တန်းအဆုံးမှ သွားစောင့်နေလိုက်၏။

ပြိုင်ပွဲကော်မတီမှ အချက်ပေးတော့ ကျွန်တော် ဘက်ခမ်းအား လေချွန်၍ ခေါ်လိုက်သည်။ ဘက်ခမ်းက ကျွန်တော့်ကိုတစ်လှည့် တန်းကိုတစ်လှည့်ကြည့်ပြီး တန်းပေါ် ခပ်သွက်သွက်ဖြတ်လျှောက်လာသည်။ ဒီကောင်လျှောက်လာပုံက Cat Walk လျှောက်နေသော မော်ဒယ်တစ်ယောက်လို ကြည့်ကောင်းနေ၏။ ဘက်ခမ်းတန်းဆုံးသည်အထိ ပြုတ်မကျဘဲ လျှောက်လာနိုင်သည်။ ကျွန်တော် ဒီကောင့်ကို ပွေ့ချီပြီး ဖက်နမ်းလိုက်မိ၏။

‘တော်လိုက်တာ သားကြီးရာ၊ ကျေးဇူးတင်တယ် သိလား၊ ရော့… အားရှိအောင် စားလိုက်ဦး’

ပြိုင်ပွဲကော်မတီက မီးကွင်းများ ပြင်ဆင်နေစဉ် ဘက်ခမ်းကို အစာကျွေးထားရသည်။ တိရစ္ဆာန်ဆိုပေမယ့် နိုင်းတာကို လုပ်ပြီးလျှင်



အစာစားရမည်ကို သိနေ၏။ မကျွေးလျှင်တော့ ထပ်ခိုင်း၍ရမည် မထင်။ မီးကွင်းသုံးကွင်း အဆင်သင့်ဖြစ်တော့ ပြိုင်ပွဲဝင်များ တစ်ကောင်ပြီးတစ်ကောင် ခုန်ဝင်ကြ၏။ ကျွန်တော် ဘက်ခမ်းအတွက် စိတ်ပူသော်လည်း အောင်မြင်စွာ လုပ်နိုင်ခဲ့၍ စိတ်အေးဝမ်းသာပျော်ရွှင်ရသည်။

နောက်ဆုံးအနေနှင့် တန်းခုန်ပြိုင်ပွဲ၊ အမြင့်ခုန်ပြိုင်ပွဲတို့သာ ကျန်တော့သည်။ လူတွေပြိုင်ကြသလိုမျိုး တန်းကျော်ပြေးပွဲနှင့် ခုနစ်ပေအမြင့်ရှိသော သစ်သားနံရံကို ခုန်တက်ပြရသည့်ပွဲဖြစ်သည်။

ဘက်ခမ်းက တန်းကျော်ပြေးပွဲကို အလွယ်တကူကျော်ဖြတ်နိုင်ခဲ့သော်လည်း အမြင့်ခုန်မှာ နှစ်ကြိမ်ပြန်လုပ်ခဲ့ရသည်။ ဘာပဲပြောပြော ဒီလောက်ဆိုလျှင်ပဲ ကျွန်တော် ကျေနပ်ပြီ။ ဆုတစ်ခုခုတော့ ရမည်ဟု ယုံကြည်သွားလိုက်၏။

အယ်ဖေးရှင်းတွေ ပြီးသွားတော့ ဗညားတို့ တယ်ရီယာနှင့် ပူဒေါ်ခွေးများအလှည့်ဖြစ်သည်။ ကျွန်တော် ဘက်ခမ်းကို အစာကျွေးရင်း နားနေခိုက် အန်တီကြီးနှင့် တွယ်တာ ရောက်လာပြီး တစ်ခုခုထွက်စားကြရန် ခေါ်သည်။

အပြင်ဘက်မှ ခါတော်မိဆိုင်တန်းများတွင်ထိုင်ရင်း အဆာပြေ စားသောက်ကြ၏။ စားရင်းသောက်ရင်း အန်တီစိန် စပ်စုသမျှ ဖြေရသေးသည်။ မိသားစုအကြောင်း ခွေးအကြောင်း အဖော်များများ စပ်စုပြီးမှ လိုရင်းစကားကို ပြောတော့သည်။

‘ကဲ… ရှေ့လျှောက်ကိစ္စတွေ ရှိလာဦးမှာဆိုတော့ မောင်တိုးတို့ လိပ်စာနဲ့ ဖုန်းနံပါတ်ပေးကွယ်၊ အန်တီလည်း ပေးမယ်’

‘ဟုတ်ကဲ့’

လိပ်စာနှင့်ဖုန်းနံပါတ်များ အပြန်အလှန်လဲပြီးတော့ ကျွန်တော် ဖြုံသွား၏။ တွယ်တာတို့က ဝင်ဒါမီယာထဲက သံလွင်လမ်းတွင် နေကြသည်ကိုး။

www.burmeseclassic.com

www.burmeseclassic.com



'တစ်မျိုးတော့ မယင်နဲ့ မောင်တိုး၊ အန်တီက ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်တယ်၊ သမီးလေး စင်သီယာကို မောင်တိုးရဲ့ ဘက်ခမ်းနဲ့ မျိုးစပ်ချင်တယ်ကွယ်၊ ပြီးခဲ့တဲ့ ရာသီက အော်စီအင်ပို့ တစ်ကောင်နဲ့ စပ်ကြည့်သေးတယ်၊ ဗီးမတင်ဘူး၊ ပျက်ကျသွားတယ်'

'သြော်... ဟုတ်ကဲ့'

ကျွန်တော်နှင့် အန်တီစိန် သားရေး သမီးရေး ခွေးစကားပြောတော့ တွယ်တာ မျက်နှာရဲပြီး ခေါင်းငုံ့နေ၏။ ဒါတော့ ကျွန်တော်လည်းမတတ်နိုင်။ သူ့အမေ ကိုယ်တိုင်ပြောနေခြင်းမဟုတ်လား။

'အဲဒါ မောင်တိုးအားတဲ့ရက် အိမ်ကိုတစ်ခေါက်လောက်လာခဲ့ဦးလေ၊ လာမယ်ဆိုရင် ကြိုပြီးဒိတ်လုပ်'

'ဟုတ်ကဲ့ အန်တီစိန်'

'ဟိုတုန်းက အော်စီနဲ့သားပေါက်တာတောင် သုံးသိန်းပေးရတယ်ကွဲ့၊ ဘက်ခမ်းက ဂျာမန်အစစ်ဆိုတော့ ငါးသိန်းယူလိုက်ကွယ်၊ ဒါပေမဲ့ ဗီးရှိတဲ့အထိနော် သိလား'

'သြော်... ဟုတ်ကဲ့ပါ အန်တီ၊ ကျွန်တော်လည်း သားကြီးအတွက် အဖော်ကောင်းရှာနေတာပါ'

'အေးကွယ်၊ ကျေးဇူးပါပဲ'

ခွေးစကားပြောပြီးတော့ လူစကားဆက်ပြောကြ၏။

'ဒါဆို မောင်တိုးတို့က အိမ်မှာပဲ စပီကင်သင်တန်းဖွင့်ထားတာပေါ့'

'ဟုတ်ကဲ့'

'ကထိက ဦးဝေယံတိုးဆိုတာတော့ ကြားဖူးပါတယ်ကွယ်၊ တူလေးတစ်ယောက်က ယူအက်အယ် တက်နေတာလေ'

'သြော်... ဟုတ်လား၊ နာမည်လေးပြောလိုက်လေ၊ အဖေ့ကို ကျွန်တော် ပြောလိုက်ပါ့မယ်'

'ရာဇာဝင်းမြင့်တဲ့၊ စကင်းန်းရီယား ပြင်သစ်'



'ဟုတ်ကဲ့၊ ကျွန်တော် မှတ်ထားပါ့မယ်၊ ဒါနဲ့ တွယ်တာကော'

'ကွန်ပျူတာ ဖိုင်နယ်လေ၊ ကိုတိုးရဲ့ ကဲ... ကဲ... ပြိုင်ပွဲပြီးတော့မှာ ဆုပေးတာ၊ မမီတော့ဘဲ နေဦးမယ်'

တွယ်တာ စကားဖြတ်လိုက်သဖြင့် ကျွန်တော် ပိုက်ဆံရှင်းလိုက်သည်။ ရင်ထဲမှာတော့ ဘက်ခမ်းအတွက် ပျော်နေမိ၏။ ဒီကောင်ကြီး မိန်းမလည်းရဦးမည်၊ ပိုက်ဆံငါးသိန်းလည်း ရဦးမည်ဆိုတော့ ကျေနပ်စရာပဲ မဟုတ်လား၊ အဟင်း... ရှိုင်ရယ်ကင်(န်)နေး ဘယ်လောက်ဈေးကြီးကြီး ဝယ်ကျွေးပစ်လိုက်မည်ဟု ဒ်တ်ဆုံးဖြတ်လိုက်တော့သည်။

ထိုနေ့ ပြိုင်ပွဲတွင် ဘက်ခမ်းက အလှပြိုင်ပွဲတွင် ဒုတိယဆုရပြီး အလိမ္မာပြိုင်ပွဲတွင် တတိယရခဲ့၏။ ဗညား၏ အဲလီဇဘက်က အလိမ္မာတွင် ဒုတိယရခဲ့ပြီး တွယ်တာ၏ စင်သီယာကတော့ အလှတွင် တတိယရခဲ့သည်။

တွယ်တာနှင့် အန်တီစိန့်ကို လာကြိုသောကားက လင့်ခရဇာဆိုက်ဂနက်(စ်)ကားကြီးဖြစ်နေ၍ သူတို့၏ ကြွယ်ဝမှုကို နည်းနည်းတော့ လန့်သွားမိ၏။

အန်တီကြီးက လက်ပြနှုတ်ဆက်သွားသေးသည်။ ကျွန်တော်က အန်တီ့ကိုကျော်ပြီး တွယ်တာ့အား မြင်ရသလောက် လှမ်းကြည့်နေမိ၏။

'ဟော့ကောင်... ဘက်ခမ်း သွားရည်ကျဖို့လည်း ထားပါဦးကွာ'

'ဟာ... ဗညားကလည်းကွာ၊ ပြောတော့မယ်'

'ပြောရမယ်လေ၊ ဟိုက စင်သီယာ့အတွက်ပဲ ဘက်ခမ်းကို အလိုရှိတာလေ၊ မင်းကို dog boy လို့ပဲ သဘောထားတာ၊ ပြီးတော့ အဆင့်အတန်းကလည်း ဝေးတယ်နော်'

'ဝေးဝေးကွာ၊ ငါတော့ ဟတ်ထိသွားပြီ'

www.burmeseclassic.com

www.burmeseclassic.com



'အင်း… ရောဂါ၊ ရောဂါ၊ ကိုင်း… ကိုင်း ပြန်ကြစို့၊ ချွေး တွေလည်း ပန်းလှပြီ၊ နားချင်နေကြပြီ'

'အေးပါကွာ၊ ကဲ… လစ်စို့၊ နောက်မှဆုံမယ် ဗညား'

ကျွန်တော်က ပါပလေကာကားဆီ ဘက်ခမ်းကို ဆွဲခေါ်လာသလို ဗညားကလည်း သူ၏ ဂျစ်ပုလေးဆီသို့ အဲလိဇဘက်ကိုခေါ်သွား၏။ ကျွန်တော်နှင့်ဘက်ခမ်း၏ အပြန်ခရီးက အောင်မြင်မှုများနှင့် လတ်ဆတ်ရွှန်းပနေခဲ့သည်။

❒ ❒ ❒

## အခန်း(၃)

ဖေဖေက မယုံနိုင်သလို အံ့အားတသင့်နှင့် ဘက်ခမ်း၏ ခေါင်းကို ပွတ်သပ်ရင်း ထပ်မေး၏။

'ဘက်ခမ်းက ဆုနှစ်ဆုရတယ် ဟုတ်လား သား'

'ဟုတ်တယ် ဖေဖေရ၊ အလှမှာ ဒုတိယ၊ အလိမ္မာမှာ တတိယနဲ့ စုစုပေါင်း ဆုငွေသုံးသိန်းရခဲ့တာ'

'ဟား… တယ်ဟုတ်ပါလား ဘက်ခမ်းရာ၊ တော်တယ်ကွာ'

'ဒါတင်ကမလား ကိုဝေရဲ့၊ ရှင့်သားက စုတ်ကောလာဘ်ကော ဝင်ဦးမှာ'

'ဟေ… ဘယ်သားလဲ၊ တင့်တယ်တိုးလား၊ ဘက်ခမ်းလား၊ ရှင်းရှင်းပြောကွာ'

'ဟာ… လုပ်ပြီ ဖေဖေရာ၊ ဒီကောင် ဒီကောင်ကြီး မိန်းမရမှာကိုပြောတာ၊ သားဖောက်ခ ငါးသိန်းပေးမယ်တဲ့၊ ဝင်ဒါမီယာထဲက သူဌေးတစ်ယောက်ပေါ့'

'ဟုတ်လှချည်လားကွာ၊ ကောင်းတာပေါ့ကွ၊ ဒီကောင်လည်း အရွယ်ရောက်နေပြီပဲဟာ'

'ဟုတ်တယ် ဖေဖေ၊ ဒီပြိုင်ပွဲကြောင့် ဘက်ခမ်းအတွက် အားလုံးအဆင်ပြေသွားခဲ့တာ'

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းတယ်၊ သူ ဆုရတဲ့ငွေနဲ့ သူ့အတွက် လိုတာတွေ ဖြန့်ဝယ်ပေးလိုက်ပါကွာ'

'ကျွန်မလည်း အဲဒါပဲ ပြောနေတာ၊ ဟိုနေ့ကပဲ ကြက်ရိုးတွေ ပြုတ်ကျွေးမိလို့ စိတ်မကောင်းဖြစ်နေကြတာလေ'

'စိတ်ချ ဖေဖေ၊ သား ဒီကောင့်အတွက် dog food နဲ့ အားဆေးတွေ အလုံအလောက် ဝယ်ထားလိုက်မယ်'

'လုပ်လုပ်၊ အဆင်ပြေအောင်လုပ်ပေးလိုက်၊ ကဲ··· အမေကြီးကိုယ်တို့လည်း ထမင်းစားကြရအောင်'

ထမင်းဝိုင်းရောက်သွားတော့ စကားလမ်းကြောင်းတစ်မျိုးပြောင်းသွား၏။ ဖေဖေက ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်ရင်း···

'ငါ့သားကော အစိုးရအလုပ်ဝင်မလား၊ ရှေ့ရေးဘယ်လိုစီစဉ်မလဲ'

'အခုအတိုင်းပဲ ကောင်းပါတယ် ဖေဖေ၊ သင်တန်းကလည်း ဝန်ထမ်းထက်စာရင် အများကြီး လွတ်လပ်တယ်၊ ဝင်ငွေလည်းသာတယ်လေ

'ဒါတော့ ဒါပေါ့ သားရယ်၊ ဒါပေမဲ့ မင်းအဖေရော အမေပါ ကျောင်းဆရာဘဝနဲ့ အရိုးထုတ်လာခဲ့ကြတာလေ၊ မေမေ့ကိုပဲကြည့်၊ ကျန်းမာရေးသိပ်မကောင်းလို့ ဆေးပင်စင်နဲ့ စောစောနားခဲ့ရတာ မဟုတ်လား၊ သားကိုလည်း အဲသလိုမဖြစ်စေချင်ဘူး၊ စီးပွားရေးတစ်ခုခုလုပ်စေချင်တယ်'

'အင်း··· စီးပွားရေးလုပ်ဖို့ဆိုတာကလည်း ငွေအရင်းတောင့်မှဖြစ်မှာလေ အမေကြီးရဲ့၊ သိန်းတစ်ရာလောက်နဲ့ဆိုရင်တောင် ဘာမှလုပ်လို့မရဘူးမဟုတ်လား'

'ဟုတ်တယ် ဖေဖေ၊ အရင်းအနှီးတောင့်ဖို့လိုသလို အကွက်မြင်ပြီး ဝါသနာကလည်း ပါဦးမှ၊ သားတော့ စာသင်တာကိုပဲ ဝါသနာပါတယ်'



ဖေဖေနှင့်မေမေ တစ်ယောက်ကိုတစ်ယောက် ကြည့်ကြ၏။ မေမေ မျက်နှာက သိပ်မကြည်လင်ချင်။ ဖေဖေက သက်ပြင်းချရင်း

'အင်း··· ချောင်းရိုးမြောင်းရိုးသာ တိမ်ကောမယ်၊ မျိုးရိုးမတိမ်ကောဘူးဆိုတဲ့အတိုင်းပါပဲလား၊ ဒီအလုပ်နဲ့ သား အနာဂတ်လှမယ်လို့ ယုံကြည်တယ်ပေါ့ ဟုတ်လား'

'ဟုတ်ကဲ့ ဖေဖေ၊ စပီကင်အပြင် ဆယ်တန်းစာသင်စာကျက်ဝိုင်းပါတွဲလိုက်ရင်တော့ အဆင်ပြေသွားမှာပါ၊ ဖေဖေ မေမေတို့ ဂုဏ်သိက္ခာတွေကလည်း အဲဒီလုပ်ငန်းအတွက် အထောက်အကူဖြစ်ပါတယ်'

'ကောင်းတယ် သား၊ ဒါဆို ဘာလိုအပ်လဲ'

'ခြံထဲမှာ မြေလွတ်ရှိနေသေးတာပဲ၊ စာသင်ဆောင်တစ်ခု ထပ်ပြီးတိုးချဲ့လိုက်မယ်လေ၊ ဒါပဲလိုတာပါ'

'အင်း··· ဒီလောက်ကတော့ ဖေဖေတို့ ဖြည့်ဆည်းပေးနိုင်ပါတယ်၊ သားသာ အောင်မြင်အောင်လုပ်'

'ဟုတ်ကဲ့၊ စိတ်ချပါ ဖေဖေ'

အားလုံး ထမင်းကို လက်စသတ်လိုက်သည့်အခိုက်မှာပဲ မေမေက ထင်မှတ်မထားသော မေးခွန်းကို မေး၏။

'ငါ့သား အိမ်ထောင်ရေးကော စဉ်းစားနေပြီလား၊ ချစ်သူတွေဘာတွေတွေ့ပြီလား'

'အဟင်း··· မတွေ့သေးပါဘူး မေမေရယ်၊ တော်တော်ဝေးဝေးလိုပါသေးတယ်'

'အင်း··· အဲဒါလည်း အရေးကြီးတာပဲကွ၊ မင်းအစ်မဆို ဗိုလ်ကြီးဆရာဝန်နဲ့ အကြောင်းပါပြီး သူ့ဟာနဲ့သူ ရပ်တည်လို့ရသွားပြီ၊ မင်းက စိတ်ပူစရာတွေ မလုပ်ပေမယ့် စိတ်တော့မအေးရသေးဘူး'

'သား အလုပ်ကို တိုးချဲ့လိုက်ပါဦးမယ် ဖေဖေ'

www.burmeseclassic.com

www.burmeseclassic.com



'အေး··· အဲဒါလည်း ကောင်းတာပဲ၊ ဒါပေမဲ့ သိပ်အချိန်မဆွဲနဲ့'

'ဟုတ်ကဲ့'

ဖေဖေ ထွက်သွားတော့ မေမေနှင့်အဒေါ်ကြီး သိမ်းဆည်းတာကို ဝိုင်းကူပေးပြီး အခန်းထဲသို့ ဝင်လာခဲ့၏။ ကွန်ပျူတာလည်း မကလိချင်၊ တီဗီလည်း မကြည့်ချင်ဖြစ်နေ၍ အိပ်ရာထက်သို့သာ ပစ်လှဲလိုက်၏။ အတွေးထဲမှာ ပေါ်လာတာက တွယ်တာ ပုံရိပ်ဖြစ်နေသည်။

ကျွန်တော်က ရည်းစားလုံးဝမထားဘူးသော မနူးမနပ်လေးတော့မဟုတ်။ ဆယ်တန်းအောင်သည့်နှစ်မှာ ကောင်မလေးတစ်ယောက်နှင့် တစ်နှစ်ကျော်ကြာအောင် ရည်းစားဖြစ်ခဲ့ဖူးသည်။ ကောင်မလေးက စောစောစီးစီး အိမ်ကပေးစားသူနှင့် ယူသွားသဖြင့် ကျွန်တော် အော်တိုမက်တစ် ရည်းစားတစ်ခုလပ်ဖြစ်ခဲ့ဖူးသည်။

ထိုနောက်ပိုင်း ကျွန်တော် မိန်းကလေးများနှင့် ပတ်သက်မှု မရှိခဲ့တော့ရာ ဒီနေ့အထိပင်ဖြစ်သည်။ ဒီနေ့ကျမှ တွယ်တာက ကျွန်တော့်ရဲ့ ဟောင်းမြင်းဆွေးမြေ့နေသည့် နှလုံးသားတံခါးကို လာခေါက်ခဲ့ခြင်းဖြစ်သည်။ တွယ်တာက ကျွန်တော့်မျက်စိထဲမှာ လှနေသည်။ သူ့မျက်နှာအလှကို ကျွန်တော် နှစ်သက်သည်။ သူ့ခန္ဓာကိုယ်အလှအပကို ကျွန်တော်တပ်မက်သည်။ သာယာသံများ ဖန်တီးတတ်သော သူ့နှုတ်ခမ်းများကို တွယ်ငြိသည်။ ခြုံငုံပြောရလျှင် သူ့ကို မြင်မြင်ချင်း ချစ်မိ၏။

ဒီလိုခံစားမှု ဖြစ်ပေါ်လာတာကိုပင် ကျွန်တော် နှစ်သက်နေမိသည်။ သို့သော် နီးစပ်မှုရှိလာအောင် ဘယ်လိုချဉ်းကပ်ရမည်မှန်းမသိ။ ကွန်ပျူတာဘက္ကာသိုလ်တွင် အသိအကျွမ်းကလည်း သိပ်မရှိ၍ အတွေးရခက်နေ၏။

'အိ··· အိ··· အိ··· ဝု··· အ'



ထိုအခိုက် ဘက်ခမ်း၏ အီသံကို သဲ့သဲ့ကြားလိုက်ရသည်။ ထိုအခါမှ ဒီကောင့်ကို ညစာမကျွေးရသေးတာ သတိရ၏။ ကျွန်တော် ငေါက်ခနဲထပြီး အောက်ထပ်သို့ ပြန်ပြေးဆင်းခဲ့သည်။ မီးဖိုချောင်ထဲ ပြေးဝင်လာခဲ့တော့ ဒေါ်ကြီးက ခွေးစာပြင်ဆင်နေတာ တွေ့၏။ သို့နှင့် ကြက်သား ကြက်ရိုးနိုင်းချင်းပါသော ညစာခွက်ကိုယူပြီး ခြံထဲဆင်းလာခဲ့သည်။

'ဘက်ခမ်း··· ဘက်ခမ်း··· အို့··· အို့··· အို့'

ဘက်ခမ်း၏ ခြေသံကို ကြားရပြီး ခဏအတွင်းမှာပင် ဝုန်းခနဲ ကျွန်တော့်နားရောက်လာ၏။ စားခွက်ကို ပတာတ်ရပ်၍ လုသည်။ ကျွန်တော်ချပေးတာကိုပင် မစောင့်နိုင်တော့ဟန်နှင့် ကမူးရှူးထိုးဖြစ်နေ၏။

'ရှော့··· သားကြီး၊ စား··· စား၊ မနက်ဖြန်ကျမှ dog food အိတ်လိုက်ဝယ်ပေးမယ် ဟုတ်ပြီလား'

ဘက်ခမ်းထံမှ ပလပ် ပလပ်နှင့် အသားကုန်စားသောက်နေသော အသံကိုသာ ကြားရသည်။ ဘက်ခမ်းကို ကြည့်နေရင်းမှ အန်တီစိန်၏ စကားများကို ပြန်ကြားယောင်ကာ တွယ်တာနှင့်တွေ့လို့ရမည့် လမ်းစကို သတိရသွားသည်။

'ဟော့ကောင်··· သားကြီး၊ မင်းကို မိန်းမပေးစားမယ်၊ ငါ့ကိုလည်း ပြန်အောင်သွယ်ပေါ့ရမယ်နော်၊ ကြားလား'

ဘက်ခမ်း ဘာမှပြန်မပြောပါ။ စားခွက်ကို ပြောင်အောင်လျက်ရင်းဖြင့်သာ ကျွန်တော့်စကားကို ထောက်ခံကြောင်း ပြသနေ၏။

□ □ □

ဘက်ခမ်းနှင့် အဲလိဇဘက်၏ အောင်မြင်မှုအတွက် ဗညားနှင့် ချိန်းဆိုကာ ကျွန်တော်တို့ ဘီယာသောက်ဖြစ်သည်။ ခွေးတွေ

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်တာနဲ့ပဲ လူက ဘီယာသောက်ရရောလား။ ဘာမှမဆိုင်ဟုတော့ မပြောပါနှင့်။ ကျွန်တော်တို့က ခွေးများအောင်ပွဲဆင်နိုင်အောင် ကျင့်ပေးခဲ့သည့် ထရိန်နာများမဟုတ်လား။ ပြီးတော့ ခွေးများက ဘီယာမသောက်ပါ။ လူများကသာ သောက်တတ်၍ ကျွန်တော်တို့သောက်နေကြခြင်းဖြစ်၏။

'ကဲ… ဘယ်လိုလဲ တင့်တယ်၊ ခွေးရှင်တစ်ကောင် အရင်းထောင်၍ မိန်းမရအောင် ကြံဆောင်ပေးအုံ့ဆိုတဲ့ အစီအစဉ်မစသေးဘူးလား'

'ဟဲ… ဟဲ… မနက်ဖြန် ဖုန်းကွန်တက်လုပ်ကြည့်လိုက်မယ်လေ'

'မင်း တကယ်ထိသွားတာလား'

'သိပ်ကိုသေချာလွန်းပါတယ်ကွာ'

ကျွန်တော်တို့နှစ်ယောက် ဘီယာသောက် အမြည်းဝါးပြီး စကားတွေ ဖောဖောသီသီများနေကြ၏။ တစ်ခွက်ပြီးတစ်ခွက် ပြုက်ခနဲ။

'အင်း… အသက်အရွယ်အရ တည်တည်ငြိမ်ငြိမ်နဲ့ အိမ်ထောင်ပြုသင့်တဲ့အချိန်ပါပဲ၊ ဒါပေမဲ့ ငါတို့လူတွေက တိရစ္ဆာန်လောက်မှ ကံမကောင်းပါဘူးကွာ'

'ဘာဖြစ်လို့လဲကွ'

'ဟာ… ဘက်ခမ်းကိုပဲကြည့်လေကွာ၊ အချစ်လည်းရဦးမယ်၊ ပိုက်ဆံလည်း ရဦးမှာလေ၊ မဟုတ်ဘူးလား'

'ဘာ… ဟေ့ကောင်၊ ဟား… ဟား'

ဗညား၏ အပြောကြောင့် ကျွန်တော် ဟက်ဟက်ပက်ပက် ရယ်မိ၏။

'ဘာလဲ ဗညား၊ မင်းက နွားသိုးတို့ ဝက်သိုးတို့ ခွေးသိုးတို့ ဖြစ်နေချင်တာလားဟင်… ဟေ့ကောင်'



'ဟာ… မင်းကလည်းကွာ၊ ငါက သဘောပြောတာပါကွ'

'အေး… သဘောဆိုရင် တော်သေးတာပေါ့၊ စိတ်ကူးမလွဲပါနဲ့ကွာ၊ ဒီကမ္ဘာပေါ်မှာ လူဆိုတာ အဆင့်မြင့် သတ္တဝါပါ၊ အိပ်စားကာမပဲ သိတဲ့ကောင်တွေနဲ့ ခပ်ဆင်ဆင်တောင် မတူချင်စမ်းပါနဲ့ကွာ'

'တူတော့ မတူချင်ပါဘူးကွာ၊ ဒါပေမဲ့ သိပ်တော့လည်း မထူးဘူး ထင်ပါတယ်'

'လုပ်ပြန်ပြီကွာ၊ မင်း မူးနေပြီလား'

'ဒီလောက်နဲ့ မူးရင် ဗညား ဟစ်စထရီဝိုင်းလ်ဒ်ပြီး ရာဇဝင်ရိုင်းသွားမှာပေါ့ကွ၊ ခုခေတ်မှာ လူတွေလည်း လောဘ၊ ဒေါသ၊ မောဟတွေ လောင်မြိုက်ပြီး အတ္တကိုပဲ ရှေ့တန်းတင်နေကြတာ မဟုတ်လား၊ ဒါ တိရစ္ဆာန်စိတ်ပဲလေ၊ ပြီးတော့ ကာမဂုဏ်ကို တပ်တပ်မက်မက်နဲ့ အရူးအမူးလိုက်ခံစားနေကြတာပဲလေကွာ'

'အင်း… အဲဒါတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ တိရစ္ဆာန်တွေရဲ့ မေထုန်စိတ်နဲ့ လူတွေရဲ့ မြတ်နိုးမှု၊ တွယ်တာမှု၊ သံယောဇဉ်နဲ့ တာဝန်ယူလိုမှုတွေဆိုတာ သိပ်ကိုကွာခြားလွန်းပါတယ်ကွာ'

'ထားလိုက်ပါတော့ကွာ၊ သိပ်တွေးနေရင် ကျမ်းလေးနေဦးမယ်၊ ပေါ့ပေါ့ပါးပါးပဲ ကောင်းပါတယ်၊ ကဲ… သောက်… သောက်'

ဗညားက အလျော့ပေးဟန်နှင့် အငြင်းအခုန်ကို ရပ်ပြီး အသောက်ဘက်သို့ လှည့်သွားသည်။ သို့နှင့် ကျွန်တော်လည်း မတတ်သာဘဲ ဆက်သောက်နေရ၏။ တကယ်တော့ ကျွန်တော်က အချစ်အကြောင်းမှ စကားဆက်၍ တွယ်တာ့အကြောင်းတွေ ပြောချင်မိသည်။ ဗညားအပြောကြောင့် အရှိန်နှင့်မောင်းလာသည့်ကား ဘရိတ်ဆောင့်အုပ်လိုက်သလို ဆန့်တငင်ငင် ဖြစ်သွား၏။ ဒီလိုတော့ အဖြစ်မခံနိုင်။ ကျွန်တော် ဒီအကြောင်းတွေ ဒီကောင့်ကိုမှ မပြောရင် ပြောရမည့်လူ မရှိတော့။ သို့နှင့်…

www.burmeseclassic.com

www.burmeseclassic.com



'အဟောင်း… မင်းကော ဘယ်လိုလဲ၊ မိန်းမ မယူသေးဘူးလား'

'နေစမ်းပါကွာ၊ တစ်ယောက်တည်းတောင် ရှာမလောက်ဖြစ်နေတဲ့ဥစ္စာ'

'အဲလိုတော့ သတ္တိမကြောင်နဲ့လေကွာ၊ ဒီနေရာမှာကျတော့ တိရစ္ဆာန်တွေက ပြတ်သားတယ်၊ သူတို့မှာ အပျိုကြီးတွေ လူပျိုကြီးတွေ မရှိဘူး'

'လာပြန်ပြီ တိရစ္ဆာန်စကားက မပြတ်သေးဘူးလား'

'ဟဲ… ဟဲ… တိုက်ဆိုင်သွားလို့ပါကွာ၊ ဒါနဲ့ စကားမစပ် တွယ်တာ့ကို မင်းဘယ်လိုမြင်လဲ'

'အဝတ်အစားတွေနဲ့ပဲ မြင်တာပေါ့ကွ၊ သူ ရေချိုးတာကို ငါမှ မမြင်ဘူးတာ'

'ဟာ… မင်းကလည်း စကားကောင်းကောင်းပြောစမ်းပါ'

'ငါသိတယ်၊ မင်း အဲဒါတွေပြောတော့မယ်ဆိုတာ၊ သိလို့ စောစော စကားဖြတ်လိုက်တာ'

ဗညား ကျွန်တော့်ကို ညစ်ပြီး ရစ်နေပြီဆိုတာ ကျွန်တော် သိလိုက်သည်။ ဒီကောင် သက်သက်မဲ့ လုပ်နေတာ။

'အဟဲ… တို့အရွယ်က တရားစကားပြောရမယ့် အရွယ် မဟုတ်ဘူးလေ၊ မယားစကားပြောရမှာ၊ လုပ်ပါကွာ၊ တွယ်တာ ငါ့ရဲ့ အိမ်ထောင်ဖက် ဖြစ်သင့်ရဲ့လား'

ဗညားက ဘီယာမော့ရင်း ကျွန်တော့်ကို စိတ်ပျက်စွာ ကြည့်သည်။ ပြီးမှ မတတ်သာသော လေသံမျိုးနှင့်…

'အဟောင်း… ငါက ကုမ္ပဏီပိုင်ရှင်ဖြစ်ပြီး တွယ်တာက အလုပ်လာလျှောက်တာဆိုရင်တော့ တစ်ခါတည်း ရွေးလိုက်မှာပဲ၊ အောက်ပါအရည်အချင်းတွေ ပြည့်စုံတယ်လေကွာ'

'လုပ်ပြီ'



'ဟာ… အမှန်အတိုင်းပြောတာလေ၊ မင်းပဲ ဘယ်လိုမြင်လဲဆို၊ ငါမြင်တာ ငါပြောတာ'

'အဲလို မဟုတ်ဘူးလေကွာ၊ နည်းနည်းခွဲခြမ်းစိတ်ဖြာပြီး'

'သြော်… ဒီလိုလား၊ အင်း… မျက်နှာမြင် နှမ်းချင်ပါစေ၊ အသံကြား မဟားဒယားလုပ်ချင်ပါစေ၊ တစ်ကိုယ်လုံးမြင် ကားတင်ပြေးချင်ပါစေဆိုတဲ့ဆုတောင်းတွေနဲ့ ပြည့်တဲ့သူပါပဲ'

'လှတယ် ချောတယ်ဆိုပါတော့'

'ဘယ်ကမလဲ လှတယ် ချောတယ် ရေရ ုတယ်၊ သိပ်တော့ လွယ်မယ်မထင်၊ ရည်းစားရှိပြီးသားဖြစ်ရင်ဖြစ်၊ မ ဖြစ်ရင် ပြိုင်ဘက်တွေများလိမ့်မယ်'

ဗညား၏ မှတ်ချက်က ကွက်တိ။ ကျွန်တော့်အတွေးနှင့် တစ်ထပ်တည်းဖြစ်ပျော်ရှိသည်။

ထို့ကြောင့် နည်းနည်းမောသွား၏။

'အေးကွာ၊ စီးတာတောင် ဆိုက်ကနက်စ်နဲ့ဆိုတော့ ငါလိုကောင်ကို အဖက်တောင်လုပ်ပါ့မလားဘဲ'

ကျွန်တော်၏ ချွတ်ခြုံကျလေသံကြောင့် ဗညား သနားသွားပုံရ၏။

'မင်းကလည်းကွာ၊ မှန်ကိုင်းက မဝင်သေးဘူး၊ အကုန်ပြိုကျနေပြီလား'

'အင်း… ဆိုပါတော့'

'ဒါဆို မင်းအမျိုးမျိုး ရှုံးသွားမှာပေါ့၊ ကိုယ်က ယောကျ်ားတစ်ယောက် ကိုယ်သဘောကျတဲ့ မိန်းကလေးကို ပရိုပို့စ်လုပ်ရမှာပဲ၊ တုန့်ပြန်တာ မတုန့်ပြန်တာက သူ့အပိုင်းလေ၊ ကြိုးစားကြည့်ရမှာက မင်းအလုပ်၊ စစ်မရောက်ခင် မြှားကုန်နေရင် ဘယ်လိုလုပ် အောင်မြင်မလဲ'

ဗညား အပြောကြောင့် ကျွန်တော် အားတက်သွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူပြောတာ မှန်သလို ကျွန်တော်လည်း တွယ်တာ့အချစ်ကို ရယူလို သည်။ သည်တော့ ကြိုးစားကြည့်ဖို့ အားတင်းလိုက်၏။

'အေးကွာ၊ အများကြီး မရှုံးအောင် ကြိုးတော့ကြိုးစားကြည့် ရမှာပေါ့၊ မနက်ဖြန်ကစပြီး အန်တီစိန်နဲ့ ခွေးစကားပြောမယ်၊ အခြေ အနေကောင်းရင် မီးစင်ကြည့်ပြီး အသည်းစကားဆက်ပြောမယ်'

'ဟင်… ချက်ချင်းကြီးလား'

'မဟုတ်ဘူးလေကွာ၊ ပရိစီဂျာကိုပြောတာ၊ လုပ်ရမှာကတော့ စတက်ဘိုင်စတက်ပေါ့'

'ဒီလိုလား၊ ကောင်းတယ်၊ ဆက်လုပ် သူငယ်ချင်း၊ ကဲရီး အွန်'

အချင်းချင်း အားပေးစကားကြောင့် ချာဂျင်ပြည့်သွားသော ဘက်ထရီလို စိတ်ဓာတ်မျိုးနှင့် ကျွန်တော်တို့နှစ်ယောက် ဘီယာ ခွက် ချင်းတိုက်လိုက်ကြသည်။

'ခလွမ်'

❐ ❐ ❐

## အခန်း(၄)

ခမ်းနားဆန်းပြား ကြီးမားကျယ်ဝန်းသော ခြံကြီး၏ တံခါးရှေ့ တွင် ကျွန်တော့်ကားရပ်ပြီး ဟွန်းသံပေးလိုက်သည်။ ခြံစောင့်ပြေးလာ တာမြင်ရ၏။ တံခါးကို ဖွင့်မပေးသေးဘဲ

'ဘယ်သူနဲ့ တွေ့ချင်လို့လဲ၊ ချိန်းထားလား'

'ချိန်းထားတယ်၊ ဒေါ်မော်မော်စိန်နဲ့၊ တင့်တယ်ကိုးလာတယ် လို့ ပြောလိုက်'

မြင့်တော့ တော်တော်မြင့်၏။ ခြံစောင့်က သူ့တဲအတွင်းမှ အင်တာကွန်းဖုန်းနှင့် အိမ်ထဲသို့ ဆက်သွယ်အကြောင်းကြားနေသည်။ ခေါင်းတညိတ်ညိတ်လုပ်ပြီးနောက် ဖုန်းကိုချ၍ တံခါးဖွင့်ပေး၏။ ထို အခါမှ ကျွန်တော် ကားမောင်းဝင်ခဲ့ရသည်။

နတ်ဘုံ နတ်နန်းလို ခမ်းနားသော သုံးထပ်တိုက်ကြီး၏ ဆင် ဝင်အောက် ကားထိုးရပ်လိုက်တော့ အန်တီစိန် အသင့်စောင့်ကြိုနေ ၏။

'နာရီဝက်အတွင်း ရောက်လာသားပဲ'

'ဒါတောင် ပထမအခေါက်မို့ ဟိုမေး ဒီမေး လုပ်နေရသေး တာ အန်တီစိန်ရဲ့'

အန်တီစိန်က ကားနောက်ခန်းမှ အမိုးကိုင်းနှင့် လည်ပ[illegible]ကြိုး တွဲချည်ထားသော ဘက်ခမ်းကို နှုတ်ဆက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့... သားကြီး အောင်မလေး ချောလိုက်တာဟယ်'

'ဒါနဲ့ စင်သီယာကော အန်တီစိန်'

'တွယ်တာနဲ့ လမ်းလျှောက်ထွက်သွားတယ် မောင်တိုး၊ ပြန်လာလိမ့်မယ်၊ ကဲပါ လာ... အိမ်ထဲဝင်ဦး'

'ဟုတ်ကဲ့'

အန်တီစိန် ဦးဆောင်မှုနှင့် အိမ်ကြီးထဲ ရောက်တော့ ပိုပြီး သိမ်ငယ်သွားသလို ခံစားရသည်။ အန်တီစိန်တို့ ကြွယ်ဝမှုကို မျက်ဝါးထင်ထင် မြင်တွေ့ခွင့်ရ၏။

'ကဲ... ဘာသောက်မလဲ၊ အပူလား အအေးလား'

'ကော်ဖီပဲပေးပါ အန်တီ'

အန်တီစိန်က ညှော်ခန်းစားပွဲပေါ်မှ မောင်းလေးကို ထုလိုက်သည်။ မောင်းသံမစဲမီမှာပင် အိမ်အကူကောင်မလေးတစ်ယောက် ကသုတ်ကရက် ရောက်လာသည်။

'ဧည့်သည်အတွက် ကော်ဖီလုပ်'

'ဟုတ်... မေမေကြီး'

ကောင်မလေး လှစ်ခနဲ ပျောက်သွား၏။ ကျွန်တော်က ထိုင်နေရင်းမှ မြင်နေရသော ကြောင်လိမ်လှေကားကြီးနှင့် ဖိတ်ဖိတ်လက် အိမ်အပြင်အဆင်ကို စူးစမ်းနေမိ၏။ သိပ်မကြာသော အချိန်ကလေး အတွင်းမှာပင် ကော်ဖီပူပူနှင့် မုန့်မျိုးစုံရောက်လာသည်။

'မောင်တိုး ကော်ဖီနဲ့မုန့် သုံးဆောင်ပါဦး'

'ဟုတ်ကဲ့ အန်တီ'

'ဒါနဲ့ ဘက်ခမ်းကို ထားခဲ့မှာ မဟုတ်လား၊ သုံးရက်လောက်ပေါ့'

'ဗျာ... အဲ... အဲဒါတော့ မဖြစ်ဘူး ထင်တယ်၊ အိမ်မှာကလည်း သူပဲကလေးရှိတာ၊ အဖေအမေနဲ့ ကျွန်တော်တို့အားလုံး သူနဲ့ပဲ အပျင်းဖြေနေရတာလေ'



'ဒါတော့ ဒါပေါ့ကွယ်၊ ဒါပေမဲ့ သားစပ်တယ်ဆိုတာ အချိန်လိုတယ် မဟုတ်လား၊ သုံးရက်ပါပဲကွယ်၊ အန်တီ ပြန်ပို့ပေးမှာပေါ့'

'နေ့တိုင်း ကျွန်တော် လာပို့ပေးရင်ကော'

'မောင်တိုး အလုပ်ပျက်မှာပေါ့၊ အားနာလို့၊ ဘာလဲ မယုံဘူးလား'

'အာ... အန်တီကလည်း မဟုတ်တာ၊ ကဲပါ အခြေအနေကြည့်ကြသေးတာပေါ့၊ လိုအပ်ရင်လည်း ထားခဲ့ပါ့မယ်'

'ကျေးဇူးပဲကွယ်'

ကျွန်တော် ကော်ဖီတစ်ငုံငုံလိုက်ပြီး အရသာခံကြည့်လိုက်၏။ 3 in 1 မဟုတ်ဘဲ တကယ့်ကော်ဖီအစစ်မှန်း လျှာက သိလိုက်သည်။ အရသာက ဘာနှင့်မှမတူ။ အတော်စွဲမက်ဖွယ်ကောင်းနေ၏။ ထိုအခိုက် ခွေးဟောင်သံများ ဆူညံသွားသည်။

'ဟော... သမီး ပြန်လာပြီ'

ခွေးအချင်းချင်း နှုတ်ဆက်ဟိန်းဟောက်သံကြောင့် တွယ်တာနှင့် စင်သီယာပြန်လာကြပြီဟု သိလိုက်၏။ ခဏအကြာတွင် တွယ်တာနှင့် စင်သီယာ အိမ်ထဲရောက်လာကြသည်။

'ထင်သားပဲ၊ ကားနဲ့ ဘက်ခမ်းကို တွေ့ကတည်းက ကိုတိုး ရောက်နေပြီလို့'

'ဟုတ်ကဲ့ တွယ်တာတို့လည်း စင်သီယာ့ကို အတော်ဂရုစိုက်ကြတာပဲနော်'

'အချစ်တော်လေကွယ် စင်သီယာ သမီး လာဦး၊ သမီးကို မေမေတို့ ယောကျ်ားပေးစားမလို့ သိလား၊ ကလေးလေးတွေ အများကြီး မွေးပေးရမယ်နော် ဟင်း... ဟင်း'

အန်တီစိန့် အပြောကြောင့် တွယ်တာ ရှက်သွေးဖြန်း မျက်ဝန်းများနှင့် ကျွန်တော့်ကို လှမ်းကြည့်၏။ ကျွန်တော် နှစ်ဖက်ကာကာ

www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြလိုက်တော့ တွယ်တာ ခေါင်းငုံ့သွားသည်။ ကျွန်တော် အားနာပါး ရှာ အကြည့်လွှဲရင်း ကော်ဖီကို ကျန်ဖြတ်ဖြတ်လိုက်၏။

'ကဲ… မောင်တိုးရေ ကလေးတွေကို ဆုံပေးကြည့်ရအောင်'

'ဟုတ်ကဲ့ အန်တီ'

ကျွန်တော်တို့သုံးယောက် ခြံထဲသို့ ပြန်ဆင်းလာခဲ့ကြသည်။ ကားနောက်ခန်းမှ ဘက်ခမ်းကို ကြိုးဖြည်ပေးလိုက်၏။ ဘက်ခမ်း အလောတကြီး ခုန်ချလာသည်။ ဒီကောင့်ကို dog food နည်းနည်း ကျွေးလိုက်သည်။ ဘက်ခမ်း အစာကို စိတ်မဝင်စား စင်သီယာ့နားကပ် ၍ အနံ့ခံကာ စည်းရုံးရေးဆင်းနေလေ၏။ အုပ်ထိန်းသူ သုံးယောက် သူတို့အခြေအနေကို အသာစောင့်ကြည့်နေကြသည်။

ဘက်ခမ်းနှင့် စင်သီယာက တစ်ကောင်နှင့်တစ်ကောင် ရန်လိုမှု အလျင်းမပြ။ အချင်းချင်းခေါင်းနှင့်တိုးဝှေ့ကျီစယ်လိုက်၊ လျှာနှင့် လျက်ပေးလိုက်နှင့် စိတ်ဝင်စားမှုကို ဖော်ပြနေကြ၏။ တစ်ခါမှ အတွေ့ အကြုံမရှိသော ဘက်ခမ်းက သဘာဝတရား၏ အလိုအလျောက် သင်ကြားမှုနှင့် တစ်ဆင့်ပြီးတစ်ဆင့် အဆင့်တက်လာသည်။ တိရစ္ဆာန် တို့သဘာဝအရ တစ်ကောင်၏ မျိုးပွားအင်္ဂါကို တစ်ကောင်က အနံ့ခံ ကြည့်ကြသောအခါ ကျွန်တော် မျက်နှာပူသွားသည်။

စင်သီယာ ထွန့်ထွန့်လူးသွား၏။ ဘက်ခမ်းက အလျှော့မပေး တော့ချေ။ တွယ်တာမှာ အနားမှ ပန်းအိုးကို အကြောင်းမဲ့ နေရာရွှေ့နေ လေသည်။ ဤတွင် စင်သီယာက အမတို့၏ ထုံးစံအတိုင်း မူနွဲ့ကာ ရှက်ဟန်ဆောင်ပြီး သုတ်ခနဲ ထွက်ပြေးသွားသည်။ ဘက်ခမ်းက အဖိုတို့သဘာဝအတိုင်း အပြေးလိုက်၏။

ခြံထဲက မြက်ခင်းပြင်တွင် နှစ်ကောင်သား လိုက်တမ်းပြေး တမ်း ကစားလိုက် မနှာမကျင်အောင် ကိုက်လိုက် ခဲလိုက်နှင့် သင်္ဂါရ ဓာတ်ဝင်ခန်းမှ ဓာတ်ညွှန်းအတိုင်း ပျော်ပျော်ရွှင်ရွှင် သရုပ်ဆောင်နေကြ ၏။ မြက်ခင်းပေါ်လူးလိမ့်နေသော စင်သီယာကို ဘက်ခမ်းက ကိုက်



လိုက်၊ စင်သီယာ ပြန်ကိုက်တော့ ဘက်ခမ်းက ပေခဲလိုက်နှင့် ဘာသာ ဘာဝ ပျော်မွေ့နေတော့သည်။

'ကြည့်ရတာ ရေစက်ရှိကြသလိုပဲ၊ သူတို့အချင်းချင်း သဘော ကျကြပုံပဲ'

'ဟုတ်တယ် အန်တီ၊ အဆင်ပြေသွားမှာပါ'

'ကဲ…ဒါဆို သူတို့ကို လွှတ်ပေးထားလိုက်တော့၊ အိမ်ထဲဝင် တစ်ခုခုစားရင်း စောင့်ကြတာပေါ့၊ ဒါနဲ့ မောင်တိုး အားရဲ့လား'

ကျွန်တော်က နာရီကြည့်လိုက်ရင်း…

'နေ့ခင်း နှစ်နာရီမှာ သင်တန်းတစ်ချိန်ဝင်ပေးရမှာ အန်တီ'

'အင်း… လိုပါသေးတယ်၊ လာ… ခဏနားလိုက်ကြရအောင် သမီးရေ၊ မောင်တိုးကို ခေါ်သွားကွယ်၊ မာမီ ခြံစောင့်ကို နိုင်းစရာရှိလို့'

'ဟုတ်ကဲ့ မာမီ၊ လာ… ကိုတိုး'

ကျွန်တော် တွယ်တာ့နောက်မှ လိုက်သွားရင် တွယ်တာ၏ အနောက်ကမ္ဘာခြမ်းတစ်ဝန်း အလှကို တမက်တမော ခံစားမိသည်။ ဧည့်ခန်းတွင် ထိုင်မိကြတော့ တွယ်တာက စကားစရန် ခက်နေဟန် နှင့် အယ်လ်ဘမ်တစ်အုပ် ထုတ်ပေး၏။

အကောင်းစား အယ်လ်ဘမ်က စင်သီယာ့ သမိုင်းမှတ်တမ်း ဓာတ်ပုံများဖြစ်နေသည်။ စင်သီယာ့ မိခင်ကိုလည်း တွေ့ရသည်။ လသားအရွယ် စင်သီယာ့ပုံများမှ စ၍ ယခုအသက်အရွယ်အထိ တဖြည်းဖြည်း အရွယ်ရောက်လာပုံ ဓာတ်ပုံအမြောက်အများကို စိတ် ဝင်တစား ကြည့်နေမိ၏။ အန်တီစိန် ဝင်လာတာကိုပင် သတိမပြုမိ လိုက်။

'အဲဒါ သမီးလေး မှတ်တမ်းလေ'

'ဩော်… ဟုတ်ကဲ့ အန်တီ၊ အန်တီတို့ သူ့ကိုကျွန်တော် ဂရုစိုက်ပြီး တော်တော်ချစ်ကြတာပဲနော်'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်နှယ်ပြောပါလိမ့်ကွယ်၊ အိမ်ထောင်ခွဲ သမီးကြီးတွေဆီ သွားလည်ရင်တောင် သူ့ကိုသတိရတာနဲ့ ဟိုမှာ ညမအိပ်ဖြစ်ဖူးလေ၊ ဟင်း… ဟင်း'

'အင်း… ဟုတ်မယ်၊ ကျွန်တော်တို့လည်း ဒီလိုပါပဲ'

'ဒါနဲ့ မောင်တိုးက တစ်ယောက်တည်းလား၊ မောင်နှမတွေကော'

'အစ်မ တစ်ယောက်ရှိပါတယ်၊ ကျောင်းပြီးတာနဲ့ အိမ်ထောင်ကျသွားတာ၊ ဗိုလ်ကြီးဆရာဝန်တစ်ယောက်နဲ့ ဆိုပါတော့၊ အခု ပြင်ဦးလွင်မှာ နေကြပါတယ်'

'သြော်… ဟုတ်လား၊ ကောင်းတာပေါ့ကွယ်၊ မိန်းမသားဘဝဆိုတာ လင်ကောင်းသားကောင်း ရဖို့ အရေးကြီးတာမဟုတ်လား'

'ဟုတ်ကဲ့'

'အန်တီ့မှာလည်း တွယ်တာတစ်ယောက်ပဲ ကျန်တော့တာလေ၊ အကြီးတွေက သူ့အိမ်ထောင်နဲ့သူ နေရာကျသွားကြပြီ'

'သြော်… ဒါနဲ့ အန်ကယ့်ကို မတွေ့ပါလား'

'မင်း အန်ကယ်က အလုပ်များတယ်ကွဲ့၊ ပြီးတော့ လုပ်ငန်းအများစုက နေပြည်တော်မှာလေ'

'ဒါကြောင့်မတွေ့တာကိုး'

'မေမေကြီး ထမင်းပွဲပြင်ပြီးပါပြီရှင်'

အိမ်အကူတစ်ယောက် လာအကြောင်းကြားသဖြင့် ကျွန်တော်တို့ စကားဝိုင်း ခဏရပ်သွား၏။

'ကဲ… မောင်တိုး ထမင်းစားလိုက်ကြရအောင် သမီး ညွှန့်သည်းကို ခေါ်ကွယ်'

'ဟုတ်ကဲ့ မာမီ၊ လာ… ကိုတိုး'

အန်တီနှင့် တွယ်တာတို့နောက်မှ ကျွန်တော် လိုက်သွား၏။ မြန်မာဗွီဒီယိုဇာတ်ကားထဲများတွင် မြင်တွေ့ဖူးသော ထမင်းဝိုင်းကြီး



နှင့် ကျွန်တော် ပက်ပင်းဆုံသည်။ ထိုင်ရမှာပင် မဝံ့မရဲဖြစ်ရသည်။

'ကဲ… မောင်တိုး၊ ဘာမှအားမနာနဲ့၊ အားရပါးရစား၊ ဘက်ခမ်းတို့ စင်သီယာတို့နဲ့ ပတ်သက်ပြီး ဆုံရတာဆိုပေမယ့် မင်းကို မြင်မြင်ချင်း ခင်ပါတယ်ကွယ်၊ ဒါလည်းရေစက်ပဲပေါ့'

'ဟုတ်ကဲ့ပါ အန်တီ'

တွယ်တာက အားလုံးအတွက် ထမင်းပြင်ပေး၏။ ကျွန်တော့်ပန်းကန်ထဲ ဟင်းမျိုးစုံ ပုံနေအောင် ထည့်ပေးသည်။

'ကိုတိုး စားနော်'

'ဟုတ်ကဲ့'

ဟင်းမျိုးစုံကို မြည်းနေရသည်နှင့် ထမင်းကို တော်တော်နှင့်မစားမိ။ အန်တီနှင့် တွယ်တာတို့ကို အကဲခတ်ရသလောက် ကျွန်တော့်အပေါ် မတူမတန်နှင့် ခွဲခြားဆက်ဆံလိုပုံ မတွေ့ရသဖြင့် နေရထိုင်ရစိတ်လက်ပေါ့ပါးနေ၏။ တွယ်တာလည်း ကျွန်တော့်ကို အထင်ကြီးတလေးတစား ဆက်ဆံ၍ မျှော်လင့်ချက်များ ရင်မှာဖူးပွင့်လာသည်။

တွယ်တာတို့ နွေးထွေးမှုနှင့် ကျွန်တော် ထမင်းမြိန်သွားသည်။ ထမင်းစားရင်း အိမ်အကြောင်း သင်တန်းအကြောင်း စာသင်ပုံများအကြောင်းတို့ကို ပြောဖြစ်၏။ နှစ်ယောက်လုံး စိတ်ဝင်တစား နားထောင်ကြသည်။ ထိုအခိုက် ခြံစောင့်ကြီး ဝင်လာ၏။ သူ့မျက်နှာက ပြုံးဖြီးဖြီး။

'ဘာလဲ ဦးငယ်'

'ဟိုဒင်း မမကြီးခိုင်းသလို ကျွန်တော် သူတို့ကို စောင့်ကြည့်ခဲ့ပါတယ်'

'အဲဒီတော့'

'အဲ… သူတို့ ဟိုကိစ္စတစ်ခါပြီးသွားပြီ၊ အဲ… ဟုတ်ပေါင်ဟိုဒင်း ဘာခေါ်မလဲ၊ အဲ… အဟင်း… သူတို့လင်မယားဖြစ်သွားကြပြီ မမကြီး'

www.burmeseclassic.com

www.burmeseclassic.com



'ဩော်… ဒါများဟယ် ကဲ… သွားတော့၊ သွားတော့'

'ဟုတ်ကဲ့'

ခြံစောင့်ကြီး ထွက်သွားတော့ အန်တီ သဘောတကျ ပြုံးသည်။ တွယ်တာက ထသွားပြီး ရေခဲသေတ္တာထဲမှ ရေပုလင်းကို ထုတ်ယူနေ၏။

'အဟင်း… အဆင်တော့ ချောသွားပြီ၊ မောင်တိုး သူတို့ ရာသီချိန်မို့လား မသိဘူး'

'ဟုတ်ကဲ့'

တွယ်တာ လုစ်ခနဲ အခန်းထဲမှ ထွက်သွား၏။ သူ ရှက်ရှာပေမပေါ့။ အန်တီနှင့် ကျွန်တော် ထမင်းလက်စသတ်ပြီး ခြံထဲဆင်းခဲ့ကြပြန်သည်။ ဘက်ခမ်းနှင့် စင်သီယာကို တပူးတွဲတွဲ တွေ့ရ၏။ ဘက်ခမ်းက စင်သီယာ့ကို လျှာဖြင့်တစ်ကိုယ်လုံး လျက်ပေးနေသည်။ ကျွန်တော် dog food ကို လက်ခုပ်ထဲထည့်ပြီး ကျွေး၏။ နှစ်ကောင်စလုံး အရေးပင်မလုပ်။ အန်တီက…

'သူတို့ချစ်စိတ်မွန်သွားကြပြီ၊ အစာစားဖို့ တွေးမှာမဟုတ်တော့ဘူး'

အန်တီ စကားလုလုသုံးပြီးပြောသော အဓိပ္ပာယ်ကို ကျွန်တော် နားလည်ပါသည်။ ကျွန်တော် ဘက်ခမ်းကို ဆွဲခေါ်ကြည့်သည်။ ဘယ်လိုမှ ခေါ်မရတော့။ ကျွန်တော် သဘောပေါက်လိုက်ပြီ။ ဘက်ခမ်းကို ထားခဲ့ရတော့မည်။

'အန်တီရေ… ဘက်ခမ်းကတော့ ခေါ်လို့ရမယ့်ပုံ မပေါ်တော့ဘူး၊ ဒီတော့ ကျွန်တော် ပြန်တာပဲ ကောင်းမယ် ထင်တယ်'

'အဟင်း… အန်တီလည်း ပြောရမှာ အားနာနေလို့၊ ထားခဲ့တာ အကောင်းဆုံးပဲ မောင်တိုး၊ အန်တီ ပြန်ပို့ပေးပါ့မယ်ကွယ်'

'ဟုတ်ကဲ့ပါ အန်တီ၊ ဒါဆို ကျွန်တော် ပြန်မယ်'

'ခဏနေဦး'



အန်တီက ပြောပြောဆိုဆို အိမ်ကြီးဆီ ပြန်လှည့်သွား၏။ ကျွန်တော် ဘက်ခမ်းကို ပွတ်သပ်ပေးနေသော်လည်း ဒီကောင်လှည့်လို့ပင် မကြည့်။ စင်သီယာ ကိုယ်မပေါ်ထပ်၍ လှဲလျောင်းမှေးစက်နေသည်။ အင်း တော်တော်မောသွားကြပြီ ထင်ပါ့။

'ဟေ့ကောင်… မင်းက မိန်းမရကာနဲ့ ငါ့ကိုတောင် အရေးမလုပ်တော့ဘူးပေါ့'

'အု… ဝု'

အန်တီနှင့် တွယ်တာ ပြန်ထွက်လာတော့ လက်ထဲမှာ ကျွတ်ကျွတ်အိတ်နှင့် ငွေစက္ကူထုပ်များ ပါလာတာတွေ့ရသည်။ ကျွန်တော် ဘက်ခမ်းနှင့် စင်သီယာကို ပွတ်သပ်နှုတ်ဆက်၍ ထရပ်လိုက်၏။

'ဘယ်လိုမှ မအောက်မေ့ပါနဲ့ မောင်တိုးရယ်၊ ဒီငွေလေးတော့ ယူသွားပါ၊ အန်တီတို့ အရမ်းကျေးဇူးတင်လွန်းလို့ပါနော်'

'ဩော်… ဟုတ်ကဲ့'

ကျွန်တော် ရှက်ရှက်နှင့် လက်ခံယူလိုက်ရ၏။

'ဒီတစ်ခါတော့ စင်သီယာ သားတွေသမီးတွေ ရလောက်ပါတယ်ကွယ်'

'ဟုတ်… ကျွန်တော် ပြန်မယ်နော် အန်တီ၊ တွယ်တာ ပြန်ပါဦးမယ်ဗျာ'

'ဟုတ်ကဲ့ ကိုတိုး၊ တွယ်တာလည်း ကျောင်းပြီးမှ ကိုတိုးတို့ဆီမှာ စပီကင်လာတက်ဦးမယ်'

'ဟုတ်ကဲ့ ကြိုဆိုလျက်ပါဗျာ'

ကျွန်တော် ကားပေါ်တက် စက်နှိုးလိုက်၏။ ခါတိုင်းဆို ကျွန်တော့်ကားသံကြားသည်နှင့် ဘက်ခမ်း ပြေးလာပြီး ကားပေါ်ခုန်တက်နေကျဖြစ်သည်။ အခုတော့ ကိုယ်တော်က ခေါင်းထောင်ရုံသာ ထောင်ကြည့်ပြီး စင်သီယာ့ကိုယ်ပေါ်မှာ ပြန်လှဲအိပ်နေသည်။ ကျွန်တော် အားလုံးကို လက်ပြနှုတ်ဆက်ပြီး ပြန်လာခဲ့၏။ ပင်ဒါမီယာ

www.burmeseclassic.com

www.burmeseclassic.com



ထဲမှ လမ်းမကြီးပေါ် ရောက်မှ မီးပွိုင့်တစ်ခုအမိတွင် ကျပ်ကျပ်အိတ်ကို ကြည့်မိ၏။ တစ်သိန်းထုပ် ငါးထုပ်ကို တွေ့ရသည်။ ကျွန်တော် ဘက်ခမ်းအတွက် မုဒိတာ ပွားမိသည်။ ဒီကောင့်အတွက် dog food နှင့် အားဖြည့်ဗီတာမင်များ ငါးလစာလောက်တော့ ဖူလုံသွားပြီ။

အင်း… ဘက်ခမ်းတောင် သူ့ဝမ်းသူကျောင်းနေနိုင်ပြီဟု တွေးမိတော့ ကျွန်တော် ပြုံးစိစိဖြစ်သွား၏။ ကျွန်တော်တောင် ကိုယ့်ဝမ်းကိုယ် အပြည့်အဝ မကျောင်းနိုင်သေး။

ဩော်… ခွေးတောင်မှ နိုင်ငံခြားဖြစ်ခွေးက တန်ဖိုးကြီးပြီး ငွေရှာနိုင်သည်ဆိုတော့ ဗမာဖြစ်ခွေးတွေ မျက်နှာငယ်နေရတာ မဆန်းတော့ချေ။

❐ ❐ ❐

## အခန်း(၅)

'ဝေါကျင့်ကျိုက်ရှယ်ရှိဟန့်ဝန်း'

(ကျွန်တော် တရုတ်ဘာသာစကား သင်ကြားနေပါတယ်)

'ရပိအာဖတာ မီ · ပလိစ်ကလပ်(စ်)'

'ဝေါကျင့်ကျိုက်ရှယ်ရှိဟန့်ဝန်း'

'ဟုတ်ပြီဗျာ၊ အဓိပ္ပာယ်က ကျွန်တော် တရုတ်ဘာသာစကား သင်ကြားနေပါတယ်တဲ့၊ မိန်းပိုင်လော်မာ'

'မိန်းပိုင်လော် ရှဲန်းစဲန်း'

'အိုကေ… ရှေ့ဆက်ကြရအောင် နင်းစုနကို့ကိုကျားတဲလဲင်း'

'နင်းစုနကို့ကိုကျားတဲ့လဲင်း'

ကျွန်တော် ဘလက်ခ်ဘုတ်ဒ်တွင် တရုတ်ဘူးသီးကြော် ရှစ်ခု ရေးပေးလိုက်သည်။

'အဓိပ္ပာယ်က ဘယ်နိုင်ငံသားပါလဲ၊ ဒါ မေးခွန်းပါ'

'နင်းစုနကို့ကိုကျားတဲ့လဲင်း၊ အဲလိုမေးတဲ့အခါ ဝေါစုဝှကို လဲင်း'

'ကျွန်တော် ပြင်သစ်နိုင်ငံသားပါပေါ့။ ဒီနေရာမှာ ကိုယ်နိုင်ငံကိုယ်အစားထိုးထည့်ပြောလို့ရပါတယ်။ ကဲလိုက်ဆိုကြည့်ရအောင် နင်းစုနကို့ကိုကျားတဲ့လင်း'

www.burmeseclassic.com

www.burmeseclassic.com



'နင်းစုနကို့ကိုကျားတဲ့လဲင်း'
'ဟုတ်ပြီ၊ ဝေါစုဝှကိုလဲင်း'
'ဝေါစုဝှကိုလဲင်း'
'အိုကေ နောက်တစ်ခု နင်းချုံးနဲ့အော်လိုင်း'
'နင်းချုံးနဲ့အော်လိုင်း'
'ဒါကတော့ ခင်ဗျားကကော ဘယ်နိုင်ငံကလဲလို့ ပြန်မေးတာပါ၊ ရပိတ် အဖတားမီ ပလိစ် နင်းချုံးနဲ့အော်လိုင်း'
'နင်းချုံးနဲ့အော်လိုင်း'
'အိုကေ ပေါ်ချုံးပါးလီလိုင်း၊ ကျွန်တော် ပါရီမြို့ကပါ၊ ဆိုကြည့်ပါဦး၊ ဝေါ်ချုံးပါးလီလိုင်း'
'ဝေါ်ချုံပါးလီလိုင်း'
'××× ××× ××× ×××'
'××× ××× ××× ×××'
'××× ××× ××× ×××'
'××× ××× ××× ×××'

အချိန်စေ့သွားသဖြင့် သင်တန်းသားများ စုံပြုံထွက်ခွာသွားကြသည်။ ကျွန်တော်လည်း စာသင်ခန်းမှ ထွက်၍ အိမ်မကြီးဘက်သို့ ကူးဖို့ပြန်အလာ ခြံထဲမှာ ဆိုက်ဂနက်စ်ကားကြီးကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွားသည်။ မနက်ကပဲ တွယ်တာ ဖုန်းထပ်ဆက်သေးသည်။ ဒီနေ့ ဘက်ခမ်းကို ပြန်လာပို့မည်ဟု။ အခု ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကြပြီ။

ကျွန်တော် ကားဆီလျှောက်သွားလိုက်၏။ ကားတံခါးပွင့်လာပြီး ဘက်ခမ်း ခုန်ဆင်းလာကာ ကျွန်တော့်ကို တွယ်ဖက်တက်တော့သည်။

'အောင်မာ ဘက်ခမ်း မင်းက ငါ့ကို သတိရသေးတယ်ပေါ့'
'အု… ဝု… ဝုတ်… ဝုတ်'



ထို့နောက် ကားပေါ်မှ အိန်ဂျလီနာဂျိုလီနှင့် ရှာရာပိုဗာ စပ်ကျထားသော ကျွန်တော့်လမင်း ထွက်ကျလာသည်။ အို… လှလိုက်တာ ကွယ်တာရယ်။

'တွယ်တာ တော်တော်ရှာရသေးလား'
'မရှာရပါဘူး ကိုတိုး၊ စပီကင် သင်တန်းဆိုတာ အများကြီး ရှိနေတာမှ မဟုတ်ဘဲ'
'တော်သေးတာပေါ့ဗျာ၊ ဒါနဲ့ ဘက်ခမ်းဘို့ စင်သီယာတို့ အဆင်ပြေတယ် မဟုတ်လား'

ထိုမေးခွန်းကို ချက်ချင်းမဖြေဘဲ တွယ်တာက ပြုံးပြီး ခေါင်းငုံ့ကာ မြေကသိုဏ်းရှုနေလေ၏။

'မာမီကတော့ ပြေတယ်ပြောတာပဲ၊ ပြီးတော့ သုံးရက်ပြောထားပြီး ငါးရက်ကြာသွားလို့ တောင်းပန်စကားလည်း ပြောလိုက်ပါတယ်'
'ဟာ… ရပါတယ် တွယ်တာရယ်၊ ဒါနဲ့ ရောက်တုန်း အိမ်ထဲဝင်ပါဦး၊ မေမေနဲ့ မိတ်ဆက်ပေးချင်လို့'
'ဟယ်… မလုပ်ပါနဲ့ ကိုတိုးရယ်'
'ဩော်… မဟုတ်ပါဘူး တွယ်တာရဲ့၊ ဘက်ခမ်းကပဲ ခေါ်သွားတဲ့သူတွေနဲ့ တွေ့ချင်တယ်လို့ ပြောပြောနေလို့ပါ၊ ခဏတဖြုတ်ပါ တွယ်တာ'

တွယ်တာက ဆက်ငြင်းလျှင် မကောင်းတော့၍ အားတုံ့အားနာဟန်မျိုးနှင့် တိတ်ဆိတ်စွာ လိုက်လာ၏။ မေမေက ဧည့်ခန်းတွင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာ အဆိုက်မင်(န့်)များ စာစီစာရိုက် လုပ်နေသည်။

ကျွန်တော်တို့ ဝင်သွားတော့ အသံကြား၍ မေမေ လှည့်ကြည့်၏။

'မေမေ သား မိတ်ဆက်ပေးမလို့'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကြောင့် မေမေ စူးစမ်းကြည့်နှင့် ကြည့်ပြီး ထလာကာ ဧည့်သည်ကို နွေးထွေးစွာ ဖိတ်ခေါ်သည်။

'လာ··· သမီးလေး၊ ထိုင်၊ ဘယ်ကလဲ၊ သင်တန်းတက်ဖို့လား'

'မဟုတ်ဘူး မေမေရဲ့၊ ဘက်ခမ်းကိုခေါ်သွားတဲ့သူတွေလေ၊ သူ့နာမည်က တွယ်တာတိုးစုတဲ့၊ အခု ဘက်ခမ်းကို ပြန်လာပို့တာ'

'ဪ··· ဟုတ်လား၊ သိပါဘူးကွယ်၊ အန်တီက အိမ်ကိုလာတဲ့ အရွယ်ကောင်းကလေးတွေဆိုရင် သင်တန်းတက်ဖို့လာတယ်ပဲ ထင်နေတာ၊ ဟင်း··· ဟင်း··· ဟင်း'

'ဟုတ်ကဲ့ရှင့်'

'အခု ဘက်ခမ်းကို ပြန်လာပို့တာပေါ့၊ အတော်ပဲကွယ်၊ သူ့ကို အားလုံးလွမ်းနေကြတာလေ၊ ဘက်ခမ်းနဲ့ကိစ္စတွေကော အဆင်ပြေလား'

'ဟုတ်ကဲ့၊ ပြေပါတယ် အန်တီ'

မေမေနှင့်တွယ်တာ စကားကောင်းနေစဉ် ဧည့်ခံဖို့ သတိရပြီး မီးဖိုခန်းပြေးဝင်ကာ အအေးတစ်ပုလင်းဖောက်၍ ဖန်ခွက်တစ်လုံး ဆွဲယူပြန်လာခဲ့၏။

'တွယ်တာ··· အအေးသောက်ပါဦး'

'ဟုတ်ကဲ့'

'သမီးလေးက ကျက်သရေရှိလိုက်တာကွယ်၊ ကျောင်းကော ပြီးသွားပြီလား'

'ကွန်ပျူတာ ဖိုင်နယ်တက်နေပါတယ် အန်တီ'

'ကောင်းတာပေါ့ သမီးရယ်၊ ဒီခေတ်က ပညာခေတ်မဟုတ်လား'

'ဟုတ်ကဲ့'

'ဒါနဲ့ အန်တီ ဘာမှာလိုက်သေးလဲ တွယ်တာ'



'နောက်မှဖုန်းဆက်တော့မယ်တဲ့'

'ဪ'

တွေ့ကာစမို့ အားလုံးပြောစရာစကား ရှားပါးနေကြသည်။ ကြာတော့ အားနာလာပြီး တွယ်တာက ပြန်ဖို့စကားစလာ၏။

'အဟင်း··· ဟိုလေ မာမီခိုင်းလိုက်တဲ့ ကိစ္စတစ်ခုရှိသေးလို့ ပြန်ခွင့်ပြုပါဦး အန်တီ'

'အေးကွယ်၊ အေး··· အေး··· နောက်ကြုံရင်လည်း ဝင်လည်နော် သမီး'

'ဟုတ်ကဲ့ရှင့်'

တွယ်တာ့ကို ကားဆီသို့ ကျွန်တော် ပြန်လိုက်ပို့ပေး၏။

'ကဲ··· ပြန်မယ် ကိုတိုး'

'ဟုတ်ကဲ့၊ နောက်နှစ်ပြိုင်ပွဲတွေ ဝင်ဦးမှာလား တွယ်တာ'

'သိပ်မသေချာပါဘူး ကိုတိုး၊ စင်သီယာက အစ်မမဟုတ်လား၊ သားတွေပေါက်ရင် သူလည်း ပြိုင်ပွဲဝင်ဖို့ စိတ်ဝင်စားမှာ မဟုတ်ဘူး'

'အင်း··· ဒါလည်း ဟုတ်တာပဲ၊ ဒါနဲ့ဟိုလေ ကျွန်တော် သတိရတဲ့အခါ ဖုန်းဆက်လို့ရမလား တွယ်တာ'

ကျွန်တော်၏ ပြောင်ကျလွန်းသော မေးခွန်းကြောင့် တွယ်တာ မျက်နှာရဲသွားသည်။ ကျွန်တော်ကလည်း ရသည့်အခွင့်အရေးကို မလွှတ်တမ်း အသုံးချရတာ မဟုတ်လား။ ခွေးကိစ္စပြီးသွားသလို ဖြစ်နေ၍ နောက်ဆုံဖို့အကြောင်းက မရှိသလိုဖြစ်နေသည်။ ဒါကို မခံစားနိုင်၍ ကျွန်တော် အရဲစွန့်ခြင်းလည်းဖြစ်၏။

'ကိစ္စရှိရင်တော့ ဆက်ပေါ့'

'ဟာ··· ဝမ်းသာလိုက်တာ တွယ်တာရာ၊ ကျေးဇူးပဲနော်'

'ရပါတယ်၊ သွားမယ်နော်'

'အိုကေ တွယ်တာ၊ ဆီးယူလိတ်တား၊ ဘိုင့်ဘိုင်'

www.burmeseclassic.com

www.burmeseclassic.com



ကွယ်တာတို့ ကားလေးထွက်သွားတာကို ကျွန်တော် မြင်ကွင်းမှပျောက်သွားသည်အထိ လှမ်းကြည့်နေမိ၏။ ကျွန်တော့်လက်ကို ဘက်ခမ်းက လာလျက်မှ ကျွန်တော် ပစ္စုပ္ပန်ကိုပြန်ရောက်လာရသည်။

'အာ… ဝု… ဂူး'

'ဟေ့ကောင် မင်းတော်တော်ပိန်သွားပါလား၊ ဘာမှမစားမသောက်ဘဲ အပြတ်ကဲခဲ့တယ်ပေါ့ ဟုတ်လား၊ မင်းကလေးအဖေဖြစ်တော့မှာနော်၊ ဟင်း… ဟင်း… သိပ်ကဲမနေနဲ့၊ လာခဲ့'

ကျွန်တော် ဘက်ခမ်းကို ဆွဲခေါ်ပြီး အိမ်ထဲဝင်လာခဲ့၏။ အပြည့်အသိပ်ရှိနေပြီဖြစ်သော dog food ကို ကျွန်တော် အများကြီးထည့်ကျွေးလိုက်သည်။

မဘက်လိုက်ပြီး အစားအသောက်ပျက်ခဲ့သော ဘက်ခမ်းအငမ်းမရ စား၏။

'အင်း… ညကျမှ မင်းကို အားဆေးကျွေးမယ်'

ထိုစဉ် အမေ ရောက်လာသည်။ ဘက်ခမ်းကို ပွတ်သပ်ကျီစယ်ရင်း…

'အခုမှ ငတ်ကြီးကျနေတယ်ပေါ့၊ ဟုတ်လား သားကြီး'

'ဝု… ဝု… ဝုတ်… ဝုတ်… ဝေါင်း'

ဘက်ခမ်းက အမေ့ကို ဟောင်၍ နှုတ်ဆက်ပြီး ခေါင်းနှင့်ဝှေ့နေသည်။

'ခုမှလာချွဲနေတယ်ပေါ့ ဟုတ်လား'

'ဟုတ်တယ် အမေ၊ ဒီကောင် မလွယ်ဘူး၊ ဟိုမှာတုန်းက ပြန်ခေါ်တာတောင် မရဘူးလေ'

'ဒါက သဘာဝပဲ သားရယ်၊ ကဲ နေစမ်းပါဦး၊ တွယ်တာဆိုတဲ့ ကလေးမလေး မဆိုးဘူးနော်၊ သား သဘောမကျဘူးလား'

'ဟာ… လုပ်ပြီ မေမေရာ၊ သူတို့က တအားချမ်းသာကြတာဗျ၊ အခြေအနေကြီးတွေ'



'မဆိုင်တာ သားရယ်၊ ယောက်ျားဆိုတာ ပညာတတ်ဖို့ အဓိကပါ၊ ငွေရှာနိုင်ရင် ပြီးတာပဲ'

'အဟင်း… အမှန်အတိုင်း ပြောရရင်တော့ သား စိတ်လှုပ်ရှားမိတယ် မေမေ၊ သား သူ့ကို သဘောကျတယ် မြတ်နိုးတယ်'

'အမေ မှန်းတာ မှန်နေပြီပေါ့၊ ငါ့သား မျက်ပန်းမှာ အားလုံးပေါ်နေတယ်၊ ဒါကြောင့် အမေရိပ်မိတာ'

'ဟာ… ရှက်လိုက်တာ မေမေရာ'

'ရှက်မနေပါနဲ့ကွယ် သဘောကျရင် ကြိုးစားကြည့်ပေါ့၊ ရေးရေစက်ပါလာရင် အဆင်ပြေသွားမှာပဲ'

'အဟင်း… မေမေ မြှောက်ပေးတာနဲ့ သားတော့ အားတက်သွားပြီ'

'ယောက်ျားပဲကွာ၊ မင်းအမေ့သား မဟုတ်ဘူးလား'

'ဟား… ဟား… ဟား… စိတ်ချ မေမေ သား ကြိုးစားကြည့်မယ်'

'အေး ကြိုးစား ဘက်ခမ်းကတော့ မိန်းမရသွားပြီ၊ ငါ့သားပဲ ကျန်တော့တာ'

'ဟာ… လုပ်ပြီ မေမေရာ'

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

နေ့ရက်များတို့သည် ဝါထိန်ကာ ကြွပ်ရွနေသော ရွက်ခြောက်တို့ကဲ့သို့ တဖြုတ်ဖြုတ် ကြွေပြီး ဘဝတစ်ပါးပြောင်းသွားကြသည်။ ကျွန်တော်နှင့် တွယ်တာ၏ ခင်မင်မှု ရောင်စဉ်ကလည်း တဖြည်းဖြည်း အရောင်ရင့်လာ၏။ ကျွန်တော်၏ မဆုတ်မနစ် ခွဲနပဲနှင့် ကြိုးစားကာ ရမယ်ရှာဖုန်းဆက်မှုများကြောင့် လေလှိုင်းထဲတွင်တော့ ရင်းနှီးမှု ပြင်းအားမြင့်မားလာခဲ့သည်။

ဒီကြားထဲ တွယ်တာတို့အိမ်ကြီးသို့ တစ်ခေါက်ရောက်ခဲ့သေးသည်။ စင်သီယာတွင် ဗီးကပ်တာ အပြီးသတ်သေချာကြောင်း တီရစ္ဆာန် ဆရာဝန်က အတည်ပြုအပြီးတွင် ဝမ်းသာခြင်း အထိမ်းအမှတ်နှင့် အလှူလုပ်ခဲ့စဉ်က ဖြစ်သည်။

ချမ်းသာသည့် သူများကျတော့လည်း အကြောင်းရှာ ပိုက်ဆံဖြုန်းကာ အလှူလုပ်နေကြတာပါပဲလားဟု ညချမိရ၏။ ထိုနေ့က တိုက်ဆိုင်စွာပင် တွယ်တာ့ဖခင် ဦးအောင်တိုးစုနှင့်တစ်ကြိမ် ဆုံခွင့်ရခဲ့သည်။ ညှိကောင်းစောင်ကောင်းတွေ များလွန်းလှသဖြင့် ဦးအောင်တိုးစုက ကျွန်တော့်လိုလူကို စကားသုံးခွန်းလောက်သာ ပြောသွားခဲ့ရာ နောက်တစ်ကြိမ် ပြန်ဆုံလျှင်တောင်မှ မှတ်မိမှာ မဟုတ်တာ သေချာသည်။



သို့နှင့် လူငယ်ဝိုင်းတွင် အသားကျ ဝိုင်းဖွဲ့ကာ တွယ်တာ၏ ဂရုစိုက် ဧည့်ခံမှုကို အပြည့်အဝ ရရှိခဲ့၏။ ပွင့်ပွင့်လင်းလင်း ချစ်စကား မပြောရသေးသော်လည်း ကျွန်တော့်ရင်ထဲမှ ခံစားချက်ကို မိန်းမသားတို့၏ အာရုံနှင့် ယောက်လှမ်းသိရှိပြီးဖြစ်လိမ့်မည်ဟု ကျွန်တော် ယုံကြည်သည်။

ဒီနေ့တော့ ကျွန်တော့်အိမ်ထောင်ရေးထီကို ကံစမ်းကြည့်မည်ဟု ဆုံးဖြတ်ထား၏။ မနေ့က တွယ်တာ ဖုန်းဆက်ချိန်းခဲ့သည်။ သူ့သူငယ်ချင်းတစ်ယောက် တယ်ရီယာခွေးပေါက်တစ်ကောင်လိုချင်သည်တဲ့။ လမ်းမတော်၊ သံဈေး တိရစ္ဆာန်ဈေးကွက်မှ မဝယ်ချင်၍ အကူအညီတောင်းရတာပါဟုလည်း ပြောသေးသည်။ အဆင်သင့်ချင်တော့ ဗညားဆီမှာ တယ်ရီယာ နှစ်လသားလေးငါးကောင်ရှိနေ၍ ကျွန်တော် ဝမ်းသာအားရနှင့် ကူညီမည်ဟု ကတိပေးထားခဲ့၏။ အမေ့ကို ကြိုပြောထားမိသဖြင့် အမေက နန်းကြီးသုပ်ကျွေးရန် ပြင်ဆင်ထားလေသည်။

ကျွန်တော်လည်း နာရီကြည့်လိုက် ခြံထဲဆင်းမျှော်လိုက်နှင့် ဂဏာမငြိမ်ဖြစ်နေ၏။ ကျွန်တော့်ကို ဘက်ခမ်းက ငုတ်တုပ်ထိုင်ကာ ကြည့်နေသည်။ တွဲလောင်းကျနေသော လျှာက ဝင်လိုက်ထွက်လိုက်နှင့်မို့ ဒီကောင် ကျွန်တော့်ကို ပြောင်ပြနေသလို ခံစားမိသည်။

'ဟေ့ကောင်… မင်း ငါ့ကိုလာနောက်နေတာလား ဘက်ခမ်း'

'ဝု… ဝု… ဝု… အူ… ဂူး… အူး… အူး'

ဘက်ခမ်းက လှောင်ပြောင်သလိုမျိုးနှင့် အူလိုက်သေး၏။ ကျွန်တော် ဒေါပွသွားပြီး နားရင်းအုပ်ဖို့ သူ့နားသို့ပြေးသွားလိုက်သည်။ ကျွန်တော့်အိုက်တင်ကို အလွတ်ရနေသော ဘက်ခမ်းက အရိုက်ခံရတော့မှာ သိနေသလို ကြိုတင်ပြေးထွက်သွား၏။ ဒီကောင့်ကို လိုက်ဖမ်းရတာ မလွယ်။ တမင်ပင် မမီအောင် ရှောင်တိမ်းပြေးနေသဖြင့် ကြာတော့ ကျွန်တော် မောလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟေ့ကောင်… မင်း မှတ်ထားလိုက်၊ ဒီနေ့ညစာ ဝေ်ပြီသာမှတ်'

'အု… ဝူး… ဝ'

ကျွန်တော် မသိမသာ တစ်လှမ်းချင်း တိုးသွားပြီး မီလောက်သော အကွာအဝေးအရောက်တွင် ဘက်ခမ်းဆီ ဒိုက်ထိုးကာခုန်အုပ်၍ ဖမ်းလိုက်၏။ ဘက်ခမ်းက အနားရောက်မှ ကပ်ရှောင်လိုက်သဖြင့် ကျွန်တော် မြက်ခင်းပေါ် မှောက်လျက်ပြုတ်ကျသွားတော့သည်။ ထိုအခိုက်မှာပင် ခြံထဲသို့ တွယ်တာတို့ကားကြီးဝင်လာတာတွေ့လိုက်ရ၏။ ကျွန်တော်တို့အဖြစ်ကို မြင်လိုက်မှာ သေချာသဖြင့် ကော်တော်ရှက်သွားမိသည်။ ဘက်ခမ်းကို အမြီးပင် မမြင်ရတော့…

ကားပေါ်မှ တွယ်တာနှင့် ကောင်မလေးတစ်ယောက် ဆင်းလာကြသည်။ ကျွန်တော် ရှက်ရယ်ရယ်ပြီး ဆီးကြိုလိုက်၏။

'ကိုတိုးက ဘက်ခမ်းနဲ့ ဒီလိုပဲဆော့နေကျလား'

'အဟင်း… ဟုတ်တယ် တွယ်တာ'

'ကောင်းတယ် ခွေးနဲ့နေရတာကမှ စိတ်ချမ်းသာသေးတယ်'

'ဟောဗျာ… တွယ်တာကတော့ လုပ်ချလိုက်ပြန်ပြီ'

'အကောင်းပြောတာ၊ လူတွေဆိုတာ မလိုတစ်မျိုး လိုတစ်မျိုးနဲ့'

'အဟဲ… တွယ်တာ ဘယ်သူနဲ့ ရန်ဖြစ်လာတာလဲ'

'မဖြစ်ပါဘူး၊ ကဲ… ထားလိုက်ပါတော့၊ ဒါ တွယ်တာ့ သူငယ်ချင်း သံစဉ်တဲ့၊ သံစဉ် ဒါ ကိုတင့်တယ်တိုး'

'ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်'

'ကျွန်မလည်း ပျော်ပါတယ် ကိုတိုး၊ တယ်ရီယာကို ဘယ်မှာ သွားကြည့်ရမှာလဲဟင်'

'သိပ်မဝေးပါဘူး၊ ဗဟန်းမှာပါ'

'ဒါဆို သွားလိုက်ရအောင်လား'



'ဟာ… နေပါဦး တွယ်တာရာ၊ တွယ်တာတို့ လာမယ်ဆိုလို့ အမေက နန်းကြီးသုပ်လုပ်ထားတယ်၊ အားလုံးအဆင်သင့်ပဲ'

'ဟယ်… ကိုတိုးကလည်း အန်တီ့ကို ဘာလို့သွားပြောထားတာလဲ၊ အားနာစရာကြီး'

ထိုအခိုက် မေမေ အပြင်ထွက်လာ၏။

'ဟော… သမီးတွယ်တာတို့ ရောက်နေပြီကိုး၊ အတော်ပဲ၊ ဟင်းချိုအိုးလည်း ခုပဲပွက်တယ်၊ လာကြလေ၊ နန်းကြီးသုပ် စားရအောင်'

မေမေကိုယ်တိုင် ထွက်ခေါ်နေသဖြင့် နှစ်ယောက်စလုံး အားနာပြီး အိမ်ထဲလိုက်လာကြ၏။ တစ်ခါတည်း ထမင်းစားခန်းထဲ ခေါ်သွားလိုက်သည်။

'ကဲ… တွယ်တာကော သံစဉ်ပါ ထိုင်ကြ၊ အားမနာနဲ့နော်၊ ကိုယ့်အမေလိုသဘောထား'

'သမီးတို့နှစ်ယောက်လုံး အစပ်စားလား'

'ဟုတ်ကဲ့၊ စားပါတယ် အန်တီ'

မေမေ အသုပ်သုပ်နေစဉ် ကျွန်တော်က စကားထောက်ညှိခံပေးရသည်။

'သံစဉ်က အခုမှ ခွေးမွေးမှာလား'

'မဟုတ်ဘူး ကိုတိုး၊ အရင်ကလည်း မွေးဖူးပါတယ်၊ နောက်ဆုံးတစ်ကောင် ကားတိုက်ပြီး သေသွားကတည်းက သံယောဇဉ်လောင်မြိုက်မှုကို ကြောက်ပြီး မမွေးတော့ဘဲ နေခဲ့တာ၊ ဒါပေမဲ့ ကြာတော့လည်း ပျင်းလာလို့'

'ဩော်… ဒီလိုကိုး၊ ဒါနဲ့တွယ်တာ ဒီတစ်ခါ စင်သီယာ့ ကိုယ်ဝန်အခြေအနေ ကောင်းတယ် မဟုတ်လား'

'အင်း… ကောင်းတယ် ကိုတိုး၊ မေမေကိုယ်တိုင် ဆေးခြားဆေးခန်းပြပြီး ဂရုစိုက်နေတာလေ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင်တော့ ဒီတစ်ခါ သေချာပါပြီ၊ လေးကောင်လား၊ ငါးကောင်လားပဲ'

ထိုစဉ်မှာပဲ မေမေက နန်းကြီးသုပ်ပန်းကန်များ လာချပေး၏။

'ကဲ… သမီးတို့ စားလိုက်ကြဦး၊ အဝစားနော်၊ အားမနာနဲ့'

'ဟုတ်ကဲ့ အန်တီ'

အိမ်အကူ အဒေါ်ကြီးက ဟင်းချိုပန်းကန် လာချပေးသည်။

'ကိုင်း… တွယ်တာကော၊ သံစဉ်ပါ အပီဆွဲနော်၊ မညာနဲ့၊ သိလား'

'ဟင်း… ဟင်း… ဟုတ်ပါပြီ ကိုတိုးရယ်၊ အပီဆွဲပါ့မယ်၊ ဟင်း… ဟင်း'

'သမီးတို့ စားလို့ကောင်းရဲ့လား၊ အစပ်အဟပ်ကော တည့်ရဲ့လား'

'ကောင်းပါတယ် အန်တီ၊ နန်းပလ္လင်မှာ စားရသလိုပါပဲ'

'ဟုတ်လား၊ ဒါဆို ခဏခဏလာခဲ့ကြပါလား၊ အန်တီတို့အိမ်မှာ လူကနည်းတော့ ခြောက်သည်ခြောက်သည်ဖြစ်နေတာကွဲ့'

မေမေက ကျွန်တော့်အတွက် တွယ်တာ့ကို အိမ်ခဏခဏလာအောင် ဖိတ်နေသဖြင့် ကျွန်တော် ရယ်ချင်သွား၏။ အမေရော သားပါ ဝိုင်းပိုးနေရသောအဖြစ်မို့ ရှက်တောင်ရှက်မိသည်။ ဒီနေ့တော့ ဘာကြီးဖြစ်နေနေ ဖွင့်ပြောတော့မည်ဟု ဆုံးဖြတ်လိုက်၏။ စားသောက်ပြီးသွားတော့ တွယ်တာက…

'သိပ်ကောင်းတဲ့ နန်းကြီးသုပ်အတွက် အရမ်းကိုကျေးဇူးတင်ပါတယ် အန်တီ၊ ကိုတိုးက Class ရှိသေးတယ်ဆို၊ ခွေးလည်းသွားကြည့်ရဦးမှာမို့ ကြာကြာမနေနိုင်တာ တောင်းပန်ပါတယ် အန်တီရယ်နော်'

'အေးကွယ်၊ လာတိုင်းလည်း လောလော လောလောနဲ့၊ နောက်တစ်ခါသေချာအချိန်ယူပြီး လာခဲ့ဦး၊ ကြားလား တွယ်တာ၊ ဒီက သမီးကောပေါ့'



'ဟုတ်ကဲ့ပါ အန်တီ'

'ခွင့်ပြုပါဦးနော်'

'အေးကွယ်၊ အေး… သမီးတွယ်တာ လာမယ်ဆို ဖုန်းကြိုဆက်နော်'

'ဟုတ်ကဲ့ပါ၊ သွားမယ်နော် အန်တီ'

ကျွန်တော်တို့သုံးယောက် ကားနှစ်စီးနှင့် ထွက်လာခဲ့ကြ၏။ ကျွန်တော့်ကားနောက်မှ တွယ်တာ၏ ဆိုက်ကနက်ခ်ပါ ပါသည်။ ဗညားတို့အိမ်သို့ အနီးဆုံးဖြတ်လမ်းမှ ခပ်သွက်သွက်မောင်းလာခဲ့သည်။ ဆယ့်ငါးမိနစ်နှင့် ဗညားတို့ခြံထဲ ရောက်လာ၏။ အိမ်ကထွက်လာကာနီးတွင် ဖုန်းထိုးထားသဖြင့် ဗညားအဆင်သင့်စောင့်နေသည်။

ဗညားနှင့် သံစဉ်ကို မိတ်ဆက်ပေးပြီး ခွေးလေးများကြည့်ကြသည်။ တယ်ရီယာမွေးပွခွေးလေးများက တကယ့်အရုပ်လေးများနှယ် ချစ်စဖွယ်ကောင်းလွန်းနေသည်။ ဗညားနှင့် သံစဉ် ခွေးရွေးပြီး ဈေးစကားပြောနေကြခိုက် ကျွန်တော်က ခြံထဲက ခုံတန်းသို့ တွယ်တာ့အား ခေါ်ထုတ်လာခဲ့သည်။ ထိုခုံတန်းတွင် ဗညား၏ ညီမများ ပြင်ဆင်ပေးထားသော အအေးပုလင်းများ ရှိနေ၏။ ကျွန်တော့်တွင် အချိန်ဆင်းရဲနေသဖြင့် စကားကို တက်သုတ်ရိုက်ပြောမှ ဖြစ်မည်။

'တွယ်တာ ဖိုင်နယ်အိပ်ဇမ်း နီးပြီလား'

'နှစ်လပဲ လိုတော့တယ် ကိုတိုး'

'ဟုတ်လား၊ အင်း… ဒါဆို စဉ်းစားဖို့အချိန် လုံလောက်ပါတယ်'

'ရှင်… ဘာကိုစဉ်းစားရမှာလဲ'

'ကျွန်တော် တွယ်တာ့ကို မြင်မြင်ချင်းဆိုသလို'

စကားစရှိသေးသော်လည်း ကျွန်တော်တို့ဆီ ဗညားနှင့်သံစဉ်

www.burmeseclassic.com

www.burmeseclassic.com



လာနေတာတွေ့လိုက်၍ ကျွန်တော် စိတ်ပျက်သွားရ၏။ ပြောဖို့အချိန်မလုံလောက်တော့သဖြင့် အရေးပေါ်ပြင်ဆင်ထားသော ဒုတိယအစီအစဉ်ကိုသာ ထုတ်သုံးလိုက်ရသည်။ အဆင်သင့်ယူလာသော MP4 ကို တွယ်တာ့လက်ထဲ ထည့်ပေးလိုက်ရင်း…

'သံစဉ်တို့ လာနေပြီ၊ ပြောဖို့အချိန်မရတော့ဘူး၊ ဒီ MP4 ထဲက ဗီဒီယိုကိုဖွင့်ကြည့်ပါ တွယ်တာ၊ ကျွန်တော် ပုစ္ဆာတစ်ပုဒ်မေးထားတယ်၊ အဲဒါကို စာမေးပွဲပြီးရင် အဖြေပေးပါနော်'

တွယ်တာ အူကြောင်ကြောင်နှင့် MP4 ကို ယူထားလိုက်သည်။

'ကျွန်တော် ပြောတာ နားလည်ပါတယ်နော်'

တွယ်တာ စကားနှင့်မပြောဘဲ ခေါင်းညိတ်ပြသည့်မို့ ဒီလောက်နှင့်ပဲ ကျွန်တော် ကျေနပ်လိုက်ရသည်။ ဗညားတို့ရောက်လာ ဝင်ထိုင်လိုက်ကြ၏။

'ဘယ်လိုလဲ အဆင်ပြေရဲ့လား သံစဉ်'

'ပြေပါတယ် ကိုတိုးရဲ့၊ ခွေးလေးတွေက အကုန်လှနေတော့ ရွေးရခက်နေတာ၊ ဈေးကလည်း အပြင်ပေါက်ဈေးအတိုင်းပါပဲ'

'ဒါကလည်း တွယ်တာတို့ တင့်တယ်တို့ ပါလာလို့နော်'

'အဟင်း… အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မ မရွေးတော့ဘူး ကိုဗညား၊ ကိုဗညားအကြိုက် အထီးလေးတစ်ကောင်သာထည့်ပေးလိုက်ပါရှင်'

ဗညား ခွေးကိစ္စလုပ်ဖို့ ပြန်ထွက်သွားသည်။ သံစဉ်က ငွေရှင်းဖို့ ပိုက်ဆံအထုပ်လိုက်ရေတွက်နေ၏။ ကျွန်တော်က တွယ်တာ့အား အသံတိတ်အကြည့်များနှင့် ရည်းစားစကားပြောနေမိသည်။ ကျွန်တော့် မျက်ဝန်းစကားကို တွယ်တာ နားလည်သည်ထင့်။ ရှက်သွေးများနှင့် မျက်လွှာချသွားခဲ့သည်။

'တွယ်တာ အားတဲ့တစ်ရက်လောက် အိမ်ကိုလာခဲ့ပါဦးနော်၊



မေမေက တွယ်တာနဲ့ အေးအေးဆေးဆေး စကားပြောချင်နေတာ'

'ဟုတ်ကဲ့ပါ ကိုတိုး၊ ကျွန်မ ကြိုးစားပါ့မယ်၊ လကုန်လောက်ဖြစ်ဖြစ်ပေါ့'

'ကျေးဇူးပါပဲ တွယ်တာရယ်၊ မေမေက ပြင်ဦးလွင်က မမကိုလွမ်းပြီး စကားပြောဖော် ရှာနေတာလေ'

ဒီလောက်နှင့်ပဲ ပထမအဆင့်ကို အဆုံးသတ်လိုက်သည်။ ဗညားနှင့် သံစဉ် ခွေးပေးငွေယူ အစီအစဉ်များပြီး၍ တော့ အားလုံးလမ်းခွဲခဲ့ကြ၏။

❒ ❒ ❒

ဒီရက်ထဲ ကျွန်တော့်ရင်ခုန်နှုန်းတွေ ဗလောင်းဗလဲဖြစ်နေသည်။ နှလုံးဆေးသောက်လျှင်တောင် ငြိမ်မည်မထင်ပါ။ တွယ်တာ့အား ပေးလိုက်သော MP4 ဗီဒီယိုဖိုင်ထဲတွင် တွယ်တာ့ကို ကျွန်တော် ရည်းစားစကားပြောထားသော ဗီဒီယိုရိုက်ချက်များပါသည်။ ဖိုးကာ၏ တစ်နေကုန်ထိုင်ပြီး တစိမ့်စိမ့်ကြည့် သီချင်းကို ကျွန်တော်ကိုယ်တိုင် ဂီတာတီးပြီး ဆိုထားတာလည်း ပါသည်။ ဒါ လုံလောက်သော ပရိုပို့စ်ပင်ဖြစ်၏။

ခုလောက်ဆို တွယ်တာ နှစ်ခါသုံးခါလောက်ပင် ကြည့်ပြီးဖြစ်ရာမည်။ သို့သော် သေချာအောင် ဖုန်းဆက်မေးဖို့တော့ သတ္တိမရှိ။ သိချင်စိတ် ပြင်းပြနေသော်လည်း ဖုန်းဆက်ဖို့ လက်တွန့်နေသည်။

သို့နှင့် စာသင်လိုက်၊ အဆောင်ချဲ့ဖို့ ပစ္စည်းအဝယ်ထွက်လိုက် ဘက်ခမ်းနှင့် ကစားလိုက်လုပ်ပြီး အချိန်ဖြုန်းကာ စိတ်ဖိစီးမှုလျော့ပါးအောင် လုပ်နေရသည်။

တစ်ရက်မှာတော့ ကျွန်တော့်ဆီ ဖုန်းဝင်လာ၏။ နံပါတ်ကို ကြည့်လိုက်တော့ တွယ်တာ့ဆီမှ ဖြစ်နေသဖြင့် ဝမ်းသာအားရနှင့်ဖုန်းကို ထောင်လိုက်သောအခါ…

www.burmeseclassic.com

www.burmeseclassic.com



'ဟဲလို... တွယ်တာလား'

'အန်တီပါ မောင်တိုးရဲ့'

'ဩော်... ပြော အန်တီ၊ ဘာထူးလဲ၊ ဘာလုပ်ပေးရမလဲ'

'ဝမ်းသာစရာပြောမလို့ မောင်တိုးရဲ့၊ ဘက်ခမ်းက သားသမီးလေးယောက်အဖေဖြစ်သွားပြီ သိလား'

'ဗျာ... ဟာ ဒါဆို စင်သီယာ မွေးပြီပေါ့ ဟုတ်လား'

'ဟုတ်တယ် မောင်တိုးရေ၊ အထီးနှစ်ကောင် အမနှစ်ကောင်လေ၊ အကုန်လုံး ချောချောလေးတွေချည်းပဲ သိလား'

'ဝမ်းသာလိုက်တာ အန်တီရာ၊ ကျွန်တော် တစ်ရက်လောက်လာကြည့်ဦးမယ်'

'လာကြည့်လေ မောင်တိုး၊ အန်တီလည်း အဲဒါပြောမလို့ ဖုန်းဆက်တာ'

'ဟုတ်ကဲ့၊ ကျွန်တော် သန်ဘက်ခါနေ့ခင်းလာခဲ့မယ် အန်တီ'

'အိုကေ... အန်တီ မျှော်နေမယ် ဒါပဲနော်'

'ဟုတ်ကဲ့ အန်တီ'

ကျွန်တော် ဖုန်းပိတ်ပြီး ဘက်ခမ်းကို လိုက်ရှာသည်။ နွေရောက်လာလို့လားမသိ။ ပူတာအိုက်တာ မခံနိုင်သော ဘက်ခမ်းကို ရေချိုးခန်းထဲမှာ တွေ့ရသည်။

'သားကြီး ဘက်ခမ်း မင်း ကလေးအဖေဖြစ်ပြီကွ၊ သိလား၊ မင်းရဲ့မျိုးဆက်တွေ ကမ္ဘာပေါ်မှာ ပျံ့နှံ့သွားတော့မယ်၊ မင်း ဝမ်းမသာဘူးလား'

ကျွန်တော် အပျော်စိတ်များနှင့် ခွေးကို လူစကားပြောမိသည်။ ဒါကို ခွေးမသား ခွေးက နားလည်မည်မထင်။ တအိအိ တဝုဝုနှင့် အစာတောင်းနေသေးသည်။ မနိုင်မနင်းနှင့် ဒီကောင်ကြီးကို ပွေ့ချီပြီး ကျွန်တော် ခေါ်ထုတ်ခဲ့သည်။ dog food လက်တစ်ဆုပ်လောက်ထည့်ကျွေးလိုက်သေး၏။



'စား ဘက်ခမ်းရေ၊ စား... မင်းက ကိုမျိုးအောင်ကြီးပေါ့၊ တစ်ခါတည်းနဲ့ လေးကောင်ရအောင် ပွားပေးနိုင်တဲ့ ကိုမျိုးအောင်ကြီး၊ ဟား... ဟား... ဟား'

□ □ □

ခွေးပေါက်လေးကောင်က စင်သီယာနို့ကို အလုအယက်အငမ်းမရ စို့နေကြ၏။ ထိုမြင်ကွင်းကို ကြည့်ရမြင်ရတာကိုက ကြည်နူးစရာကောင်းလွန်းနေသည်။ စင်သီယာ၏ မီးနေခန်းက အရမ်းသားနားလွန်းလှ၏။ နို့မဝမှာစိုး၍ အန်တီက နို့ဘူးအဆင်သင့်ပြင်ပြီး စောင့်နေသေးသည်။ စင်သီယာ မွေးရဖွားရသည်မှာ သာမန်လူဆုင်းရဲ မိသားစုထက် အဆတစ်ရာမက သာနေ၏။

'မောင်တိုး မင်းကော တစ်ကောင်လောက် ယူဦးမလား'

'မယူတော့ပါဘူး အန်တီ၊ အိမ်မှာက သင်တန်းနဲ့ဆိုတော့ လူဝင်လူထွက်များလို့ အဆင်မပြေပါဘူးဗျာ'

'အမလေး တော်ပါသေးရဲ့ကွယ်၊ လေးကောင်ထဲမွေးလို့ အန်တီ့မှာ အဝေမတည့်ဖြစ်နေတာ၊ ပထမ အော်စီကောင်နဲ့တုန်းက သုံးသိန်းအပြင် အထီးတစ်ကောင်ပေးရမယ်လို့ကို စာချုပ်ချုပ်ခဲ့ရတာ မောင်တိုးရဲ့'

'အန်တီပဲ ဝအောင်ချစ်ပါဗျာ၊ ကျွန်တော် မယူပါဘူး'

'ဝမ်းသာလိုက်တာကွယ်၊ မျိုးကောင်းလေးရထားတော့ အိမ်ထောင်ဖွဲ့ သမီးတွေကလည်း တစ်ကောင်စီ လိုချင်နေကြတာလေ'

'ဆန္ဒပြည့်သွားကြပြီပေါ့၊ ဟုတ်ဘူးလား'

'ဟုတ်ပ မောင်တိုးရယ်၊ ဟုတ်ပ၊ ဟုတ်ပ၊ ကဲ... ကဲ... အိမ်ထဲသွားပါဦး၊ ညှော်သည်ကို ဘာမှလည်း ညှော်မခံရသေးဘူး၊ သွား... တွယ်တာ ရှိတယ်၊ အန်တီတော့ ဒီမှာ မီးနေစောင့်လိုက်ဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ အန်တီ'

ကျွန်တော်လာခဲ့တာကလည်း တွယ်တာနှင့်တွေ့ဖို့သာ အဓိက ဖြစ်သည်ဆိုတော့ ပေါ့ပေါ့ပါးပါးဖြစ်သွားရ၏။ ဧည့်ခန်းတွင် တွယ်တာ အဆင်သင့်ရှိနေသည်။ သူ ကျွန်တော့်ကို ဖိတ်ခေါ်သော်လည်း မျက်လုံး ချင်းမဆုံအောင် ကြိုးစားနေ၏။

'ကိုတိုး… လာလေ၊ ထိုင်… ဘာစားမလဲ၊ ဘာသောက် မလဲ'

'မေတ္တာဟမ်ဘာဂါနဲ့ အကြင်နာကော်ဖီသောက်မယ် တွယ် တာ'

တွယ်တာ ကျွန်တော့်ကို တစ်ချက်စွေကြည့်ပြီး ခေါင်းငုံ့သွား တော့၏။

'တွယ်တာ MP4 ထဲက ဗီဒီယိုကို ကြည့်ပြီးပါပြီနော်၊ ဟိုနေ့ က ပြောဖို့အခွင့်မသာခဲ့လို့ပါ၊ ကျွန်တော် တွယ်တာ့ကို စတွေ့ခဲ့တဲ့ ခွေးပြိုင်ပွဲမှာကတည်းက စွဲလမ်းခဲ့ရတာပါ'

တွယ်တာ့ထံမှ မည်သည့်တုံ့ပြန်မှုကိုမှ မရ။

'တစ်ခုခုတော့ ပြောပါဦး တွယ်တာ'

စောင့်စားရသော အချိန်က ကြာမြင့်လွန်းသည်ဟု ကျွန်တော် ထင်သည်။ မျက်လွှာချ ခေါင်းငုံ့ထားသည့် တွယ်တာ့ကိုကြည့်ရင်း ကျွန်တော့်ရင်ထဲမှာ ချစ်စိတ်တွေ ပိုမိုရင့်မာလာခဲ့၏။

'တွယ်တာ'

မတတ်သာတော့သလိုမျိုး ခေါင်းမော့လာသော တွယ်တာ့ အလှက လပြည့်ညတွင် မွှင့်အာလာသော ကုမုဒြာကြာနှယ် မြင်ရ သည်။

'ကျွန်မ MP4 က ဗီဒီယိုကို ကြည့်ပြီးပါပြီ'

'ဒါ… ဒါဆို ဘယ်လိုသဘောရလဲဟင်'

'ကိုတိုးက စာမေးပွဲပြီးရင် အဖြေပေးဆို'



'အင်း… ဟုတ်တော့ ဟုတ်ပါတယ်၊ အမြည်းနည်းနည်း လောက် ကြော်ငြာဝင်ပေးလို့ မရဘူးလား တွယ်တာရယ်'

'ကိုတိုးက ကျွန်မကို ပရိုပို့စ်လုပ်တယ်၊ ကျွန်မမှာလည်း ချစ်သူမရှိသေးဘူး၊ ကိုတိုးရဲ့ ကမ်းလှမ်းမှုကို ကျွန်မ စဉ်းစားတုံ့ပြန် ပါ့မယ်၊ ဒါဆို လုံလောက်တဲ့ ဖြစ်ပေါ်တိုးတက်မှုတွေပဲ မဟုတ်လား'

'ဟူး… ဟုတ်ပါပြီဗျာ၊ ဒီလောက်နဲ့ပဲကျေနပ်ရတော့မှာပေါ့'

တွယ်တာက အဆင်သင့်ရှိနေသော ပစ္စည်းများသုံး၍ ကျွန်တော့် အတွက် ကော်ဖီဖျော်နေ၏။

'တွယ်တာ စဉ်းစားပေးမယ်ဆိုလို့ ဝမ်းသာပါတယ်ဗျာ၊ တွယ်တာက လုပ်စရာရှိတာလုပ်နေသလို ကျွန်တော်လည်း လုပ်သင့် တာ ဆက်လုပ်နေရတော့မှာပေါ့'

'ဘာများလဲ ကိုတိုး'

'ဩော်… အနာဂတ်ဘဝလှအောင် လက်ရှိသင်တန်းကို တိုးချဲ့ဖို့ပါ၊ စပီကင်အပြင် ဆယ်တန်းစာသင် စာကျက်ဝိုင်းတွေပါ တိုးချဲ့မယ်လေ၊ အဲဒါဆို မိသားစုလိုအပ်ချက်တွေ ဖြည့်ဆည်းဖို့ လုံ လောက်တဲ့ ဝင်ငွေရလာမှာပါ'

ကျွန်တော့်စကားကြောင့် တွယ်တာ လတ်ဆတ်စွာပြုံး၏။ နှစ်လိုဖွယ်အမူအရာနှင့်…

'စိတ်ငြိမ်သွားအောင် ကော်ဖီသောက်လိုက်ပါဦး ကိုတိုး'

'ဟုတ်ကဲ့… ဒီကြားထဲ ကျွန်တော် ဖုန်းမဆက်တော့ဘူးနော်၊ တွယ်တာ စဉ်းစားတာနဲ့ စာမေးပွဲအတွက် ပြင်ဆင်တာကို အနှောင့် အယှက်မပေးချင်လို့ပါ'

'ကောင်းပါတယ် ကိုတိုး၊ ကျေးဇူးပဲနော်'

'တစ်ခုတော့ ကြိုပြောထားပါရစေ၊ ကျွန်တော့်မေတ္တာရှင် လက်ခံဖြစ်ခဲ့ရင် တွယ်တာ ဒီအိမ်ပေါ်က ဘာဆိုဘာကိုမှ ယူမလာဘဲ ကျွန်တော့်ကို ယုံကြည်စွာနဲ့ ဆင်းလာရင်ပဲ လုံလောက်ပြီဆိုတာပါ'

www.burmeseclassic.com

www.burmeseclassic.com



တွယ်တာက လေးနက်စွာတွေးပြီး တည်ငြိမ်စွာပြုံး၍ ကြည်နူးစွာ ခေါင်းညိတ်ပြသည်။

'ကောင်းပါပြီ ကိုတိုး၊ ဒီအချက်ကိုလည်း ကျွန်မ ထည့်စဉ်းစားပါ့မယ်'

တွယ်တာ့ထံမှ အာမခံကတိစကားများရ၍ ကျွန်တော် စိတ်သက်သာစွာဖြင့် ကော်ဖီကို အရသာခံသောက်နိုင်ခဲ့သည်။ ကိစ္စတွေအားလုံးပြီးသွားပြီဆိုတော့ အချိန်တန်ပြီမို့ အိမ်ပြန်ရန်သာ ပြင်ရတော့သည်လေ။

'အစစအရာရာအတွက် ကျေးဇူးပါပဲ တွယ်တာ၊ ကျွန်တော် ပြန်မယ်နော်'

'ဟုတ်ကဲ့ ကိုတိုး'

ကျွန်တော် တွယ်တာ့ကို နှုတ်ဆက်ပြီး ထွက်လာခဲ့၏။ အန်တီစိန်ကို နှုတ်ဆက်ဖို့ရှာသော်လည်း လူရိပ်ပင် မတွေ့ရသဖြင့် နှုတ်မဆက်ခဲ့ရတော့။

❒ ❒ ❒

## အခန်း(၇)

ကျွန်တော်အပြင်မထွက်ဖြစ်သလို တွယ်တာနှင့်လည်း မတွေ့ဖြစ်ပါ။ လာမည့်စာသင်နှစ်အတွက် စာကျက်ဝိုင်းတွေ ဖွင့်ဖို့လိုအပ်တာမှန်သမျှ ပြင်ဆင်နေရသည်။ ဝါသနာတူ သူငယ်ချင်းများ လာရောက်ခက်သွယ်သဖြင့် ဆယ်တန်းဘာသာစုံအတွက် လုံလောက်သော ဆရာအင်အားကို ရရှိခဲ့ပြီမို့ အလုပ်အတွက် အားတက်မိသည်။

စပီကင် သင်တန်းကိုလည်း တစ်ချိန်တိုးလိုက်၍ တော်တော်မအားမလပ်ဖြစ်သွား၏။ ကျွန်တော် အညောင်းပြေ ခြံထဲဆင်းပြီး ဘက်ခမ်းနှင့်ဆော့ရန် ထွက်လာခဲ့၏။

ခြံထဲ ဖေဖေနှင့်မေမေ အရင်ရောက်နေတာ တွေ့ရသည်။ ဖေဖေတို့က လမ်းလျှောက်အပြေးကျင့်စက်ကို မြက်ခင်းပေါ် ချ၍ တစ်ယောက်တစ်လှည့် ပြေးနေကြသည်။ ဖေဖေတို့ စုံတွဲကိုကြည့်ရင်း ကျွန်တော် ရယ်ချင်နေမိ၏။ ဗိုက်ရွှဲရွှဲနှင့် ထရက်ဆုဝတ်ထားပုံကိုက ဟာသဖြစ်နေသည်။

ဖေဖေနှင့်မေမေ လေ့ကျင့်ခန်းပြီးသွား၍ တစ်ယောက်လက်တစ်ယောက်တွဲပြီး ထွက်အလာ ကျွန်တော် ထိုင်နေတာ လှမ်းမြင်၍ အရှိန်တန့်သွားကြသည်။ မေမေက အရင်လက်တွဲဖြုတ်လိုက်၏။

'ငါ့သား ငြိမ်လှချည်လား၊ ဘာဖြစ်နေလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဗျာ… ဘာမှမဖြစ်ပါဘူး ဖေဖေ'

ဖေဖေက ကျွန်တော့်ကိုတစ်လှည့် တိုးချဲ့အဆောင်ကိုတစ်လှည့် ကြည့်ရင်း ခေါင်းတညိတ်ညိတ်လုပ်ကာ…

'အင်း… အဆောင်လည်း အချောကိုင်ဖို့ပဲ ကျန်တော့တာ မဟုတ်လား၊ ပိုက်ဆံလိုသေးလား သား'

'လောလောဆယ် မလိုသေးပါဘူး ဖေဖေ၊ ကျွန်တော့်မှာ ဆယ်သိန်းလောက် ကျန်သေးတယ်၊ လောက်မှာပါ'

'ကောင်းတာပေါ့၊ ဒါနဲ့ စာသင်ဝိုင်းတွေအတွက်ကော ဘာတွေပြင်ဆင်ထားလဲ သား'

'လက်ကမ်းကြော်ငြာနဲ့ ပန်းဖလက်လုပ်ထားတယ် ဖေဖေ၊ ကြော်ငြာဗီနိုင်းတွေလည်း ထုတ်နေပါတယ်၊ နီးလာရင်တော့ သတင်းစာနဲ့ ဂျာနယ်မှာ ကြော်ငြာထည့်မလားလို့'

'အင်း… လိုအပ်တာ အကုန်စီစဉ်ထားသားပဲ၊ ငါ့သား အဆင်ပြေမှာပါ'

'ဟုတ်ကဲ့၊ သားလည်း အဲလိုပဲ မျှော်လင့်ပါတယ် ဖေဖေ'

ဖေဖေနှင့် စကားပြတ်သွားတော့ မေမေက ကစ်လှည့်ဖျူးပြန်သည်။

'ခုတလော တွယ်တာတို့ မလာပါလား သား'

'ဟုတ်တယ် မေမေ၊ သူတို့စာမေးပွဲနီးနေလို့'

'သြော်… ဟုတ်လား'

'ဘယ်သူလဲကွာ၊ တွယ်တာဆိုတာ'

'တွယ်တာဆိုတာ ဘက်ခမ်းကို ခေါ်သွားတဲ့အိမ်က ကောင်မလေးလေ'

'သြော်… သြော်… သြော်'

ဖေဖေက အဓိပ္ပာယ်ပါပါနှင့် တသြော်သြော်အသံပြုသည်။ ကျွန်တော် ဘာမှရှင်းပြမနေချင်တော့။



'ကဲ… ချွေးတိတ်သွားပြီ၊ ရေချိုးရအောင်'

'ဟုတ်ကဲ့ ကိုဝေ'

ဖေဖေတို့ အိမ်ထဲဝင်သွားတော့ ကျွန်တော် ပိုပျင်းသွား၏။ သို့နှင့် ဗညားဆီ ဖုန်းချိတ်ပြီး ဆိုင်တစ်ဆိုင်သို့ ချိန်းလိုက်သည်။ မေမေ့ကို အသိပေးပြီး ကားနှင့်ထွက်လာခဲ့၏။

ဘီယာဆိုင်ရောက်တော့ ဗညား ကြိုရောက်နေတာ တွေ့ရသည်။ စားသောက်စရာများပင် မှာထားပြီးနေပြီ။

'ကိုင်း… လုပ်စမ်းပါဦး၊ စိတ်ဆာတဲ့အကြောင်းက ဘာလဲ'

'ဘာရယ် မဟုတ်ပါဘူးကွာ၊ ပျင်းတာနဲ့…'

'လုပ်မနေစမ်းပါနဲ့ကွာ၊ မင်းလိုကောင် ဘီယာကို ချဉ်ချင်းတပ်မှတော့ ခံစားချက်တွေနဲ့ ဗိုက်ကြီးနေလို့ပဲ ဖြစ်ရမယ်'

'ဟား… ဟား… ယုတ်တမ်း ရမ်းတုတ်တဲ့ ဗေဒင်ကလည်း မှန်လှချည်လားကွ'

'ဘာလဲ၊ ဝန်ခံတယ်ပေါ့ ဟုတ်လား၊ ပြောစမ်း၊ တွယ်တာက ငြင်းလိုက်လို့လား'

'ဟာကွာ… မဦးမချွတ်၊ စာမေးပွဲပြီးမှ အဖြေပေးမှာတဲ့၊ ဒီကြားထဲ ဖုန်းကွန်တက်တောင် လုပ်လို့မရဖြစ်နေတော့'

'အောင်မလေးကွာ၊ လက်မောင်းရှပ်မှန်တာကိုများ မိုင်းထိသလိုဖြစ်နေရလား၊ အသက်နဲ့အဝေးကြီးဟာကို'

'ဟဲ… ဟဲ… မင်းက ဒါတွေခေါင်းထဲထည့်တဲ့ကောင်မှ မဟုတ်တာ၊ ဘယ်လိုလုပ် ကိုယ်ချင်းစာတတ်မှာလဲ'

ကျွန်တော် ဘီယာငုံပြီး ဗညားကို ခွပ်လိုက်၏။

'ဟေ့ကောင်… ကိုယ့်ဘာသာ အမြီးပြတ်လာပြီးမှ အမြီးပြတ်တဲ့စတိုင်က မိုက်တယ်ဆိုပြီး လိုက်စည်းရုံးမနေနဲ့၊ ဝါသနာမပါဘူး'

'သိပါတယ်ကွာ၊ မင်းက လိင်တူချင်းပဲ စိတ်ဝင်စားတယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



တာ၊ ငါ့ကိုတော့ ချမ်းသာပေးပါကွာ၊ ငါက တွယ်တာ့အတွက်မို့ပါ'

ကျွန်တော့်တီးချက်က လန့်ထွက်နေသဖြင့် ဗညား အကြီးအကျယ် ငွမ်းသွားသည်။ ရှုတည်တည် မျက်နှာပေးနှင့်...

'အေး... အပူမရှာချင်လို့ အေးဆေးနေနေတဲ့ လူကို အထင်လွဲတာ ပြဿနာမဟုတ်ဘူး၊ ပညာရှိကို စော်ကားရင် ငရဲအထိ ဒိုင်ဗင်ထိုးဆင်းရမှာနော်'

'အောင်မှာ ဘာပညာရှိလဲ'

'ဟ... မင်းဖုန်းလည်းဆက်လို့မရဘူး၊ တွေ့လည်းတွေ့ချင်တယ်၊ အဲဒီအခက်အခဲကို ဖြေရှင်းပေးမယ့် ပညာရှိ'

အမူအရာက ဗေလုဝကို ပေါင်ဒါရိုက်ထားသလို မသတီစရာဖြစ်နေသော်လည်း ဒီကောင့်ဆီက အကြံထွက်လိုထွက်ငြား ဖားပြောပြောပေးရ၏။

'အဟဲ... ဒီလိုဆိုတော့လည်း မင်းက အားကိုးရသားပဲ၊ လုပ်စမ်းပါဦး၊ ဘာအိုင်ဒီယာများ ရှိလဲ'

'အားကိုးတယ်ပေါ့'

ဗညား မျက်နှာပေးကိုက အမြင်ကတ်စရာ၊ ကာတွန်းထဲမှာဆိုလျှင်တော့ ကျွန်တော့် ရုပ်ပုံဘေးမှာ အငွေ့တွေထွက်ပြီး ပေါက်ခါနီးဒိုင်းနမိုက်ပုံတွေဘာတွေနှင့် ဖြစ်နေမှာ သေချာ၏။

'အဟဲ... ဟဲ... အေးပါကွာ၊ အားကိုးတယ်'

'အဟင်း... ဒီလိုလုပ်၊ စင်သီယာ သားပေါက်တယ်ဆို'

'အေးလေ၊ တစ်လသားလောက်တောင် ရှိတော့မယ်'

'ဒါအချိန်ကောင်းပေါ့၊ ငါ့ဘော်ဒါတစ်ယောက်က အယ်ဇေးရှင်းသားပေါက်လိုချင်လို့ဆိုပြီး ရမယ်ရှာရင်း သွားကြမယ်လေ'

'ဟာ... သူတို့က ရောင်းမှာမဟုတ်ဘူး၊ လေးကောင်တည်းမို့လို့တောင် အဝေမတည့်ဖြစ်နေကြတာ'



'အောင်မလေးကွာ၊ တင့်တယ် မင်း ဗိုန်းလှချည့်လား၊ တကယ်ဝယ်ဖို့သွားမှာ မဟုတ်ဘူးလေ၊ ရမယ်ရှာပါတယ်ဆိုမှ'

'ဟေ... ဟား... ကောင်းတယ်၊ ကောင်းတယ်၊ မင်း အိုင်ဒီယာက လန်းသားပဲ၊ မင်းမဆိုးဘူး၊ ဘက်ခမ်းလောက်နီးနီးတော်တယ်၊ သိလား'

'ဘာ... ဘာကွ'

□ □ □

'အောင်မလေး၊ မရောင်းနိုင်ပါဘူး မောင်ဗညားရယ်၊ ရှစ်သိန်းပေးပေး ကိုးသိန်းပေးပေး မရောင်းပါဘူး၊ ဒီမှာတောင် သမီးတွေအတွက် အဝေမတည့်ဖြစ်နေရတာ'

'အာ... ဒုက္ခပါပဲ အန်တီရယ်၊ ကျွန်တော်တော့ မျက်နှာပျက်ပါပြီ'

'မောင်ဗညား မျက်နှာပျက်တာ အသာထား၊ အန်တီတော့ မရောင်းနိုင်ဘူးကွယ်၊ တခြားကပဲ ရှာပေးလိုက်ပါ'

'ဒါလေးတွေက မျိုးကောင်းရိုးကောင်းဆိုတာ ကျွန်တော် သိနေတော့ ခက်တယ် အန်တီရဲ့'

'ခင်မင်မှုကိုထောက်ထားပြီး မျက်နှာနာမိပေမယ့် ဘယ်လိုမှ ရောင်းလို့မဖြစ်ပါဘူးကွယ်၊ ဆောရီးပဲနော်'

'ဟင်း... ခွေးလေးတွေက လှလိုက်တာဗျာ၊ မရောင်းပါဘူးဆိုမှ တအားကို လိုချင်လာပြီ၊ ဒုက္ခပါပဲ'

'ကဲ... ကဲ... မင်းတို့ ဧည့်ခန်းထဲကို လိုက်ခဲ့တော့၊ သံယောဇဉ်တွေ ဖြစ်ခဲ့ကြတော့၊ လာ... လာ'

ဗညား၏ ပီပြင်သော ဇာတ်လမ်းနှင့် ကျွန်တော်တို့ တွယ်တာနှင့် ဆုံခွင့်ရခဲ့ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'တွယ်တာ စာမေးပွဲအတွက် ရယ်ဒီပဲလား'

'အဟင်း… ကြိုးစားတုန်းပါပဲ ကိုတိုးရယ်'

'အောင်မှာပါ၊ သိပ်လည်းပူမနေပါနဲ့၊ စာမေးပွဲပြီးရင်သာ'

ကျွန်တော်နှင့်တွယ်တာ နှစ်ယောက်တည်းသာ သိသော ကိစ္စကြောင့် တွယ်တာ ရှက်ပြုံးပြုံး၏။ အန်တီစိန်က သိချင်သော အမူအရာနှင့်…

'ဘာလဲ သမီး၊ စာမေးပွဲပြီးရင် ဘာလုပ်မလို့လဲ'

အန်တီစိန့် မေးခွန်းက ကျွန်တော်နှင့်တွယ်တာအား ချောင်ပိတ်မိသွားစေခဲ့၏။ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ။ ဒီနေရာမှာ မိန်းကလေးတွေက ကျွန်တော်တို့ထက် ဖြတ်ထိုးဉာဏ်ကောင်း၏။

'ဟို… ဟိုဒင်းလေ၊ စာမေးပွဲပြီးရင် စပီကင်တက်ရင်း ဆယ်တန်းတွေကို Guide လုပ်ပေးမလားလို့ပါ၊ ကိုတိုးတို့ သင်တန်းမှာလေ'

'ဩော်… ဟုတ်လား၊ ဒီလိုဆိုရင် ကောင်းပါလေ့တော်၊ မာမီတို့ အနေအထားက အလုပ်လုပ်စရာ မလိုဘူးဆိုပေမယ့် ခုလို တတ်ထားတဲ့ပညာတွေ ပြန်အသုံးချမယ်ဆိုရင် သိပ်ကောင်းတာပေါ့၊ သမီးဒယ်ဒီသိရင် ဝမ်းသာမှာ'

အလျှောက်ကောင်းသဖြင့် အထောင်းသက်သာသွားသောကြောင့် ကျွန်တော် သက်ပြင်းချပြီး ပြုံးမိ၏။ တွယ်တာက ကျွန်တော့်ကို ချစ်စဖွယ် မျက်စောင်းဖြင့် ပစ်ခတ်သည်။ ထိုမျက်စောင်းမြားချက်က ကျွန်တော့်ရင်သို့ ထုတ်ချင်းပေါက် စူးနစ်စိုက်ဝင်သွားခဲ့၏။

❐ ❐ ❐

ထို့နောက်ပိုင်း ကာလများမှာ ကျွန်တော့်အတွက် ထမင်းလုံးတစ္ဆေအခြောက်ခံရသောနေ့ရက်များ ဖြစ်ခဲ့၏။ သွေးစုတ်ဖုတ်ကောင်တစ်ကောင်၏ အကြိမ်ကြိမ် သွေးစုပ်ခြင်းခံထားရသူတစ်ယောက်လို



ကျွန်တော် မရွှင်မလန်းဖြစ်နေသည်။ ကျွန်တော့်ဘက်က အနာဂတ်ကာလအတွက် ကြိုတင်ပြင်ဆင်မှုများက လုံးဝဥဿုံပြီးပြည့်စုံခဲ့ပြီ။

တွယ်တာကသာ ငြင်းပယ်ခဲ့မည်ဆိုပါက ကျွန်တော် ခံနိုင်ရည်မဲ့စွာ ပုံလျက်သား လဲကျသွားမည်မှာ သေချာလှသည်။ သက်ဆိုးတိုင် ပေါင်းဖော်ရမည့် ဘဝကြင်ဖော်အဖြစ် ရွေးချယ်ကာ ချစ်မိခဲ့ရတာမို့ မတော်တဆ လွဲခဲ့သော် ကျွန်တော် ဆောက်တည်ရာမရ ဖြစ်သွားနိုင်သည်။

မျှော်လင့်ချက်များနှင့် တိုးချဲ့ထားခဲ့သော လုပ်ငန်းများပါ ရေစုန်မျောသွားနိုင်သည်။ ဘယ်လိုမှ သည်းမခံနိုင်တော့သည့်အဆုံး တွယ်တာတို့ စာမေးပွဲနောက်ဆုံးရက်မတိုင်မီ ကျွန်တော် တွယ်တာ့ထံ ဖုန်းဆက်မိသည်။

'တွယ်တာ မနက်ဖြန် စာမေးပွဲက နောက်ဆုံးနေ့ မဟုတ်လား'

'အင်း… ဟုတ်တယ် ကိုတိုး'

'မနက်ဖြန် ကျွန်တော် တွယ်တာ့ကို တွေ့ချင်တယ်'

'ကိစ္စရှိလို့လား'

'မနောက်ပါနဲ့ တွယ်တာရယ်၊ ကျွန်တော့်အတွက် ဘဝနဲ့ရင်းထားရတဲ့ ကိစ္စပါ၊ တွယ်တာလည်း သိလျက်သားနဲ့'

တစ်ဖက်မှ အသံတိတ်သွား၏။ ခဏလောက် တိတ်ဆိတ်သွားပြီးမှ သက်ပြင်းချသံကို ဦးစွာကြားရသည်။

'ဟင်း… ဒီလိုလုပ်ပါလား၊ ကိုတိုး အားရင် ကျောင်းထဲကို ဆယ့်နှစ်နာရီလောက် အရောက်လာခဲ့လေ'

'ဆယ့်နှစ်နာရီ၊ အိုကေ၊ ဘာကိစ္စရှိရှိဖျက်ပြီး ကိုယ်အရောက်လာခဲ့မယ်'

'ကောင်းပြီ၊ တွယ်တာ စောင့်နေမယ်လေ၊ ဩော်… ကား ယူလာခဲ့နော်၊ မနက်ဖြန် မာမ် ကားသုံးစရာ ရှိနေလို့'

www.burmeseclassic.com

www.burmeseclassic.com



'စိတ်ချ တွယ်တာ၊ ဒါပဲနော်'

ဖုန်းပိတ်ပြီးသောအခါ ကျွန်တော့်ရင်ထဲ ဂျပန်တွင် လှုပ်ခတ်ခဲ့သော ငလျင်နှင့်ပြင်းအားတူသည့် ငလျင်တစ်ခု ဝင်ရောက်မွှေနှောက်နေသလို ခံစားနေရသည်။ ဒီညကို ကျွန်တော် ဘယ်လိုဖြတ်သန်းရမှန်းမသိတော့။ အိပ်ဆေးပုလင်းကို ကျွန်တော် ကောက်ကိုင်လိုက်မိသည်။

□ □ □

ကွန်ပျူတာတက္ကသိုလ်ဝင်းထဲရောက်တော့ ဆယ့်တစ်နာရီသာရှိသေး၏။ ကျွန်တော် ဗီရိယတွေ ပိုနေခဲ့ပြီထင်သည်။ ဒီနေ့အတွက် ကျွန်တော် ဘာကိုမှ နောက်မကျချင်ပါ။

နောက်ဆုံးတော့လည်း နာရီလက်တံတွေ တာဝန်ကျေပွန်ကြောင်း ကျွန်တော် လက်ခံလိုက်ရသည်။ အချိန်စေ့ပြီး မင်းတို့ဖြေနေတာတွေရပ်လိုက်တော့ဟု သတိပေးသည့် ဘဲလ်သံကို ဆူညံစွာကြားလိုက်မိ၏။ ဒီလိုဆူညံသံကြောင့် ကျွန်တော် ပျော်မိတာ ဒီတစ်ခါပဲရှိဦးမည်ထင်သည်။

စာသင်ခန်းများဆီမှ ကျောင်းသူကျောင်းသားများ ဒလဟောထွက်ကျလာ၏။ စောစောကတိတ်ဆိတ်မှုများအားလုံး မျိုးတုံးပျောက်ကွယ်သွားခဲ့ပြီ။ စီစီညံညံ အသံများ ဟေးလားဝါးလားအသံများက ဟိုမှသည်မှ ထွက်ပေါ်လာကြ၏။ ကျောင်းဝင်းတစ်ခုလုံး ရှုပ်ထွေးစည်ကားသွားသည်။ အသင့်ဆောင်လာကြသော ရေသန့်ဘူးများက ကျောင်းတွင်းသကြံန်ကို သက်ဝင်လှုပ်ရှားသွားစေခဲ့သည်။ အချင်းချင်း ရေပက်လောင်း၍ ခွဲခွာကာနီး နှုတ်ဆက်နေမှု မြင်ကွင်းက ကျွန်တော့်ကို ငယ်မူပြန်သွားစေ၏။

ရှုပ်ထွေးစည်ကား ပွက်လောရိုက်နေသော လူအုပ်ထဲမှ



တွယ်တာ့ကို ကျွန်တော် ကျီးကန်းတောင်မျှော် ရှာနေမိသည်။ ထင်ထင်လင်းလင်းဖြစ်နေသည့် တွယ်တာ့အလှကြောင့် လူကြားထဲမှာပင် သူ့ကိုအလွယ်တကူ ရှာတွေ့၏။ ကျွန်တော် လက်လှမ်းပြစဉ် ကောင်လေး သုံးကောင် တွယ်တာ့ကို ရေပိုင်းလောင်းနေကြတာတွေ့လိုက်ရသည်။ ကျွန်တော့်စိတ်ထဲ တင်းခနဲဖြစ်သွား၏။ ဆူဝေသွားသည့်စိတ်ကို ထိန်းကွပ်ရင်း ကျွန်တော် လှမ်းခေါ်မိသည်။

'တွယ်တာ… ကိုယ် ဒီမှာ'

ခေါ်သံကြောင့် တွယ်တာ လှမ်းကြည့်သည်။ ကျွန်တော့်ကို မြင်တော့ ပြုံးပြပြီး ချာတိတ်များကို နှုတ်ဆက်စကားဆိုနေလေ၏။ ပြီးတော့မှ ကြွေခြေခြေလှမ်းများနှင့် ကျွန်တော့်ဆီ လျှောက်လာ၏။ ကျွန်တော် မော်ဒယ်ရှိုးမှ အကဲဖြတ်ဒိုင်တစ်ယောက်လို တွယ်တာ့အလှကို အမှတ်ပေးနေခဲ့သည်။

တွယ်တာ ကျွန်တော့်နားရောက်ဖို့ ခြေလှမ်းငါးလှမ်းဟလောက်အလိုတွင် အခြေအနေက ထင်မှတ်မထားသော အချိုးအကွေ့တစ်ခု ဖြစ်သွား၏။ လန်ပျံနေသော အီမိုကေနှင့် အဖြောင့်စားချာတိတ်တစ်ယောက် သုတ်ခနဲရောက်လာပြီး တွယ်တာ့လက်ကို လှမ်းဆွဲထားလိုက်သည်။ တွယ်တာ ရုတ်တရက် ကြောင်သွားကာ လက်ဆွဲသူကို မော့ကြည့်၏။ ပြီးတော့ ကျွန်တော့်ကို လှမ်းကြည့်ကာ ဆောင့်ရုန်းသည်။

တွယ်တာ ကျွန်တော့်ထံ ဆက်လျှောက်လာ၏။ ကောင်လေးလည်း ထပ်ချပ်မကွာ ပါလာသည်။ သူတို့၏ အခေါ်အပြောများကို ကျွန်တော် စောင့်ကြည့်ဖို့လိုနေပြီ။

'တွယ်တာတိုးစု နေပါဦးဟ၊ ဘယ်လိုဖြစ်တာလဲ'

'ဘယ်လိုမှမဖြစ်ဘူး သီဟဇော်၊ ငါ ပြန်တော့မလို့'

'နင် ကားမပါဘူးဆို၊ ငါလိုက်ပို့ပေးမယ်လေ တိုးစုရဲ့'

'မလိုပါဘူး၊ ဟိုမှာ လာကြိုတဲ့သူ ရှိတယ်'

www.burmeseclassic.com

www.burmeseclassic.com



တွယ်တာက ကျွန်တော့်ကို ညွှန်ပြ၏။ သီဟဇော်ဆိုသော ကောင်ကလေးကလည်း ရွှတည်တည်နှင့် လှမ်းကြည့်သည်။ လုံးဝ ဂရုမစိုက်ဟန်နှင့် သူ့စကားသူဆက်သည်။

'တိုးစု နင့်ကို ငါ ချစ်တယ်ဆိုတာ ခဏခဏပြောပြီးနေပြီ၊ ငါ့ကိုအဖြေပေးဦးလေ'

ဟား··· ပြဿနာပါပဲလား။ ဒီပုဂ္ဂိုလ်လေးကလည်း ကျွန်တော့်လို မျှော်လင့်စောင့်စားနေသူတစ်ယောက်ပေပဲကိုး။ တွယ်တာ၏ အဖြေက ကျွန်တော့်ကို သတ်ပစ်လိုက်နိုင်စွမ်းရှိတာ ကျွန်တော်သိသည်။ လှိုက်ဖိုသော ရင်အစုံနှင့် အဖြေကို နားစွင့်၏။

'နင့်ကို အဖြေလည်းပေးမယ်၊ သူနဲ့လည်း မိတ်ဆက်ပေးမယ်'

ခြေနှစ်လှမ်းတိုးရုံနှင့် ကျွန်တော့်နားသို့ သူတို့ရောက်လာကြသည်။ ကျွန်တော် နှစ်ယောက်စလုံးကို ခြုံငုံပြုံးပြလိုက်၏။ ပုဂ္ဂိုလ်လေးထံမှ တုံ့ပြန်မှုကိုမရ။ ကျွန်တော်ကလည်း ဒါကိုအရေးစိုက်နေသူမဟုတ်။

'ကိုတိုး··· ရောက်နေတာ ကြာပြီလား'

'ဆယ့်တစ်နာရီကတည်းကလေ တွယ်တာရဲ့'

'အဟင်း··· သီဟဇော်၊ ဒါ ကိုတင့်တယ်တိုးတဲ့'

'ငါ မသိချင်ဘူး တိုးစု'

'မသိချင်လို့ မရဘူး၊ နင့်ကိုပေးမယ့်အဖြေက သူပဲ၊ နင့်ကို ငါစိတ်မဝင်စားဘူး သီဟဇော်၊ ဆောရီးပဲ'

'တောက်··· ဒီကိစ္စ အန်ကယ်သိသွားရင် နင်လွယ်မှာမဟုတ်ဘူး တိုးစု'

'ဘာလဲ၊ နင်ချွန်မလို့လား၊ ဒါတော့သဘောပဲ၊ ဒါပေမဲ့ ယောကျ်ားတစ်ယောက်က ဒီလိုလုပ်မှာမဟုတ်ဘူးလို့ ငါ ယုံတယ်၊ ကဲ··· သွားမယ် တာ့တာ'

BURMESE CLASSIC .com



တွယ်တာ လှည့်လာသဖြင့် ကျွန်တော် ကားတံခါးဖွင့်ပေးလိုက်သည်။ တွယ်တာ လှပစွာ ဝင်ထိုင်၏။ ကျွန်တော် ဒရိုင်ဘာနေရာသို့ဝင်ရန် ကားကိုပတ်ပြီး အသွားတွင် ပုဂ္ဂိုလ်လေးက ခြေသိုးခံလိုက်သည်။ ကံအားလျော်စွာ ရှောင်လိုက်နိုင်သဖြင့် ကျွန်တော် လဲကျမသွားခဲ့။ ကျွန်တော် သူ့ကို လှည့်ပြုံးပြပြီး ကားထဲဝင်ထိုင်လိုက်သည်။

'ဘယ်ကိုသွားမလဲ တွယ်တာ'

'တွယ်တာ ဗိုက်ဆာနေပြီ ကိုတိုး'

စက်နှိုးဂီယာထည့်ပြီး ကားမောင်းထွက်လာခဲ့သည်။ နောက်ကြည့်မှန်ထဲမှ သီဟဇော်၏ ဒေါသမျက်နှာကို မြင်လိုက်ရသေးသည်။ ခရီးစဉ်က အချစ်ရွာသို့ အသွားလား ကြေကွဲခြင်းမြို့သို့ အပြန်လား မရေရာသေး။

'ဖြေနိုင်ရဲ့လား တွယ်တာ'

'မကြာခင်မှာ ဘွဲ့တစ်ခုရတော့မှာပါ'

'ကောင်းတယ်ဗျာ၊ ဒါနဲ့ တွယ်တာ ဘာစားချင်လဲ၊ မြန်မာလား တရုတ်လား'

'တရုတ်စာပဲ ကောင်းမယ်ထင်တယ်'

'ဒါဆို ရှစ်မိုင်က ရွှေဘဲကို သွားမယ်၊ မိနစ်နှစ်ဆယ်လောက်ပါပဲ'

'ရပါတယ် ကိုတိုး'

ထို့နောက်မှာတော့ ကျွန်တော် ကားကိုသာ အာရုံစိုက်၍ အမြန်မောင်းလာခဲ့၏။ ရုတ်တရက် သတိရသွားသဖြင့် တွယ်တာ့ကို စောင်းငဲ့ကြည့်ပြီး···

'တွယ်တာ အဝတ်အစားတွေစိုနေတာ လဲဦးမလား၊ ဗစ်တိုးရီးယားကုန်တိုက်ကို ဝင်လိုက်မယ်လေ'

'မဝင်နဲ့တော့ ကိုတိုး၊ သွားရင်းလာရင်း ခြောက်သွားမှာပါ'

စကားဆက်မပြောဖြစ်တော့ဘဲ ရွှေဘဲသို့ ရောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘဲကင်တစ်ခြမ်း ငါးခေါင်းဟင်းချို၊ အခေါက်အသားနှင့် ထမင်းဖြူတို့မှာလိုက်သည်။ ပြီးတော့ စားစရာတွေ ရောက်မလာခင် တွယ်တာ့အလှကို ရှုစားနေလိုက်၏။

'တွယ်တာ ကျောင်းပြီးသွားတော့ ဘာလုပ်မယ် စိတ်ကူးလဲ'

'ကိုတိုးကို့ ကျောင်းမှာ စာလာပြမယ်လေ၊ ဆယ်တန်းကလေးတွေကိုတော့ Guide လုပ်ပေးနိုင်မှာပါ၊ ဘယ်လိုလဲ ခန့်မှာလား'

'သိပ်ခန့်တာပေါ့ တွယ်တာရယ်၊ သင်တန်းမှာ ဆရာမအဖြစ်တင်မကဘူး၊ ကိုယ့်ဘဝရဲ့ ဆရာမအဖြစ်ပါ ခန့်ချင်နေတာပါ'

'ဟော… လုပ်ပြီ၊ ယောက်ျားလေးတွေများ ဒါပဲ၊ စောစောကလည်းတစ်ယောက်၊ ခုတစ်ယောက်'

'ဟာ… တွယ်တာကလည်း ကိုယ်တို့က အစောကြီးကတည်းက သဘောတူထားခဲ့ကြတာလေ၊ တွယ်တာပဲ စာမေးပွဲပြီးရင် အဖြေပေးမယ်ဆို'

'ဟုတ်တယ်လေ၊ ဒါပေမဲ့ စာမေးပွဲဆာ ခုမှပြီးတာ၊ ခေါင်းထဲမှာ စာတွေကျန်နေသေးတယ်၊ ဘာမှမစဉ်းစားရသေးဘူး'

'အဲလိုတော့ မလုပ်ပါနဲ့ တွယ်တာရယ်၊ ဒီနေ့ကို ကိုယ်မျှော်လင့်တကြီးနဲ့ စောင့်နေခဲ့ရတာပါ'

ထိုအခိုက် မှာထားသော ဟင်းလျာများလာချပေးသဖြင့် ခဏစကားဖြတ်သွား၏။ တွယ်တာ ထမင်းပန်းကန်ထဲ ဟင်းတွေမို့မောက်နေအောင် ခပ်ထည့်ပေးလိုက်သည်။

'ရပါတယ် ကိုတိုးရယ်၊ တွယ်တာ့ဘာသာ စားပါ့မယ်'

တွယ်တာ တကယ်ဗိုက်ဆာနေပုံရသည်။ သွက်သွက်လက်လက် စားနေ၏။ ကျွန်တော်ကတော့ တွယ်တာ၏ အလှကိုသာ အဓိကထားစားနေမိသည်။ ထမင်းတစ်ပန်းကန်ကုန်တော့ တွယ်တာ အစားနှေးသွား၏။ သည်တော့မှ ကျွန်တော့်အကြည့်တွေကို သတိပြုမိသွားပုံရသည်။



'ကိုတိုး မစားဘူးလား'

'တွယ်တာ့ကိုတွေ့တာနဲ့ ဗိုက်ပြည့်သွားလို့'

'ဟူး… မလွယ်ပါလားနော်'

'ကိုယ်လည်း တကျီကျီမလုပ်ချင်ပါဘူး တွယ်တာရယ်၊ ဒါပေမဲ့ အဖြေလေးတော့ သိချင်တာပေါ့'

တွယ်တာက ဘဲကင်နှင့်အခေါက်ကင်ကို တစ်လှည့်စီစားရင်း ဟင်းချိုသောက်၍ အရသာခံနေသည်။ ကျွန်တော် ထမင်းမစားနိုင်လောက်အောင် ဖြစ်သွားခဲ့၏။

'တွယ်တာ့ဆီက အဖြေကို ကိုယ်က ဘဝနဲ့ရင်းပြီး စောင့်နေခဲ့ရတာပါ တွယ်တာ'

'ခက်တယ် ကိုတိုးရယ်၊ တွယ်တာ ကိုတိုးကို အဖြေပေးပြီးသားလေ'

'ဟင်… ပေးပြီးသား၊ ဘယ်တုန်းကလဲ'

'ဟား… သီဟဇော်နဲ့ မိတ်ဆက်ပေးတုန်းကလေ'

'တွယ်တာကလည်း နောက်နေပြန်ပါပြီ၊ အဲဒါ ဒီကောင့်ကို ပထုတ်ချင်လို့ ကျွန်တော့်ကို သုံးလိုက်တာ မဟုတ်လား'

'ဟင့်အင်း… တွယ်တာ့ရင်ထဲက ဆန္ဒအမှန်အတိုင်း သီဟဇော်ကို အသိပေးခဲ့တာ'

'ဗျာ… ဒါ… ဒါဆို၊ ဟာ… မဟုတ်သေးပါဘူး တွယ်တာပြောတဲ့အထဲမှာ ချစ်တာတို့ ချစ်သူတို့ဆိုတာတွေမှ မပါတဲ့ဟာ၊ နင့်ကိုပေးမယ့်အဖြေက သူပဲ၊ နင့်ကိုငါ စိတ်မဝင်စားဘူး သီဟဇော်တဲ့'

'အင်းလေ… အဲဒါ ကိုတိုးနဲ့ သီဟဇော်ကို တစ်ခါတည်း အဖြေပေးလိုက်တာလေ'

'တွယ်တာရယ် အဲလို ရှုပ်ရှုပ်ထွေးထွေးတော့ မလုပ်ပါနဲ့၊ ကိုယ့်အတွက် အဖြေကို စကားလုံးလှလှတွေနဲ့ တိတိကျကျ ပြောပြပေးပါ'

www.burmeseclassic.com

www.burmeseclassic.com



'ကိုတိုး ၂၀၀၀ ခုနှစ်မှာ အိပ်ပျော်ပြီး ကျန်ခဲ့တာလား'

'ပြောတော့ တွယ်တာ'

'တွယ်တာက စာမေးပွဲနောက်ဆုံးရက်မှာ လာကြိုနိုင်းတယ်၊ အပြိုင်အဆိုင် ပရိုပို့စ်လုပ်ထားတဲ့သူတစ်ယောက်ကို ဟင့်အင်းလို့ ပြောခဲ့တယ်၊ ပြီးပြီပေါ့'

'အဲလိုတွေးရင်တော့ ဟုတ်တာပေါ့၊ ဒါပေမဲ့ ကိုယ်က ပွင့်ပွင့်လင်းလင်း စကားတွေကို ပယ်ပယ်နယ်နယ် နားထောင်ပြီး ပျော်ချင်သေးတာလေ'

'အဲဒီလောက်ထိ ရှေးရိုးဆန်ပြီး ခေတ်နောက်ကျမယ်မှန်းသိရင် မချစ်ခဲ့ပါဘူး၊ ခုတော့...'

'ရိုးသားတာ မကောင်းဘူးလား တွယ်တာရယ်'

'ကိုတိုးက သိပ်ရစ်တာပဲကွာ'

'ရစ်တာ မဟုတ်ပါဘူး တွယ်တာရဲ့၊ ချစ်တာပါ၊ ကဲ... ပြောပါ'

တွယ်တာ စိတ်အိုက်သွားဟန်နှင့် ကျောပိုးအိတ်ထဲမှ MP4 ကို ထုတ်ယူကာ လှမ်းပေး၏။

'ဗီဒီယိုဖိုင်ကို ဖွင့်ကြည့်လိုက်'

ကျွန်တော် MP4 ကို လှမ်းယူပြီး ခုန်သောရင် တုန်သောလက်တို့နှင့် ဗီဒီယိုကို ဖွင့်ကြည့်လိုက်သည်။ စာရွက်ဖြူတစ်ရွက်ကိုသာ တွေ့ရ၏။ ပြီးမှ တွယ်တာ့လက်ချောင်းလေးများပေါ်လာကာ အပေါ်မှ စာရွက်ဖြူကို တဖြည်းဖြည်းဆွဲချသွားသည်။ စာလုံးဝိုင်းဝိုင်းလေးများ ပေါ်လာ၏။

ကျွန်တော် အငမ်းမရ ဖတ်ကြည့်မိသည်။

'ကိုတိုးကို တွယ်တာ ချစ်ပါတယ်'

ဒါ လုံလောက်သော ပြန်ကြားချက်ပင်ဖြစ်သည်။ သို့သော် ကျွန်တော်က ရလေလိုလေ အိုဘဋ္ဌေဆိုသလို ဖြစ်နေ၏။



'တွယ်တာရယ် ကိုယ်က စပီကာင်ဆရာလေး၊ ဘာသာစကားရဲ့ အသံတွေကိုပဲ ခံစားချင်တာ'

'ဟိုး... တော်တော့ ကိုတိုး၊ ဒီမယ် စပီကာင်ဆရာ ဆရာ့ရဲ့ ပါးစပ်ကို ဘဲကင်တို့ အသားကင်တို့နဲ့သာ ပိတ်ထားလိုက်ပါတော့၊ ဒီလိုမှမဟုတ်ရင် ကျွန်မ ဒီအတိုင်းထပြန်သွားတော့မယ်'

'ဟား... ဟား... ဟား... တွယ်တာကလည်း သိပ်တွန့်တိုတာပဲ၊ ဒီစကားလေးပြောရတာကိုများ၊ ကောင်းပါပြီ တွယ်တာ၊ ကိုယ် အရမ်းပျော်သွားသလို အနာဂတ်အတွက်လည်း အင်နာဂျီတွေပြည့်သွားရပါတယ်၊ အဟင်း... မေမေသာ သိရင် ကိုယ့်ထက်တောင် ပျော်နေမှာ'

'ဟယ်... ဘယ်လိုကြီးလဲ၊ အန်တီ့ကို ဘာကိစ္စပြောရမှာလဲ၊ ရှက်စရာကြီး'

'မပြောလို့တော့ မဖြစ်ဘူး တွယ်တာ၊ တွယ်တာ့ကို ဖွင့်ပြောဖို့ တွန့်ဆုတ်နေတဲ့ ကိုယ့်ကို မေမေက အားပေးခဲ့တာ'

'ဟာ... သွားပါပြီ၊ ဘယ်လိုလုပ် မျက်နှာချင်းဆိုင်ရဲတော့မှာလဲ ကိုတိုးရဲ့'

'ဘာမျက နှာပူစရာရှိလဲ၊ မေမေက တွယ်တာ့ကို မြင်မြင်ချင်း ချွေးမတစ်ယောက် ( ) ချစ်နေခဲ့တာ'

'သွား... ( )မှန်းလဲ မသိဘူး၊ ရည်းစားထားတဲ့ကိစ္စကို လူကြီးတွေကို ပြောစ( )ဘူး'

'စောစောစီးစီး ( )ားတော့ နောက်ပိုင်းရှင်းပြရတာ သက်သာတာပေါ့'

'တော်ပါ၊ ကဲ... ( )ပ်... ပြန်မယ်'

'ဟာ... နေဦးလေ၊ ကိုယ် အခုမှ ဘဝင်ချောင် ရင်ချောင်ပြီး ဗိုက်ဆာလာတာ၊ ဟဲ... ဟဲ... ခဏစောင့်၊ ကိုယ်စားလိုက်ဦးမယ်'

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တွယ်တာ၏ ချစ်မျက်စောင်းကို ကျေကျေနပ်နပ် ခံယူပြီး ဟာနေသော ဝမ်းကို ကမန်းကတမ်း ဖြည့်ရ၏။ အင်း‥ ခုတော့လည်း ဘဲကင်းတွေတောင် လှလို့ပလို့ပါပဲလား။

□ □ □

တွယ်တာ၏ အချစ်ကို ရရှိပြီးနောက် ကျွန်တော့်လုပ်ငန်းများ အဆင်ပြေချောမွေ့လာသည်။ ဆယ်တန်းစာကျက်ဝိုင်းများ အချိန်လွတ်မရှိအောင် ရခဲ့သည်။ စပီကင်သင်တန်းတွင်လည်း ကျောင်းသားပိုများလာ၏။

တွယ်တာလည်း စာကျက်ဝိုင်းတွင် လာကူပေးသည်။ ဗညားလည်း တစ်နှယ်ငင် တစ်စင်ပါဆိုသလို ကျောင်းဆရာဖြစ်နေခဲ့ပြီ။ ရင်းနှီးသူများစုပေါင်းလုပ်ဆောင်ရသော လုပ်ငန်းခွင်မို့ ပျော်စရာကောင်းနေ၏။ တွယ်တာက တောင်းပန်ထားသဖြင့် တွယ်တာနှင့်ချစ်သူဘဝရောက်နေပြီဆိုသည့် သတင်းကို မေမေ့အား ပြောခွင့်မရသေးပေ။

ကျွန်တော်နှင့် တွယ်တာ၏ ချစ်သူဘဝမှာ သင်တန်းတွင် စာသင်ရင်း ဆုံတွေ့မှုမျိုးနှင့်သာ ဖြတ်သန်းနေခဲ့ရသည်။ နှစ်ယောက်တည်း ဆုံတွေ့ရသည့် ချစ်သူစစ်စစ်ဘဝကို မြည်းစမ်းခွင့်မရခဲ့သေးပေ။ ထိုကိစ္စအတွက် ကျွန်တော် တွယ်တာ့အား နားပူနားဆာလုပ်၏။

'တွယ်တာ ကိုယ်တို့ ချစ်သူတွေဆိုတာ ဟုတ်ကောဟုတ်ရဲ့လား'

'ဘာလဲ ကိုတိုးရယ်၊ ကိုတိုးက မယုံတာလား'

'မဟုတ်ပါဘူး၊ ကိုယ်တို့ချစ်သူနယ်မြေမှာ ခြေချခွင့်မရသေးဘူးလေ'

'ဘယ်လို‥ ဘယ်လို'



'ဟိုလေ၊ ပန်းခြံတို့ ရုပ်ရှင်ရုံတို့ ဘုရားတို့ နှစ်ယောက်အတူ မသွားဖူးသေးဘူးလို့ ပြောတာ'

'သြော်‥ ကိုတိုးရယ် ဒါတွေက အရေးကြီးလို့လား'

'ဟာ‥ ဘာလို့အရေးမကြီးရမှာလဲ၊ ချစ်သူဘဝမှာ ချစ်သူလို နေပြီးမှ အိမ်ထောင်သည်ဘဝကို တက်လှမ်းရမှာ မဟုတ်လား'

'အဟင်း‥ ကိုတိုး အားလို့လား'

'အားတာပေါ့၊ မနက်ခြောက်နာရီက ကိုးနာရီထိ အားတယ်လေ'

'အဲဒီအချိန် ရုပ်ရှင်ပြလား၊ ပန်းခြံဖွင့်လား'

'အင်း‥ ညရှစ်နာရီကစပြီးတော့လည်း အားတယ်လေ'

'ဒါဆို ညဘက်ဘယ်သွားမလဲ'

'နိုက်ကလပ်'

'တော်'

'မတော်ဘူး၊ ဝါဆိုလပြည့်နေ့မှာ သင်တန်းအားလုံးပိတ်တယ်လေ၊ အဲဒီနေ့ ကိုယ်တို့လျှောက်လည်ကြမယ်နော် တွယ်တာ'

'အင်း‥ သွားမယ်လေ'

'တကယ်နော်'

'တကယ်ပေါ့'

သင်တန်းတစ်ချိန်အပြီး နောက်တစ်ချိန် မဝင်ရသေးခင် အချိန်လုပြီး တွယ်တာ့ကို ကျွန်တော် ချိန်းဆိုခဲ့ရသည်။ တွယ်တာ လက်ခံခဲ့သဖြင့် ကျွန်တော် တွေးပျော်နေမိ၏။ လောလောဆယ်မှာတော့ စာသင်ခန်းထဲသို့သာ ခြေဦးလှည့်လိုက်ရသည်။

ထိုအချိန်တွင် တွယ်တာက နောက်သင်တန်း မစမီ အပေါ့အပါးသွားထားရန် အိမ်ထဲဝင်သွားသည်။

'ဟော‥ သမီးလေး ဗိုက်ဆာလို့လား၊ ဘာစားမလဲ'

'မဆာပါဘူး အန်တီ၊ သမီး တွိုင်းလက် ဝင်မလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဪ'

တွယ်တာ ရေအိမ်ဝင်ပြီး ပြန်ထွက်လာတော့ အန်တီက စကားစ၏။

'သမီး ငါးမိနစ် ဆယ်မိနစ်လောက် စကားပြောရအောင်'

'ရှင်… ဪ… ဟုတ်ကဲ့'

'ဒီမှာ အလုပ်လုပ်နေတာ သမီးအိမ်က သိသလား၊ ခွင့်ကော ပြုရဲ့လား'

'ဟုတ်ကဲ့၊ သိပါတယ်၊ မာမီခွင့်ပြုလို့လည်း သမီးလုပ်နေတာပါ'

'ဒါဆိုရင်တော့ ကောင်းပါလေ့ကွယ်၊ အဟင်း… နောက်တစ်ခုလောက် မေးချင်သေးတယ်ကွဲ့'

'ဘာများလဲ အန်တီ'

'ဒီကိစ္စ သားကိုမေးပေမယ့် သားက ဘာမှမပြောဘူး၊ မေးလို့လည်းမရဘူး၊ အဲဒါကြောင့် သမီးကိုပဲ မေးမလို့'

'ဟုတ်… မေးပါရှင့်၊ ဘာများသိချင်လို့ပါလဲ အန်တီ'

'တခြားတော့ မဟုတ်ပါဘူးကွယ်၊ သားနဲ့သမီး တစ်ယောက်ကိုတစ်ယောက် နားလည်မှုတွေ ရနေကြပြီ မဟုတ်လား'

'ရှင်'

'ဟင်း… ဟင်း… အန်တီလည်း ငယ်ရာက ကြီးလာတာပါ သမီးရယ်၊ သမီးတို့ နှစ်ယောက်ဆုံရင် တစ်ယောက်ကိုတစ်ယောက် ကြည့်တဲ့အကြည့်တွေက အပြန်အလှန် မြတ်နိုးမှုတွေနဲ့ ရှန်းလဲ့နေတာ အန်တီ သတိထားမိတယ်လေ'

'ရှင်… အဲ… အဲဒါ'

'ဟင်း… ဟင်း… ရှက်မနေပါနဲ့ သမီးရယ်၊ အန်တီက တိတိကျကျ သိပြီး ပျော်ချင်လို့ပါ၊ ပြီးတော့ အန်တီ့ဘက်က ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်ရဦးမှာလေ၊ သမီးတို့ကိစ္စက ဟုတ်တယ် မဟုတ်လား'



'အန်တီ ရိပ်မိနေတယ် ဟုတ်လား'

'ရိပ်မိတာပေါ့ သမီးရယ်၊ သားက ခုတလော သိပ်ကိုလှချင်နေတာလေ၊ အရမ်းရှိုးထုတ်တာပဲ၊ အန်တီ သိတာပေါ့'

'အဲ… ရှက်စရာကြီး အန်တီရယ်'

'ဒါ ရှက်စရာမဟုတ်ပါဘူး၊ သဘာဝပဲဟာ၊ အဟင်း… သမီးဆီက အသေအချာသိရလို့ အန်တီ ဝမ်းသာလိုက်တာကွယ်'

'သမီး… သမီး… သွားတော့မယ်နော်၊ ကျောင်းသားတွေ ရောက်နေပြီ'

တွယ်တာ ရှက်ရှက်နှင့် ထပြေးသွားတော့ ဒေါ်နွယ်အေး ပီတိများနှင့် ပြုံးပျော်ကာ ကျန်ခဲ့၏။ ထိုအင်တာဗျူးကဏ္ဍအား တွယ်တာ ပြန်ပြောပြမှ ကျွန်တော် သိခဲ့ရသည်။ မေမေက သူသိနေပြီ ဆိုတာကို ကျွန်တော် မသိအောင် ပြန်လည်ဖုံးကွယ်ထားခဲ့သည်ကိုး။

□ □ □

လေပွေလေရူးက ဆတ်စလူးခါအောင် တိုက်နေသဖြင့် တွယ်တာ၏ ဆံပင်များ တလူလူလွင့်နေသည်။ ထိုဆံနွယ်များ လူပ်ခါလွင့်မျောနေပုံက ကျွန်တော့်နှလုံးသား လွင့်မျောမှုများတော့ မီမည်မထင်ပါ။

'ဒါဆို ကိုယ်တို့ကိစ္စ မေမေ သိနေတာ ကြာပြီပေါ့၊ ဟုတ်လား တွယ်တာ'

'ဟုတ်ပ၊ ဟုတ်ပ၊ အဲဒါ ကိုတိုးကြောင့်'

'ဟာ… ကိုယ် မေမေ့ကို လုံးဝမပြောဘူး တွယ်တာ'

'ပြောတာထက် ပိုဆိုးတယ်လေ၊ ယောက်ျားတန်မဲ့ ပဲများနေတာကိုး၊ ဟိုကတစ်သက်လုံး စောင့်ရှောက်လာတဲ့ အမေ၊ မသိဘဲနေပါ့မလား'

www.burmeseclassic.com

www.burmeseclassic.com



'ဘာ… ကိုယ်ပဲမျှားလို့ ဟုတ်လား'

'ဟုတ်တယ်၊ သူ့သား ရှိုးထုတ်တာလွန်ပြီး အရမ်းလှချင်နေတာကိုစပြီး သတိပြုမိတာတဲ့၊ ပြီးတော့ တွယ်တာနဲ့ဆုံရင်ကြည့်တဲ့အကြည့်တွေကိုလည်း ကိုတိုးမေမေက သတိထားမိနေတာတဲ့'

'ဟာ… ဂန္ထဝင်မေမေ ကရုဏာမေမေ ကောင်းကင်မေမေ မြင့်မိုရ်မေမေ ရှားလော့ဟုမ်းမေမေ ဂျိမ်းစ်ဘွန်းမေမေပါပဲလား'

'အဲဒီနေ့က မေမေ ခေါ်မေးတော့ တွယ်တာဖြင့် ရှက်လိုက်တာ၊ မပြောပါနဲ့တော့'

'တွယ်တာကလည်း မိန်းကလေးဖြစ်ပြီး ဒီလောက်ရှက်ရလား'

'အောင်မာ သူပဲအပြောကောင်း'

'ဘာဖြစ်လဲ တွယ်တာရာ၊ ရှင်းပြရတာတောင် သက်သာသေး၊ မေမေက သဘောမတူဘူးလို့များ တစ်ခွန်းပြောလို့လား'

'အဲလိုသာ ပြောရင် ရှက်တာနဲ့ ဒေါသပေါင်းပြီး နေရာမှာတင် လဲသေသွားမလားပဲ'

'တွယ်တာကလည်းကွာ၊ တွယ်တာ့ကို ပရိုပို့စ်လုပ်ဖို့တောင် မေမေ မြှောက်ပေးခဲ့တာပါ ဆိုနေမှ'

'လူကြောက်၊ ရည်းစားကလည်းထားချင်၊ နံ့လိုက် အလိုက်ကြောက်လိုက်တာကလည်း သူ့အပြင်မရှိဘူး၊ ကဲပါ ဗိုက်ဆာပြီ၊ ဘာကျွေးမှာလဲပြော'

'အမယ်… အမယ်… မနေ့ကပဲ လခထုတ်ထားတာလေ၊ တွယ်တာ ကျွေး'

'ကျွေးပါဘူး၊ တွယ်တာက အလုပ်သမား၊ ကိုတိုးက အလုပ်ရှင်၊ သူဌေးက ကျွေးပေါ့'

'ကပ်စေးနဲမ… ကိုယ့်လင်လောင်းကိုတောင် မသဒ္ဓါဘူးလား'



'ထမင်းလေးတစ်ခါစားရဖို့အရေး တင်စီးခံရတာနဲ့တောင် မကာမိဘူး၊ တကယ်ပါပဲ'

'ဟဲ… ဟဲ… မိန်းမကလည်းကွာ၊ မောင်က မကျွေးဘူးလို့ ပြောလို့လား၊ ဝမ်းကစ်(စ်)သာပေးမယ်ဆိုရင် ဆီဒိုးနားမှာ ကျွေးဖို့လည်း ဝန်မလေးဘူး'

'ကန်တော့ပါသေးရဲ့'

'ဟား… ဟား… ဟား'

အခါကြီးရက်ကြီး ရုံးပိတ် ကျောင်းပိတ်ရက်တွင် တွယ်တာနှင့် ကျွန်တော် ချစ်သူဘဝလက်တွေ့သင်တန်းတက်ရန် ကန်တော်ကြီးထဲရောက်နေကြခြင်းဖြစ်သည်။ သို့သော်လည်း ဆိတ်ကွယ်ရာကရှာမရ။ ဘယ်နေရာကြည့်ကြည့် လူတွေနှင့် ပြည့်နေ၏။

ဒီတော့လည်း ချစ်သူသင်ပုန်းကြီးဖတ်စာမှ သင်ခန်းစာ(၁)တွင်ပါသည့်အတိုင်း လက်ချင်းယှက် ပခုံးကိုဖက်ဆိုတာလောက်သာ အကြိမ်ကြိမ် လေ့ကျင့်ခဲ့ရ၏။ သင်ခန်းစာ ကြေညက်သွားသောအခါ ကန်တော်ကြီးဝင်းအတွင်းမှ ဒေါ်လ်ဖင်စားသောက်ဆိုင်တွင် နေ့လည်စာ စားကြသည်။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ချစ်သူဘဝတွင် စားရသည့် ထမင်းက နတ်သုဒ္ဓါတမျှ အရသာရှိလှ၏။

'တွယ်တာ ကိုယ်တို့ချစ်သူဘဝနဲ့ ဘယ်လောက်ကြာကြာနေမှာလဲ၊ ဘယ်တော့လက်ထပ်ကြမှာလဲ'

'အင်း… နောက်ခြောက်လလောက်ဆို မာမီ့ကို ဖွင့်ပြောမယ်၊ မာမီတို့ သတ်မှတ်တဲ့အချိန် လက်ထပ်ကြတာပေါ့'

'ကောင်းသားပဲ၊ ကိုယ်နဲ့ ကိုယ့်မိသားစုဘက်ကတော့ အားလုံးအိုကေပဲနော်၊ တွယ်တာတို့ဘက်ကကော အဆင်ပြေပါ့မလား'

'မာမီက ကိုတိုးကို ခင်ပါတယ်၊ ဒါပေမဲ့ ဒယ်ဒီကိုတော့ အားလုံးကြောက်ရတယ်လေ၊ ဒယ်ဒီ သဘောတူဖို့က အဓိကပဲ ကိုတိုးရဲ့'

www.burmeseclassic.com

www.burmeseclassic.com



တွယ်တာ့အပြောကြောင့် ကျွန်တော် နည်းနည်းတော့မောသွား၏။

စားလက်စ ထမင်းပင် နင်ချင်သလိုဖြစ်သွားသည်။ ထိုစဉ် ကျွန်တော်တို့ စားပွဲဝိုင်းသို့ အရိပ်တစ်ခု မိုးလာ၏။ အမှတ်တမဲ့ကြည့်လိုက်တော့…

'ဟင်… အန့်တီ'

'ဟယ်… မာမီ'

'မူယာတို့ဆီ သွားမယ်ဆိုပြီး သမီးက ဒီရောက်နေတာကိုး'

'ဟို… ထိုင်… ထိုင်ပါဦး အန့်တီ'

'မာ… မာမီ ဘယ်ကဘယ်လို'

'ကျောက်စိမ်းပြပွဲက ပြန်လာတာ ဗိုက်ဆာတာနဲ့'

အဖြစ်က သမီးနဲ့ချိန်းတွေ့တုန်း အမေရောက်လာသည်မို့ မလန့်သော်လည်း စိုးထိတ်မိ၏။ အန့်တီက စိတ်အေးလက်အေးနှင့် စားချင်တာတွေ မှာနေ၍ ကျွန်တော့်နှလုံးခုန်သံ တဖြည်းဖြည်းငြိမ်သွား၏။

'နှစ်ယောက်တည်း ငိုနေပုံထောက်ရင် ရိုးရိုးခင်မင်မှုမျိုးတော့ မဟုတ်လောက်ဘူး ထင်တယ်'

ကျွန်တော်နှင့်တွယ်တာ အချင်းချင်း ကြည့်မိသည်။ ဒီကိစ္စ တွယ်တာ ရှင်းတာ ကောင်းမည်ထင်၏။

'ဟို… ဟုတ်… ဟုတ်ပါတယ် မာမီ၊ သမီးတို့ဘဝကို ရင်ဆိုင်ဖို့ လက်တွဲဖြစ်သွားကြပါပြီ'

'ဟင်း… ထင်တော့ထင်မိသား၊ မာမီ မောင်တိုးကိုခင်ပါတယ်၊ သမီးနဲ့လိုက်ဖက်တယ်လို့လည်း ထင်တယ်၊ ဒါပေမဲ့ သမီး ဒယ်ဒီ့အကြောင်းလည်း သိသားနဲ့၊ သီဟဇော်နဲ့ကိစ္စ စကားဦးသန်းနေတာ သမီးလည်း ကြားမှာပေါ့'

'မာမီ အဲဒါတော့ မဖြစ်နိုင်ဘူး၊ သီဟဇော်က ရမ်းကားတယ်၊



သူက သူဌေးသားတစ်ယောက်အပြင် တခြားအရည်အချင်းမရှိဘူး မာမီ၊ မိဘအရှိန်နဲ့ ပွေနေတဲ့လူတစ်ယောက်ပါ'

'အင်း… ခက်တော့ခက်တယ်'

'ကူညီပါ မာမီရယ်၊ ဒယ်ဒီ့ကို အကျိုးအကြောင်းပြောပြီး ကိုတိုးနဲ့ ဆုံကြည့်ပါလို့၊ အကဲခတ်ပြီးမှ ဆုံးဖြတ်ဖို့ နားချပေးပါ မာမီရယ်'

အန့်တီ သက်ပြင်းချပြီး စားစရာရှိတာ စားနေ၏။ တွယ်တာက စားပွဲအောက်မှ ကျွန်တော့်လက်ကို ဖြစ်ညှစ်အားပေးရှာသည်။ ကျွန်တော် တစ်ခုခုဝင်ပြောဖို့ လိုနေပြီထင်၏။

'အန့်တီ… ကျွန်တော်က ကိုယ့်အစွမ်းအစနဲ့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်တဲ့သူပါ၊ စီးပွားရေးသမားမဟုတ်လို့ မချမ်းသာပေမယ့် တွယ်တာ့အနာဂတ်ကိုတော့ တာဝန်ယူနိုင်ပါတယ် ခင်ဗျာ'

'အန့်တီ သိပါတယ်ကွယ်'

'မိဘတွေဆိုလည်း ကထိကနဲ့ အငြိမ်းစားလက်ထောက် ကထိကပါ'

'အန့်တီ အထင်မသေးလို့ မောင်တိုးနဲ့ ရင်းရင်းနှီးနှီးဆက်ဆံခဲ့တာပေါ့'

'ဒါဆို မာမီ သမီးတို့ကို ကူညီမှာလားဟင်'

အန့်တီက ကျွန်တော်နှင့်တွယ်တာကို ကရုဏာသက်စွာ ကြည့်၏။ ထို့နောက် တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ဟန်နှင့်…

'ကောင်းပြီလေ၊ မာမီ သမီးတို့ကို အတတ်နိုင်ဆုံး ကူညီပါ့မယ်'

စိုးထိတ်မှုတွေ အတန်ငယ် ပြေပျောက်သွားသော်လည်း ကျွန်တော်နှင့် တွယ်တာ၏ ရှေ့ရေးမှာ အဖုအထစ်၊ အနည်းနှင့်အများ ကြုံတွေ့ရတော့မည်ဟု ကျွန်တော် မှန်းဆမိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

ညစာစားဝိုင်းသည် ဘာသံမှ မကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွား၏။ ဖေဖေနှင့်မေမေက ကျွန်တော့်ကို ကရုဏာသက်စွာ ကြည့်သလို ခံပြင်းမှုလည်း ဖြစ်နေပုံရ၏။

‘တွယ်တာ့အဖေက ဘာလုပ်လဲ’

‘ဟိုတယ်တွေ၊ လမ်းဖောက်တာတွေ၊ ဓာတ်ဆီဆိုင်တွေ အများကြီးပါပဲ ဖေဖေ၊ မီဂါစတားသူဌေးတစ်ယောက်ပေါ့’

‘အခုအခြေအနေက’

‘တွယ်တာ့အမေကတစ်ဆင့် သူ့အဖေကို အသိပေးပြီး သားနဲ့ဆုံပေးမယ်တဲ့၊ သူ့အဖေနဲ့ စကားပြောကြည့်ရမှာပဲ ဖေဖေ’

ဖေဖေကော မေမေပါ ခေတ္တမျှ ငြိမ်သက်သွားကြ၏။ ဖေဖေက နက်နက်နည်းနည်း တွေးနေပုံရှိသည်။ မေမေက ဘာမှဝင်မပြောတော့ဘဲ ထမင်းကို မစားချင်စားချင် ဆက်စားနေ၏။

‘သားကလည်း သူ့ကိုမှ မေတ္တာရှိခဲ့တာကိုး၊ ကိုယ့်အသိုင်းအဝိုင်းထဲက မိန်းကလေးသာဆိုရင် အဖေတို့ မျက်နှာမော်နေရမှာ’

ဖေဖေ့အပြောကြောင့် ကျွန်တော် အားတုံ့အားနာ ဖြစ်မိ၏။

‘ဟုတ်ပါတယ် ဖေဖေ၊ အဲဒီအတွက်လည်း ကျွန်တော် မျက်နှာမပြဝံ့ပါဘူး ဖေဖေ၊ ဒါပေမဲ့ သားက တွယ်တာ့ရဲ့ အခြေအနေကို မသိသေးခင် မြင်မြင်ချင်း ချစ်မိသွားခဲ့လို့ပါ’



‘အေးလေ၊ တစ်ယောက်နဲ့တစ်ယောက် မေတ္တာရှိကြတယ်ဆိုတာလည်း ရေးရေစက်က ပါလာလို့ ဆုံကြရတာ မဟုတ်လား၊ သားကို အပြစ်ပြောနေတာ မဟုတ်ပါဘူး၊ တစ်ဖက်က အခြေအနေ မြင့်မားလွန်းတော့ သားမျက်နှာငယ်ရတာကို မငဲ့ချင်လို့ပါ’

‘သား သဘောပေါက်ပါတယ် ဖေဖေ၊ ဒါပေမဲ့ ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် တွယ်တာ သားဘက်မှာရှိနေမယ်လို့ ကတိပေးထားပါတယ် ဖေဖေ’

‘ဒါလည်း ဒါပေါ့ကွာ၊ နှစ်ဖက်မိဘ ကြည်ကြည်ဖြူဖြူနဲ့ဆိုရင် ပိုမကောင်းဘူးလား၊ အဲဒါကို ဖေဖေ ပြောချင်တာပါ’

‘ဟုတ်ပါတယ် ဖေဖေ’

‘ကဲပါ ကိုဝေရယ်၊ တွယ်တာ့အဖေနဲ့ ဆုံပြီး တစ်ခုခုသိရမှ ထပ်ပြီး စဉ်းစားကြတာပေါ့၊ ခုကတည်းက ကြိုပြီးစိတ်ဖိစီးမှု ခံနေရတာ မတန်ပါဘူး၊ သားလည်း အရမ်းပင်ပန်းနေပြီ’

ကျွန်တော်တို့ မိသားစု စကားဝိုင်း လုံးဝပြီးစီးသွား၏။ စိတ်မကြည်သာ၍ မေမေ့ကိုပင် ဘာမှကူလုပ်မပေးတော့ဘဲ ခြံထဲဆင်းလာခဲ့သည်။ တစ်ခြမ်းကို တိမ်ဖုံးထား၍ လသည်ပင် အင်နာဂျီမပြည့်ရှာ။ ဖိုးလမင်းကို အောင်သွယ်ခိုင်းစရာမလိုသော်လည်း အကူအညီတောင်းဖို့တော့ လိုနေပြီထင်သည်။

ထိုအခိုက် ကျွန်တော့်လက် စိုစိုစွတ်စွတ်ဖြစ်သွား၍ လန့်ပြီး လက်ကိုရုတ်၍ ငုံ့ကြည့်မိ၏။

‘ဟာ… ဘက်ခမ်း’

‘အု… ဝု’

‘သားကြီး ထမင်းစားပြီးပြီလား’

ကျွန်တော့်အမေးကို နားလည်ဟန်နှင့် ဘက်ခမ်းက လျှာနှင့် နှုတ်ခမ်းကို သိမ်းပြသည်။ အင်း… သူ့ဘဝကမှ ကျွန်တော့်ထက် အလျှင် အဆင်ပြေဦးမည်ထင်၏။ သူ့တို့မှာ တာဝန်ယူရမှု မရှိသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း အဆင့်အတန်း ခွဲခြားမှုတော့ ရှိနေတာပဲဖြစ်သည်။ ဘက်ခမ်းနှင့် စင်သီယာကိုပဲ ကြည့်၊ စင်သီယာက အော်စီပေါက်၊ ဘက်ခမ်းက ဂျာမန်အင်ပို့၊ ဒါကြောင့်မို့လည်း စင်သီယာ့အဆင့်အတန်း ပိုမိုနိမ့်ကျမသွားအောင် ဘက်ခမ်းနှင့် စုလျားပေးခဲ့တာ မဟုတ်လား။ ခွေးတောင် အဆင့်ခွဲမှတော့ ကျွန်တော်နှင့်တွယ်တာ ကွာခြားတာ ဘာမှမဆန်းဟု ပင် ပြောရမည်။

တွယ်တာ့ဒယ်ဒီက တွယ်တာ့ကို အဆင့်မြင့်ဂျာမန်အင်ပို့နှင့် သာဖြစ်စေ။ အဲလေ… ယောင်လို့ ပိုမိုအဆင်မြင့်သော လူ့ဂုဏ်တန် အသိုင်းအဝိုင်းမှ သတို့သားနှင့်သာ ဖြစ်စေချင်ပေလိမ့်မည်။ ဒါကို မိဘမေတ္တာဟုခေါ်မည်လား။ အရှုံးအမြတ် တွက်တတ်သည်ဟု ဆိုမည်လား။

'ဟား… မောတယ်ကွာ'

'အာ… ဝူ… ဝူး'

ဘက်ခမ်းက ကျွန်တော့်ကို နှစ်သိမ့်ပေးချင်နေပုံရသည်။ သူ၏ သဘာဝ သွေးသားဆန္ဒအတွက် ကြိုးကြိုးကျယ်ကျယ်ပြောရလျှင် ချစ်ခြင်းမေတ္တာအတွက် အဆင်ပြေချောမွေ့အောင် ကျွန်တော်က ကူညီပေးခဲ့သည် မဟုတ်လား။ ခွေးဆိုသည်မှာ သစ္စာရှိခြင်း၊ ကျေးဇူးသိတတ်ခြင်းတို့၏ ပြယုဂ်ဖြစ်ပေရာ သူ့သခင်၏ ကြေကွဲမှုကို နားလည်ပြီး ကူညီဖို့ ဟန်ပြင်နေရှာသည်။

'သားကြီးရာ မင်းစိတ်ကို ငါ နားလည်ပါတယ်၊ ဒါပေမဲ့ အခြေအနေက မင်းကူညီပေးလို့ မရပါဘူးကွာ'

'အာ… ဝူ… ဝုတ်… ဝုတ်… ဝုတ်'

ထိုညက စိတ်ထွက်ပေါက်ရရန် ကျွန်တော် ဘက်ခမ်းနှင့် လိုက်တမ်းပြေးတမ်း ကစားခဲ့သည်။ တော်တော်လေးမောသွားအောင် အတူတူဆော့ကြ၏။ ဒါမှ ပင်ပန်းပြီး ညအိပ်လို့ရမှာ မဟုတ်လား။

❐ ❐ ❐



ထိုရက်များအတွင်း ကျွန်တော်နှင့်တွယ်တာ စီရင်ချက်စောင့်မျှော်နေရသည့် အချုပ်တရားခံများလို ဖြစ်နေခဲ့၏။ စပီကင်သင်တန်းများ၊ စာကျက်ဝိုင်းများထဲသို့ အာရုံနှစ်၍ ရှေ့ရေးကို မစဉ်းစားဖြစ်အောင် နေခဲ့ကြသည်။ သို့သော် စိုးရိမ်စွာမျှော်လင့်စောင့်စားခဲ့ရသော ရက်က လျင်မြန်စွာ ရောက်လာခဲ့၏။ တစ်နေ့ စာသင်ပြရန် ရောက်လာသော တွယ်တာက ရောက်မဆိုက်ပင်…

'ကိုတိုး… မနက်ဖြန် ၁၀ နာရီလောက် ဒယ်ဒီနဲ့ လာတွေ့ပါလားဟင်'

တွယ်တာ့ထံမှ ဆိုင်းမဆင့် ဗုံမဆင့် ရုတ်တရက် ကြားလိုက်ရသော စကားကြောင့် ကျွန်တော် မူးမိုက်သွားသလိုမျိုး ခံစားလိုက်ရသည်။

'ကိုတိုး မအားလို့တော့ မရဘူးနော်၊ ဒါဘဝအတွက် အင်တာဗျူးပဲ'

'ကိုယ် နားလည်ပါတယ် တွယ်တာ၊ ကိုယ်တွေးနေတာက ဒါမျိုးဆိုတာ ကိုယ်တို့ ဆယ်တန်းမှာသင်ပြနေသလိုမျိုး ဒီလိုမေးရင် ဒီလိုဖြေ ကွက်တိဒက်ထိဆိုတဲ့ အမေးအဖြေမဟုတ်ဘူးလေ၊ စကားပြောရတာ အဆင်မပြေဖြစ်နေမှာ စိုးမိတာပါ'

'ဒါတော့ ဘယ်တတ်နိုင်မလဲ ကိုတိုးရယ်၊ ရင်မဆိုင်လို့လည်း ဖြစ်မှမဖြစ်တာလေ'

'ဟုတ်ပါတယ်၊ တွယ်တာ့ကို ချစ်တဲ့စိတ်တစ်ခုတည်းနဲ့ ကိုယ်လာခဲ့ပါ့မယ်'

'သိပ်လည်း စိုးရိမ်မနေပါနဲ့၊ မာမီလည်း ရှိနေမှာပဲဟာ'

'အင်းပါ တွယ်တာရယ်၊ အင်တာဗျူးမှာ အဆင်ပြေပါစေလို့သာ ဆုတောင်းရတော့မှာပေါ့'

ကျွန်တော်နှင့်တွယ်တာ သက်ပြင်းကိုယ်စီမှုတ်၍ ငိုင်တွေသွားကြ၏။ အင်း… မနက်ဖြန် စီရင်ချက်ချမယ့်နေ့ပေါ့ဟုသာ တွေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။ ထိုနေ့က ကျွန်တော်ကော တွယ်တာပါ စာသင်ရတာ ရှာန်မဝင်။ ဗလောင်းဗလဲ အတွေးများနှင့် အမှားမှားအယွင်းယွင်းဖြစ် နေကြ၏။

ဘယ်လိုမှ အာရုံစိုက်လို့ မရသည့်အဆုံး အခြားဘာသာရပ်ဆရာများကိုသာ အချိန်ပိုဆင်းခိုင်းလိုက်ရသည်။ ကျွန်တော်နှင့်တွယ်တာ ခြံထောင့်မှ ခုံတန်းတွင် အတူထိုင်ကာ လက်ချင်းဆုပ်၍ ဘာစကားမှ မပြောဘဲ စိတ်လေးလေးဖြင့် ငြိမ်နေမိကြ၏။

❒ ❒ ❒

နံနက်ခင်းက နေ့ဧလစေ့နှင့် အချိန်မှန်ပင် မီးရှူးသန့်စင် ဖွားမြင်လာခဲ့၏။ နံနက်၏ ဖွားဘက်တော် ကျေးငှက်များလည်း လေဟုန်စီးသတ္တဝါတို့၏ ဇာတိမာန် သီချင်းကို တီတီတာတာ ဟစ် ကြွေးနေကြသည်။ ထိုနံနက်ခင်းကို ကျွန်တော် စိတ်လေးလေးနှင့် ကြိုဆိုမိသည်။ နိုးထလာရသော်လည်း တက်တက်ကြွကြွ လန်းလန်း ဆန်းဆန်း မရှိ။ ကျွန်တော် အခန်းအောင်းရင်း ဖေဖေ အပြင်ထွက်တာ ကို စောင့်နေမိသည်။

ဒီနေ့ တွယ်တာ့ဒယ်ဒီနှင့် ချိန်းထားတာကို ဖေဖေတို့သိသည်။ ဖေဖေတို့လည်း စိတ်ဖိစီးမှုဒဏ်ကိုခံစားနေကြရသည်။ သို့နှင့်မျက်နှာ ပူပြီး မျက်နှာချင်း မဆိုင်ဝံ့ဘဲ ဖြစ်နေ၏။

ရှစ်နာရီခွဲလောက်တွင် ဖေဖေ မာဇဒါဂျစ်နှင့် ထွက်သွားသံ ကြားရသည်။ ထိုအခါမှ ကျွန်တော် အခန်းထဲက ထွက်ပြီး ရေမိုးချိုး၏။ ဆံပင်ကို သေသေသပ်သပ်ဖီး၊ ကော်လံကတုံးလက်ရှည်အဖြူနှင့် ယောပုဆိုးအသစ်တစ်ထည်ကို ဆင်မြန်းသည်။

မေမေ့ကို နှုတ်ဆက်ပြီး ကျွန်တော် ပါပလေကာလေး မောင်း ပြီးထွက်လာခဲ့သည်။ စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေ၏။ ဒီတစ်ခေါက်



က ဘက်ခမ်းကို သွားဖို့တာလည်းမဟုတ်။ စင်သီယာ မွေးသော ခွေးလေးများကြည့်ဖို့လည်းမဟုတ်။ တွယ်တာဆိုသည့် မိန်းကလေး အတွက် ကိုယ့်ကိုယ်ကိုယ် သွားပြရသလိုမျိုး ဖြစ်နေ၏။ ဒါဆို ကျွန်တော်ကော ဘက်ခမ်းနှင့် ဘာထူးသေးသနည်း။ ကျွန်တော်က ဟောင်ကောင်လား၊ အော်စီလား၊ ဂျာမန်အင်ပို့အစစ်လား။ ဟား… ကျွန်တော်တစ်ယောက်တည်း ကိုယ့်အတွေးနှင့်ကိုယ် ခွေးလုံးလုံးဖြစ်နေ သည်။ တွယ်တာတို့အိမ်သို့ ရောက်ဖူးသော အကြိမ်မနည်းတော့။ ဒီတစ်ခါ ကျွန်တော် မောင်းလာတာ အကြာဆုံးစံချိန်ပင်ဖြစ်မည်။

ဘယ်လောက်ပဲ ကြာအောင်မောင်းမောင်း သွားပါများ ခရီး ရောက်ဆိုသည့်အတိုင်း ဆယ်နာရီထိုးဖို့ ဆယ့်ငါးမိနစ်အလိုလောက် မှာပင် တွယ်တာတို့အိမ်သို့ ကျွန်တော် ရောက်သွားသည်။ လင့်ခရူဆာ၊ ဆာ့ဘ်နှင့်မတ်စ်တူးကားများအနီး ကျွန်တော်ပါပလေကာကို မျက်နှာ ငယ်စွာ ထိုးရပ်လိုက်၏။ တွယ်တာက အလိုက်တသိ ထွက်ကြိုနေ သည်။

'ကိုတိုးရယ်… လာမှ လာပါ့မလားလို့ ခုပဲ ဖုန်းဆက်တော့ မလို့'

'ဪ… မလာလို့ ဖြစ်မလား၊ တွယ်တာကလည်း အလကား စိတ်ပူနေရတယ်လို့'

'စိတ်ပူတာမဟုတ်ဘူး၊ ရင်တွေတုန်နေတာ'

'ကိုယ်လည်း အတူတူပါပဲ၊ ဒါနဲ့ တွယ်တာ့ဒယ်ဒီရှိလား'

'အင်း… ရှိတယ်၊ ဘယ်မှမသွားဘဲ စောင့်နေတာ၊ လာလေ ကိုတိုး၊ အိမ်ထဲဝင်ရအောင်'

တွယ်တာက ကျွန်တော့်ကို အိမ်ထဲခေါ် ဧည့်ခန်းတွင် နေရာ ပေးကာ သူ့ဒယ်ဒီကို ခေါ်ဖို့ အိမ်ပေါ်တက်သွား၏။ ထိုအခိုက် ကျွန်တော့်ခံစားမှုကို ဖော်ပြရမည်ဆိုလျှင် သားရဲပေါသည့် တော အလယ်တွင် မျက်စိသူငယ် နားသူငယ်နှင့် ကျန်ခဲ့ရသူလို ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုပြင် ကျယ်ဝန်းကာ တိတ်ဆိတ်ငြိမ်သက်သော အနေ အထားကလည်းရေခဲတိုက်မှ အလောင်းကောင်တွေကြား တစ်ယောက် တည်း ငုပ်တုပ်ထိုင်နေရသလို ထင်နေမိသည်။ စိတ်မရှည်နိုင်လောက် အောင် စောင့်ဆိုင်းပြီးမှ ခြေသံများကြားသည်။ မော့ကြည့်တော့ တွယ်တာတို့ မိသားစုသုံးယောက် ဆင်းလာကြတာ တွေ့၏။

ကျွန်တော် ထရပ်ပြီး ရိုသေသမှုနှင့် ကြိုဆိုလိုက်သည်။ တွယ်တာ့ဒယ်ဒီက ပြုံးသည့်ဆိုရုံလေး ပြုံးပြီး...

'ထိုင်ပါ၊ ထိုင်ပါ'

'ဟုတ်ကဲ့'

အားလုံးထိုင်ပြီး သွားကြသော်လည်း ဘယ်သူကမှ စကားမစ ထိုအခြေအနေကို တွယ်တာက ဝင်ထိန်းသည်။

'ဒယ်ဒီ ဒါ ကိုတင့်တယ်တိုးပါ'

'ဟုတ်ကဲ့... ကျွန်တော် တင့်တယ်တိုးပါ၊ မောင်တိုးလို့ပဲ ခေါ်နိုင်ပါတယ်ခင်ဗျာ'

'ဩ... အေး... ဟုတ်ပြီ၊ မောင်တိုးနဲ့ အန်ကယ့်သမီး မေတ္တာမျှနေတယ်ဆိုတဲ့ သတင်းကြားရတော့ အန်ကယ် စိတ်ပူသွား တယ်၊ ဒါက မိဘတစ်ယောက်အနေနဲ့ပါ၊ ကဲ... အပြည့်အစုံ မိတ် ဆက်ပေးပါဦး'

'ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်ပါတယ် အန်ကယ်၊ ကျွန်တော်က နိုင်ငံခြားဘာသာတက္ကသိုလ်က ဘွဲ့ရတစ်ယောက်ပါ၊ မိဘတွေကလည်း အဲဒီတက္ကသိုလ်က ကထိကတွေပါပဲခင်ဗျာ၊ အခု လောလောဆယ် ကျွန်တော်က စပီကင်သင်တန်းနဲ့ ဆယ်တန်း စာသင်ဝိုင်းတွေ ဖွင့်ထားတဲ့ သင်တန်းဆရာတစ်ယောက်ပါ'

'အင်း... ပညာအရည်အချင်း မိဘမျိုးရိုးနဲ့ ဥပမိရုပ်ကအစ အတွေအထူး ပြောစရာတော့ မရှိပါဘူး၊ ဒါပေမဲ့ အန်ကယ်က သမီး ကို ရွှေပေါ်မြှတင်ထားပြီး ငွေကိုလေလိုသုံးဖို့ ခွင့်ပြုထားခဲ့တာလေ'



'ကျွန်တော်က တွယ်တာ့ကို ပိုက်ဆံတွေပုံပေးပြီး လေလို သုံးပါလို့ မပြောနိုင်ပေမယ့် ရေလိုသုံးပါလို့တော့ ပြောနိုင်ပါတယ်၊ ဒါပေမဲ့ ပင်လယ်ရေတော့ မဟုတ်ဘူး၊ ဘုံဘိုင်ကလာတဲ့ ရေမျိုးပေါ့ အန်ကယ်'

'အဟက်... ဟက်... ဟက် စကားလေး လှပါတယ်၊ ဘုံဘိုင်ရေဆိုတော့ မီးလာမှမောင်းတင်လို့ရမယ်၊ ရေမလာတဲ့အခါ လည်း ရှိမယ်ပေါ့ ဟုတ်လား'

'ဟုတ်ကဲ့'

'ကဲ... အန်ကယ်လည်း အချိန်သိပ်မရဘူးကွ၊ လိုရင်းပဲ ပြောရအောင်၊ အန်ကယ် မင်းကို သမီးနဲ့လိုက်ဖက်တဲ့လူလို့တော့ မြင်ပါတယ်၊ ဒါပေမဲ့ လူပုဂ္ဂိုလ်အနေနဲ့ပဲ ပြောတာနော်၊ အလုပ်မပါ ဘူး၊ အန်ကယ် မင်း အလုပ်ကို သဘောမကျဘူး၊ သင်တန်းပြတဲ့ လူတစ်ယောက် ဝင်ငွေဘယ်လောက်ရှိမှာမို့လဲ'

'ဒါကတော့ ဆင်လည်းဆင့်အထွာ၊ ဆိတ်လည်း ဆိတ်အထွာ ဆိုသလိုပေါ့ခင်ဗျာ'

'စာသင်တဲ့လူတွေက ကြိမ်ခွေတွေပါ'

'ဘာကိုဆိုလိုတာပါလဲ ခင်ဗျာ'

'ကြိမ်ခွေဆိုတာ ဖောင်ကိုကွပ်တဲ့နေရာမှာ သုံးရတာ၊ ဖောင် ကွပ်တော့ဖွတ်ကောင်ပေါ့'

'ဗျာ'

အန်ကယ်ဦးအောင်တိုးစု၏ စကားကြောင့် ကျွန်တော် အံ့အား သင့်သွားရသလို အန်တီနှင့်တွယ်တာတို့လည်း မျက်စိမျက်နှာပျက် သွားကြ၏။ ကျွန်တော် တန့်နံ့တွေးရင်း ဒေါသပါထွက်လာမိသည်။

'မောင်တိုး မခံချင်ဖြစ်မယ်ဆိုတာ သိပေမယ့် ဒါကအမှန်ပဲ လေ၊ ဒီတော့ သမီး စိတ်ဆင်းရဲမှာကိုလည်း မလိုလားတော့ အန်ကယ် မင်းကို အကြံတစ်ခုပေးမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့'

'မင်း အလုပ်တွေ အကုန်ထားခဲ့လိုက်၊ အန်ကယ့်လုပ်ငန်းကို ဝင်ရလေ့လာ၊ စက်ရုံရုံးခွဲကို တာဝန်ယူနိုင်တဲ့ အနေအထားရောက်ရင် မင်းတို့ကို အန်ကယ် မင်္ဂလာဆောင်ပေးမယ်'

'ဗျာ'

'ကဲ… အန်ကယ့်စကား ကုန်ပြီ၊ အချိန်လည်း မရတော့လို့ သွားတော့မယ်၊ အန်ကယ့်စကားကို သေချာစဉ်းစားပါ၊ ဟုတ်လား၊ ကဲ… မော်မော် ကိုယ်သွားမယ်'

'ဟုတ်ကဲ့ ကိုအောင်'

အန်တီက အကောင်းစား သားရေလက်ဆွဲအိတ်ကြီးကို မွေ့ ပိုက်၍ အန်ကယ်ကို အိမ်ရှေ့ထိ လိုက်ပို့ရန် ထွက်သွားသည်။ ကျွန်တော် တွယ်တာ့ကို စိတ်ပျက်အားပျော့စွာ ကြည့်မိ၏။ တွယ်တာ လည်း မျက်နှာမကောင်း။ သိပ်မကြာခင်အတွင်း ကားသံကြားလိုက်ရ ပြီး အန်တီ ပြန်ရောက်လာသည်။ ကျွန်တော့်ကို အားတုံ့အားနာနှင့် ကြည့်ကာ…

'ဒီလိုပဲကွဲ့၊ မင်း အန်ကယ်က သူပြောချင်ရာ စွတ်ပြောသွား တာ'

'ရပါတယ် အန်တီ'

'အဲဒါ မောင်တိုးလည်း စဉ်းစားပေါ့၊ သူ့ဘက်က သဘော မတူတာ မဟုတ်ဘူး၊ အားလုံးကို မြင့်စေချင်တာပါကွယ်'

'မာမီရယ် ကိုတိုးက ဘယ်လိုလုပ် စီးပွားရေးလုပ်တတ်မှာ လဲ'

'ဒါကတော့ မွေးရာပါတတ်တဲ့ သူကော ရှိလို့လား သမီး ရယ်၊ မာမီသဘောက သားတို့သမီးတို့ကိုလည်း စိတ်ချမ်းသာစေချင် တယ်၊ အန်ကယ်နဲ့လည်း အဆင်ပြေစေချင်တယ်ကွယ်'

'ဟုတ်ကဲ့'



'ကဲ… ကဲ… သမီးတို့ အေးအေးဆေးဆေးတိုင်ပင်ကြဦး'

အန်တီက အလိုက်တသိ ရှောင်ပေးသလို အိမ်ပေါ် [illegible]ပြီး ကိုယ်ယောင်ဖျောက်သွား၏။ တွယ်တာက ကျွန်တော့်နား တိုးကပ်လာ ရင်း လက်မောင်းကို ဖက်တွယ်ကာ…

'ကိုတိုး… စိတ်ပျက်သွားပြီလားဟင်'

'အင်း… ဆိုပါတော့၊ ခုဟာက ကိုယ့်အလုပ်ကို…'

'တွယ်တာ သိပါတယ် ကိုတိုးရယ်၊ အဲဒီကြိမ်ခွေဆိုတဲ့ စကား အတွက် တွယ်တာ တောင်းပန်ပါတယ်'

'ရပါတယ်၊ တွယ်တာ ပြောတာမှ မဟုတ်ဘဲ၊ ဒါပေမဲ့ ခု ကိစ္စက သဘောမတူဘူးလို့ ပြောတာနဲ့ အတူတူပါပဲ တွယ်တာရာ'

'ဒါဆို ကိုတိုး၊ ဒယ်ဒီ့အလုပ်တွေ ဝင်လုပ်ဖို့'

'ဟုတ်တယ် တွယ်တာ၊ ကိုယ့်မှာ အဲဒီစိတ်ကူးမရှိဘူး၊ ကိုယ် က ဘမျိုးဘိုးတူ မိဘအမွေကို ဆက်ခံမယ့် ကျောင်းဆရာဘဝကိုပဲ နှစ်သက်တယ်၊ ကိုယ့်ဝင်ငွေ တစ်လဆယ်သိန်းတော့ ရှိတယ်၊ အဲဒါနဲ့ လူတစ်လုံး သူတစ်လုံးဖြစ်အောင် နေသွားလို့ရပါတယ်၊ တွယ်တာ ကိုယ့်ကို ယုံရင်ဆင်းခဲ့'

တွယ်တာ ဘာမှပြန်မပြောဘဲ ကျွန်တော့်ကို တွေတွေကြီး စိုက်ကြည့်နေသည်။ ဝေခွဲမရသည့် အမူအရာမျိုးနှင့် စိတ်ရှုပ်ထွေးနေပုံ ရသည်။

'တွယ်တာ သတ္တိမရှိတော့ဘူးလားဟင်'

မခံချင်စိတ်နှင့် ပြောလိုက်ရသော်လည်း ငွေဆယ်သိန်းဆိုတာ တွယ်တာ့ဆွဲကြိုးတစ်ကုံးဖိုးပင် မရှိတာ ကျွန်တော် သိသည်။ သို့သော် ပညာတတ် မာနကို လျှော့ပေးရန် ကျွန်တော် စိတ်မကူးမိပါ။

'ကိုတိုး… တွယ်တာ့ကို အထင်သေးတာလား'

'ကိုယ့်မှာ ပြောစရာများများ မရှိတော့ဘူးလေ'

'စိတ်ချ ကိုတိုး၊ တစ်ပတ်လောက် အချိန်ယူပြီး ကိုတိုး

www.burmeseclassic.com

www.burmeseclassic.com



ဆရာ့ရဲ့ ဆက်လုပ်မယ်ဆိုတဲ့အကြောင်း ဒယ်ဒီကို ပြောပြလိုက်မယ်၊ ပြီးတော့ သုံးလကနေ ခြောက်လအတွင်း တွယ်တာ ကိုယ့်နောက်ကို လိုက်ခဲ့မယ်၊ အစစအရာရာ ပြင်ဆင်ထားပါ'

'ဟာ… တွယ်တာ တကယ်ပြောတာနော်၊ ဝမ်းသာတယ် တွယ်တာ၊ ကိုယ့်ကိုတွယ်တာ တကယ်ချစ်တယ်လို့ သက်သေပြလိုက်သလိုပါပဲ၊ စိတ်ချ ကိုယ်အားလုံး ပြင်ဆင်ထားမယ်'

အနာဂတ် လင်းရောင်သစ်အတွက် အားတက်မှုကိုယ်စီနှင့် လက်ချင်းဆုပ်ကိုင်လိုက်ကြသည်။

□ □ □

အန်ကယ်ပြောသော စကားများထဲမှ ကြိမ်ခွေ ဖွတ်ကောင်ဆိုသော စကားကိုချန်၍ ဖေဖေတို့အား အသိပေးရသည်။ ကျွန်တော့် ဆုံးဖြတ်ချက်နှင့် တွယ်တာ၏ ရပ်တည်ချက်ကို ပြောပြ၏။ ဖေဖေက ဒူသလိုမဖြစ်ရင် ဖြစ်သလိုသာ ဒူးဟု အားပေး၏။ မေမေက ထင်မြင်ချက်မပေးသော်လည်း တွယ်တာ့ကို သွားတောင်းခွင့်မရတာ စိတ်မကောင်းဖြစ်နေပုံရသည်။

တွယ်တာလည်း အသွားအလာမပျက် စာသင်မပျက်နေလာခဲ့ကြ၏။ သို့သော် တွယ်တာ့ထံမှ သီဟဇော်နာမည်ကို မကြာခဏ ကြားလာရ၏။ တွယ်တာ့ဒယ်ဒီ၏ မျက်နှာသာပေးမှုနှင့် သူ့အပေါ် ကောင်းဆိုမှုများ ရှိလာကြောင်းလည်း ကြားရသည်။

သီဟဇော်က တွယ်တာ့ဒယ်ဒီ၏ ပီအေလိုဖြစ်နေတာတို့၊ စက်ဘက်ပူသွားလို့ လေဆိပ်လိုက်ပို့ရတာတို့ စသည်ဖြင့် အကြောင်းအရာ မထပ်အောင် ကြားရတော့ ကျွန်တော်ပင် တွယ်တာ့အပေါ် ယုံကြည်မှု ပျက်လာမိ၏။ သို့နှင့် သုံးလခန့်အကြားတွင် တွယ်တာလုံးဝပေါ်မလာတော့ချေ။ ကျွန်တော် တစ်ယောက်တည်း ဝေါင်းစင်းစင်းဖြစ်နေရသလို ကျွန်တော့်ဘေးတွင် ဘက်ခမ်းသာ ရှိနေတော့သည်။



ဖုန်းဖြင့် အဆက်အသွယ်လုပ်တော့လည်း ပိုင်ရှင်ပြောင်းသွားပြီဟုသာ အဖြေရ၏။ အခုမှ ကျွန်တော် ပဏ္ဍာမြေလူး အရှူးမီးဝိုင်းဆိုသလိုဖြစ်ရတော့သည်။ ဖုန်းကိုတောင် ခြေရာပျောက် အသစ်လဲလိုက်မှတော့ အိမ်ကိုသွားလည်း ဝင်ခွင့်မရ တွေ့ခွင့်မရမှာ ကျိန်းသေနေသဖြင့် ကျွန်တော် စိတ်မာတ်ချတ်ခြုံကျနေသည်။

ဖေဖေ မေမေတို့လည်း ကျွန်တော့်အဖြစ်ကို ကြည့်ကာ ကရုဏာ သက်နေကြ၏။ ကျွန်တော်က တွယ်တာ့ကတိကို ယုံကြည်ပြီး တိုးချဲ့စာသင်ဆောင်တွင် အခန်းကန့်ကာ ချစ်ဗိမာန်ကို ပြင်ဆင်ထားသည်ကိုး။ အိပ်ခန်း၊ ရေချိုးခန်း၊ အိမ်သာတို့ တွဲလျက်ပါသော အခန်းတစ်ခန်းကို အဲကွန်းတပ်၍ စိတ်ကြိုက်မွမ်းမံထားခဲ့သည်။ အခုတော့ ထိုအခန်းက ကျွန်တော့်ကို လှောင်သလို ကြည့်နေခဲ့ပြီ။

အချစ်ရေး အဆင်မပြေတာနှင့် ဘဝကို ရေစုန်မျှောပစ်ဖို့တော့ ကျွန်တော် စိတ်မကူးဖြစ်ပါ။ စာသင်ရင်း စိတ်ကို တည်ငြိမ်အောင် ထိန်းသိမ်းရသည်။ တစ်လနီးပါးကြာမှ အတွင်းဒဏ်နှင့်လူမှန် ပြန်ဖြစ်လာခဲ့သည်။ တွယ်တာ့အား လမ်းဌှိတွေ့သော သစ်ပင်တစ်ပင်လို သဘောမထားရက်သော်လည်း မတူညီသော ဘဝနှစ်ခုကို အတင်းဆွဲစေ့ရန် မကြိုးစားမိတော့။

ဤသို့ ကိုယ့်ကိုယ်ကိုယ် ထိန်းကျောင်းကာ အသားကျမည်ကြံကာမှ တွယ်တာက ဖုန်းဆက်လာ၏။ သူ့ကို လုံးဝအပြင်ပေးမထွက်ကြောင်း၊ သီဟဇော်နှင့် နေရာချထားပေးရန် မကြာခင် လူကြီးချင်း စကားပြောကြတော့မည်ဖြစ်ကြောင်း၊ ကျွန်တော့်ကို မမေ့နိုင် သစ္စာမဖောက်နိုင်သဖြင့် ခိုးရာလိုက်ဖို့ ဆုံးဖြတ်ပြီးကြောင်း၊ မနက်ဖြန်ည ဆယ့်နှစ်နာရီတိတိ လာခိုးလှည့်ဖို့အကြောင်း စံနေအောင် မနားတမ်းပြောသွားသည်။ အိမ်အလည်လာသော သူငယ်ချင်းဖုန်းနှင့် လူအ[illegible]တွင် ဆက်လိုက်ရပုံကိုလည်း ရှင်းပြ၏။

ကျွန်တော် ဗညားထံ ဖုန်းဆက်၍ သတင်းပေး[illegible] ဗညားက

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်တိုင်ခိုးရမည့်အလား ပိုးစိုးပက်စက် တက်ကြွနေလေသည်။ နောက်ဆုံးတွင် မိန်းမခိုးမည့်သူမှာ ကျွန်တော်ဖြစ်ကြောင်း သူ့ကို ပြန်သတိပေးနေရ၏။

အဟင်း… ကျွန်တော် တကယ် မိန်းမရတော့မည်ပေါ့။ မနက်ဖြန်ဆိုသော ကာလက ဘာမှမကြာတော့။ အဟား… ကျွန်တော် ဘယ်လိုနေလို့နေရမှန်းမသိ။ ကျွမ်းဝဲထိုးလိုက်ချင်သလို၊ အန်ဒါဂရောင်းပဲ ဆွဲလိုက်ချင်သလို မရိုးမရွဖြစ်နေလေ၏။

ဗညားနှင့် အပီချိန်းပြီးတော့ မေမေ့ကို တိုးတိုးတိတ်တိတ် သတင်းပေးရသည်။ မေမေ အံ့ဩရင်ဖိနေလေ၏။ ပြီးတော့ တွယ်တာ၏ မေတ္တာတရားကို ချီးကျူးသည်။ နောက်တော့ ဖြစ်ပါ့မလားဟု စိုးရိမ်စွာမေး၏။ ကျွန်တော်က သူ့အသက်ပြည့်ပြီးပါပြီ မေမေ ဘာမှ မပူပါနဲ့ဟု ပြန်အားပေးရသည်။

ကျွန်တော့်မြူးကြွသွက်လက်နေမှုကို ကြည့်ကာ မေမေ ပြုံး၏။ ကျွန်တော် နည်းနည်းရှက်သွားသည်။ ဣန္ဒြေဆယ်ပြီး အပျော်ကို ထိန်းသိမ်းလိုက်ရ၏။

'သား… ပိုက်ဆံကော လုံလုံလောက်လောက် ရှိရဲ့လား'

'ရှိပါတယ် မေမေ၊ မှတ်ပုံတင်နဲ့ ဘဏ်စာအုပ် ယူသွားရင် ပြီးတာပဲဟာ'

'အေး… အေး… ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်ထား'

'ဟုတ်ကဲ့ မေမေ'

ကျွန်တော် အခန်းထဲရောက်တော့ ခုတင်ပေါ် ပစ်လှဲလိုက်၏။ ဒါတွေအသင့်ပြင်ဆင်ထားတာ အလကားမဖြစ်၍ တော်သေးသည်ဟု တွေးမိသောအခါ ပြုံးစေ့စေ့ ဖြစ်သွားခဲ့သည်။

□ □ □

## အခန်း(၉)

စိတ်လှုပ်ရှားမှုကို ထိန်းချုပ်ရင်း ကျွန်တော်နှင့် ဗညား ညဆယ်နာရီခွဲလောက်ကတည်းက အိမ်မှထွက်လာခဲ့ကြခြင်းဖြစ်သည်။ အခုပင် မိုးလင်းဆိုင်နှစ်ဆိုင်ပြောင်းပြီး ထိုင်ခဲ့ကြပြီးပြီ။ ကော်ဖီမစ်တွေ သောက်ရလွန်းသဖြင့် ခံတွင်းများလည်း ချဉ်နေသည်။ ကျွန်တော် ကိုယ့်စိတ်ကိုယ် မထိန်းနိုင်တော့။

'ကဲ… သွားကြရအောင်ကွာ၊ သိပ်နောက်ကျသွားလိမ့်မယ်'

ဗညားက သေချာအောင် နာရီကို ကြည့်လိုက်ပြီးမှ…

'မင်း စိတ်စောနေတာပါ တင့်တယ်ရာ၊ ညအချိန်မတော်ကြီး သူများအိမ်ရှေ့ အကြာကြီး ကားရပ်ထားလို့ မကောင်းဘူးကွ၊ မတော် လို့ ပတ္တရောင်ရဲ့နဲ့ တွေ့နေရင် ရှင်းရခက်နေမယ်'

'ငါ မစောင့်နိုင်တော့ဘူးကွာ'

'မစောင့်လို့ ဖြစ်မလား၊ အိမ်ရှေ့မှာ ဆယ့်ငါးမိနစ်လောက် စောင့်ရင် လုံလောက်ပါတယ် တင့်တယ်ရာ'

ဗညားပြောတာ နည်းလမ်းကျနေသဖြင့် ကျွန်တော် ထပ် မပြောသာတော့။ နာရီကို ငုံ့ကြည့်၍ စက္ကန့်တံကို ကျွန်တော် ကျိန်စာ တိုက်နေမိသည်။ သင့်တော်သောအချိန်ကို ရောက်ဖို့စောင့်ရတာ သူ့မျ နှင့်ကမ္ဘာ ကြာမြင့်သည်ဟု ကျွန်တော် ထင်၏။ ဗညားထံမှာက…

www.burmeseclassic.com

www.burmeseclassic.com



လာ သွားကြစို့ဆိုသည့်အသံကိုသာ ကျွန်တော် နားစွင့်နေမိသည်။ ဂဏာမငြိမ်မှုကို စက္ကန့်မလပ် ခံစားရင်း မင်္ဂလာအချိန်က ဆိုက်ဆိုက်မြိုက်မြိုက် ကျရောက်လာခဲ့ပြီ။

'ကိုင်း…'

ဗညားစကားစသည်နှင့် ကျွန်တော် ဝုန်းခနဲ ထရပ်လိုက်မိသည်။ ဗညားပင် အလန့်ထန်းလျက်ဖြစ်သွား၏။

'ဟား… ငါ့ကောင် ဘယ်လိုဖြစ်တာလဲ၊ မင်းကိုကြည့်ရတာ တော်သလင်းခွေးကြီးကျနေတာပဲ'

'ဟာကွာ မင်းကလည်း…'

'ဟဲ… ဟဲ… ဟဲ… ငါ ကိုယ်ချင်းစာပေးလို့ရပါတယ်ကွာ၊ ကဲ… သွားရအောင်'

ထို့နောက်မှာတော့ ကျွန်တော့် စီးတော်ယာဉ်ပါပလေကာနှင့် အဒိန္နဒါနာကံကို ကျူးလွန်ရန်အတွက် ချီတက်ခဲ့ကြ၏။ ကားစက်သံ သိပ်မဆူဝေရန် slow နှင့် လိမ့်လာရင်း မဝေးတော့သော တွယ်တာတို့ အိမ်သို့ ဦးတည်မောင်းလာခဲ့သည်။ ခြံရှေ့တွင် မီးမှိတ်ပြီး ကားကို စက်သတ်လိုက်၏။ အလွယ်တကူ ဖွင့်နေကျ ကားတံခါးကိုပင် အဆင်ပြေအောင် ကျွန်တော် မဖွင့်နိုင်ဘဲ ဖြစ်နေသည်။

နောက်ဆယ်မိနစ်လောက်ဆို တွယ်တာ ကျွန်တော့်နောက်သို့ ပါလာတော့မည်။ မိန်းမခိုးရသည့် အတွေ့အကြုံဆိုတာမျိုးက အိမ်ထောင်သည်ဖြစ်နေသော ယောကျ်ားတိုင်း ကြုံဖူးသည့်ကိစ္စမဟုတ်။ ရင်ခုန်ခြင်း၊ ကြည်နူးခြင်း၊ စိုးရိမ်ပူပန်ခြင်း စသည့် ခံစားမှုရသစုံ ရောပြွန်းနေသည့် သိင်္ဂါရစွန့်စားခန်းတစ်မျိုးသာဖြစ်သည်။

ကျွန်တော် ကားပေါ်မှဆင်းပြီး တွယ်တာတို့ခြံကြီးကို လှမ်းအကဲခတ်မိသည်။ တစ်ယောက်တည်းရှိသည့် ခြံစောင့်က အိပ်မက်ထဲမှာ သူသဘော ကျသည့် မင်းသမီးတစ်ယောက်ယောက်နှင့် ချိန်းတွေ့ပျော်ရွှင်နေလောက်ပါပြီ။



ဆယ့်နှစ်ဂဏန်းတွင် နာရီလက်တံနှစ်ခု ထပ်သွားသည်နှင့် ကျွန်တော် အသင့်ကိုင်ဆောင်ထားသော ဓာတ်မီးကို တွယ်တာ့အခန်းသို့ မှန်းဆ၍ ဖွင့်ချည်မှိတ်ချည် သုံးကြိမ်လုပ်ပြလိုက်၏။ တုံ့ပြန်လာမည့်တစ်ဖက်က အချက်ပြမှုကို စောင့်စားရတာ ရင်ခုန်စရာကောင်းလှသည်။

ကျွန်တော်နှင့်ဗညား၏ မျက်စိလေးလုံးစလုံး တွယ်တာတို့တိုက်ကြီးဆီသို့ မမှိတ်မသုန် ကြည့်နေမိကြသည်။

တစ်စက္ကန့်၊ နှစ်စက္ကန့်၊ သုံးစက္ကန့်။ ကျွန်တော် စက္ကန့်တံကို လုံးဝကြည့်၍ မရတော့။ သူ့ကိုတစ်ခုခုက ဆောင့်ဆွဲထားသလို မလှုပ်ချင် လှုပ်ချင်နှင့် ရွေ့နေပုံကိုက ပျင်းရိပျင်းတွဲဆိုတော့ နာရီကိုသာ ရိုက်ခွဲပစ်လိုက်ချင်နေတော့သည်။ ဆယ့်နှစ်နာရီ သုံးမိနစ်လောက်အထိ တွယ်တာ့ထံမှ အချက်ပြမှုကို မရသောအခါ ကျွန်တော်တို့နှစ်ယောက်လုံး ချွေးပျံလာကြ၏။

'သူ မမြင်လို့လား မသိဘူး၊ ထပ်ပြီး အချက်ပြလိုက်ဦးတင့်တယ်'

ဗညား တိုက်တွန်းသဖြင့် ကျွန်တော် ထပ်မံအချက်ပြလိုက်သည်။ ရင်ခုန်နှုန်းကလည်း အမြင့်ဆုံးထိ ရောက်ရှိသွားခဲ့ပြီ။ နှလုံးသားဟင်းလင်းပွင့်ထွက်သွားမတတ် အကြီးအကျယ် ခံစားနေရ၏။

မျှော်တော်ဇောနှင့် မောနေခိုက် တွယ်တာတို့တိုက်ကြီးဆီမှ လင်းလက်လာသော ဓာတ်မီးရောင်ကို သုံးကြိမ်ဆက်တိုက် မြင်လိုက်ကြရ၏။ ကျွန်တော့်ရင်ထဲ လှိုက်ခနဲ ဖြစ်သွားရုံမျှမက ကတုန်ကယင်နှင့် ခြေမခိုင် လက်မခိုင်ဖြစ်ပြီး ဒူးများပါ တဆတ်ဆတ်တုန်လာတော့သည်။ ခံစားမှုဖြစ်စဉ်က ထိုမျှနှင့် ရပ်တန့်မသွားသေး။ ဗိုက်ထဲမှာလည်း ရစ်၍ ရစ်၍ နာလာသလိုလို ဆီးအောင့်လာသလိုလိုပါ ဖြစ်လာတော့ မိန်းမခိုးရသည့် အရသာကို ကျွန်တော် တအားအံ့ဩသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗညားက ကျောပုတ်ပြီး သတိပေးမှ ကျွန်တော် ပုံမှန်ဖြစ်အောင် မနည်းကြိုးစားလိုက်ရ၏။

'ဟေ့ကောင်… ခြံတံခါးနားက သွားစောင့်လေ'

'ဩော်… အေး… အေး'

ကျွန်တော် ပိုလီယိုခြေလှမ်းများနှင့် ခြံတံခါးနားကပ်၍ မှောင်ထဲသို့ လှမ်းမျှော်ကြည့်မိ၏။ ဗညားကလည်း ကူညီရန် အသင့်အနေအထားနှင့် ရှိနေသည်။

ကြယ်မစုံလင်သော မှောင်ရီဝေဝိုးတဝါးညတွင် ဒီအတိုင်းဆင်းလာမည့် တွယ်တာ့ကို ကျွန်တော် အသင့်စောင့်ကြိုနေလိုက်သည်။ တွယ်တာ ခပ်သွက်သွက်ခြေလှမ်းများနှင့် ကသုတ်ကရက်ပြေးလာနေသည်။ တွယ်တာက အသင့်ဆောင်လာသည့် သော့နှင့်ခြံတံခါးကို ဖွင့်နေ၏။

ကျွန်တော် တွေ့မြင်နေရသော ချစ်ရသူ တွယ်တာ့မျက်နှာတွင် စိုးရိမ်ထိတ်လန့်မှုတို့ လိမ်းခြယ်ထားသည်။ စိတ်လှုပ်ရှားတိမ်းညွှတ်ဖွယ် ဆွဲဆောင်မှုများနှင့် လှပနေသော တွယ်တာက သံတံခါးမလွယ်ပေါက်မှ ငုံ့လျှိုးကာ ထွက်လာသည်။ ကျွန်တော် ဝမ်းမြောက်ဝမ်းသာစွာ ဆီးကြိုလိုက်၏။

ဗညားကလည်း အလိုက်တသိနှင့် တွယ်တာ့လက်ထဲမှ လက်ဆွဲအိတ်ကို ဆွဲယူကာ ကားနောက်ခန်းထဲသို့ ပစ်ထည့်လိုက်သည်။ ကျွန်တော် လွမ်းရသည့် ရက်များအတွက အတိုးချပြီး တွယ်တာ့ကို ထွေးပွေ့မိ၏။

ရင်ချင်းအပ်မိသောအခါ တွယ်တာ့၏ ရင်ခုန်သံကို ခံစားသိရှိလိုက်ရသည်။ ကျွန်တော်နှင့်တွယ်တာတို့ ရင်ခုန်သံပေါင်းစည်းသွားခဲ့ပြီ။

'ဝမ်းသာလိုက်တာ တွယ်တာရယ်၊ ကိုယ်လေ တွယ်တာ ထွက်လာပါ့မလားဆိုတဲ့ စိုးရိမ်စိတ်နဲ့ ဆောက်တည်ရာမဲ့နေတာ'



'ကိုတိုးအတွက် တွယ်တာ စွန့်စားခဲ့တာလေ၊ ကြောက်လိုက်တာ ကိုတိုးရယ်၊ တွယ်တာ မတ်တပ်တောင် မရပ်နိုင်တော့ဘူး'

'ကိုယ့်ကို အားပြုပြီး မှီထားလိုက်'

ကျွန်တော့်ရင်ခွင်ထဲ ပြုတ်ကျလာသည့် တွယ်တာ့အထိအတွေ့ကြောင့် ချစ်သူကြောက်ပြီး တုန်ယင်နေတာကို ကျွန်တော်ခံစားသိရသည်။ တွယ်တာ့ ရင်ငွေ့လှုံရသည်ကပင် ကျွန်တော့်အတွက် ဆုလာဘ်ကြီးတစ်ခုဖြစ်နေ၏။ ဗညားက လောဆော်လာသည်။

'ကဲ… ကဲ… ကားပေါ်တက်ကြလေကွာ၊ ဒီအချိန်မှာ အဆွေးဆုံးရောက်လေကောင်းလေပဲ'

'အင်း… ဟုတ်တယ်၊ လာ… တွယ်တာ သွားရအောင်၊ အချိန်ဖြုန်းနေလို့ မဖြစ်ဘူး'

တွယ်တာ့ကို ဖက်၍ ခြေတစ်လှမ်းအတူတူလှမ်းလိုက်သည့် အခိုက်မှာပင်…

'သမီး'

'ဟင်'

ကြားလိုက်ရသော ခေါ်သံကြောင့် ကျွန်တော်တို့အားလုံး ခေါင်းနပန်းကြီးသွားကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားကြ၏။ လှည့်ကြည့်လိုက်တော့ ခြံထဲမှ ထွက်လာသော တွယ်တာ့အမေကို တွေ့လိုက်ကြရသည်။ ဆက်လက်ကြုံတွေ့ရတော့မည့် ပြဿနာ၏ အတိမ်အနက်ကို မှန်းဆမိ၍ ကျွန်တော် ခြေကုန်လက်ပန်းကျသွား၏။

'သမီး'

'ရှင်… မာမီ'

'သမီး တကယ်လိုက်သွားတော့မလို့လား'

အန်တီ့အမေးကို ဖြေဖို့ တွယ်တာ ကြိုးစားရှာသည်။

'သမီး… သမီးလေ… ဟို… ဟို'

ကျွန်တော့်မှာတော့ ပြောစရာ စကားမရှိ။ လှုပ်ရှားသည့်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ချက်မရှိ။ ဘယ်ပုံဘယ်နည်း ဖြေရှင်းရမှန်းလည်းမသိနှင့် ပစ္စုပ္ပန်တည့်တည့်တွင်ပင် ကျိန်စာမိပြီး ကျောက်ရုပ်လိုဖြစ်သွား၏။

'သမီးရယ်… သမီး ဒယ်ဒီရဲ့ ဒေါသကို သိတယ်နော်၊ တကယ်နိုးရာလိုက်မှာလား၊ သမီးလိုက်သွားမယ်ဆိုရင် မာမီ့ကို အရင်သတ်လိုက်'

'မာမီရယ် သမီးကို ငရဲမပေးပါနဲ့၊ သမီးတို့ချစ်ခြင်းကိုလည်း မခွဲပါနဲ့၊ သမီးတောင်းပန်ပါတယ် မာမီရယ်၊ သမီးတို့ကို သွားခွင့်ပေးပါ'

အခြေအနေအရ ယခုဖြစ်စဉ်တွင် အဓိကတာဝန်ရှိသူဖြစ်သည့် ကျွန်တော် တစ်ခုခုဝင်ပြောဖို့ လိုအပ်နေပြီမှန်းသိသော်လည်း ပြောစရာ စကားစက ရှာမရ။

'တော်ကြာ ဒယ်ဒီ တစ်ရေးနိုးလာရင် အားလုံးဒုက္ခရောက်ကုန်လိမ့်မယ်၊ မာမီ သမီးတို့ သွားပါရစေတော့'

'ဟုတ်ပါတယ် အန်တီ၊ ကျွန်တော် တွယ်တာ့ကို အဆုံးရှုံးမခံနိုင်လို့ အခုလို စီစဉ်ရတာပါ၊ ကျွန်တော်တို့ဆန္ဒကို နားလည်ခွင့်ပြုပေးပါ အန်တီ'

တကယ်တမ်း ဝင်ပြောတော့လည်း အဓိကအချက်အလက်များပါအောင် ပြောလိုက်နိုင်သဖြင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိသွား၏။

'မာမီ သမီးတို့သွားမယ်နော်'

'ခုအဖြစ်အပျက်ကို မသိချင်ယောင်ဆောင်ပေးပါ အန်တီရယ်၊ ရှိကြီးခိုးပါရဲ့'

တွယ်တာ့မာမီ အန်တီစိန်က မျက်ရည်များဝေ့ဝဲလျက် ကျွန်တော်တို့အား ကြည့်လိုက်၊ တိုက်ကြီးဆီ ပြန်လှည့်ကြည့်လိုက်နှင့် ဝေခွဲမရဖြစ်နေလေ၏။ မျက်ရည်ကိုသုတ်၍ အားတင်းလိုက်ရင်း

'သမီး တကယ်ဆုံးဖြတ်ပြီးပြီလား'



'ဟုတ်ကဲ့ မာမီ၊ သမီးကို ခွင့်လွှတ်ပါ'

'ကဲ… သမီးဆုံးဖြတ်ပြီးပြီဆိုရင် ကားပေါ်တက်'

ကျွန်တော်တို့အားလုံး ပြုံးပျော်ရွှင်လန်းဝမ်းသာသွားကြသည်။ သို့သော် ထိုဝမ်းသာကြည်နူးမှုကို စက္ကန့်ပိုင်းလောက်သာ ခံစားခဲ့ရသည်။ အကြောင်းက အန်တီ ဆက်ပြောလိုက်သော စကားကြောင့်ဖြစ်၏။

'မာမီပါ တစ်ခါတည်းလိုက်ခဲ့မယ်'

'ရှင်'

'ဗျာ'

'ဟာ'

ကျွန်တော်တို့သုံးယောက်စလုံး အာမေဋ္ဌိတ်သံသုံးမျိုး တစ်ပြိုင်တည်းထွက်ပေါ်လာခဲ့၏။ အံ့သြကုန်နိုင်ဖွယ်ပါပဲလား။ မိန်းမခိုးသည်ဖြစ်စဉ်တွင် ခိုးရာလိုက်မည့် မိန်းကလေး၏ မိခင်ကပါ တစ်ခါတည်းလိုက်မည်ဆိုတော့ ကျွန်တော် ဘယ်လိုစိတ်ညစ်ရမှန်းမသိအောင် ဖြစ်သွားရသည်။

အန်တီ၏ အပြောမဟုတ်ဘဲ ကားပေါ်တက်ဖို့ လက်တွေ့ပြင်ဆင်နေပုံကြောင့် အသည်းတယားယား ဖြစ်အောင် ခံစားလိုက်ရ၏။ ပြဿနာက အထွတ်အထိပ်ရောက်သည်အထိ ကြီးမားကျယ်ပြန့်လာသလို ပြေလည်စေမည့် နည်းလမ်းလည်း စဉ်းစားမရဖြစ်နေခဲ့ပြီ။ တွယ်တာက အန်တီ့အား အသနားခံကာ တားရှာသည်။

'အဲလိုတော့မလုပ်ပါနဲ့ မာမီရယ်၊ လူကြားလို့လည်း မကောင်းပါဘူး'

'မဖြစ်ဘူး သမီး၊ ညည်းဒယ်ဒီကို သမီးလင်နောက်လိုက်သွားပြီလို့ ပြောရဲတဲ့သတ္တိမှ မာမီ့မှာ မရှိတာ'

'ဒုက္ခပါပဲ မာမီရယ်'

ပြဿနာက မိုးလုံးပြည့်မှ ထွားကျိုင်းလာ၏။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



အန်တီ့ကိုပါ ခေါ်သွားရမလားဟု စဉ်းစားသော်လည်း ဘယ်လိုမှမဖြစ်နိုင်တာကို သိနေသည်။ အမေရော သမီးပါ တစ်ခါတည်းခိုးသွားသည့် မိန်းမခိုးမှုကြီးဟု ခေါင်းစီးတပ်ပြီး ဂျာနယ်တွေလုပ်စားသွားလိမ့်မည်။ တယ်တော်မှုကြပါ အရုပ်ကတော့ဟု ကြုံးပြီးအော်ချင်စိတ်ပေါက်သွားသည်။ ကျွန်တော်တို့ အကျပ်အတည်းကို မကြည့်ရက်သော ဗညားက

"ဒီလိုလုပ်တာတော့ မသင့်တော်ပါဘူး အန်တီရယ်၊ အန်တီသာ တာတယ်လိုက်မယ်ဆိုရင် မိန်းမခိုးမှုအပြင် ပြန်ပေးဆွဲသလိုပါ ဖြစ်သွားမှာမို့ ကျွန်တော်တို့အမှုပေါ့အောင် အန်တီ မလိုက်ခဲ့ပါနဲ့ဗျာ'

'အဲသလိုမဖြစ်စေရဘူး အန်တီ အာမခံပါတယ်ကွယ်'

ပြောပြောဆိုဆိုပင် အန်တီက ကားပေါ်တက်ထိုင်လိုက်၏။ ဒိုးရှေ့ထိုင်ခုံကို သူတာ အရင်ရောက်ပြီး နေရာယူထားသည်။ ဒီလိုဖြစ်လိမ့်မည် မထင်မိသော ကျွန်တော် ရှူးချင်စိတ်ပေါက်သွား၏။

ကျွန်တော်နှင့်တွယ်တာ အချင်းချင်းကြည့်ကာ ခေါင်းကုပ်မိသည်။

'ဘယ်လိုလုပ်ကြမလဲ တွယ်တာ'

'တွယ်တာ ပြောပါ့မယ် ကိုတိုး'

တွယ်တာက သူမာမီရှိရာ ကားနောက်ခန်းဆီ သွားရင်း…

'မာမီ သမီးတို့အတွက် အချိန်မရှိတော့ဘူး၊ မလိုက်ခဲ့ပါနဲ့ ထိုးဆဲမရှိတာတွေ လူကြားမကောင်းတာတွေလုပ်ပြီး သိက္ခာအကျမခံချင်ပါနဲ့ မာမီရယ်"

'သိက္ခာကျတာက ညည်းအယ်ဒီလက်ချက်နဲ့ သေတာလောက်တော့ မဆိုးပါဘူးကွယ်"

တိုင်း မှတ်ကရော။ အန်တီယောကျ်ားကြောက်ပုံက ငင်းနစ်စိချိန်တင်လောက်သည်။ သမီးလင်နောက်လိုက်သွားတာကို မတားနိုင်လျှင် သူတို့လင်မယား ထိပ်တိုက်တွေ့တော့မည်။ သူ့ယောကျ်ားအား ရင်မဆိုင်ရဲတာနှင့် သမီးလင်နောက်လိုက်မည့်ကိစ္စတွင် ဝင်ပြီးကန့်လန့်



ကန့်လန့် လုပ်နေတာပဲဖြစ်၏။ လိုရင်းက ကျွန်တော်တို့ခရီးစဉ်တွင် အန်တီပါမလာရေးသာဖြစ်သည်။

'အန်တီ တွယ်တာကော ကျွန်တော်ပါ အသက်ပြည့်ပြီးသား၊ နှစ်ယောက်လုံးလည်း ဘွဲ့ရပြီးသားတွေပါ၊ ကျွန်တော်တို့မှာ ဒီလောက်တော့ ဆုံးဖြတ်ပိုင်ခွင့်ရှိသင့်ပါတယ်ဗျာ၊ ကျွန်တော်က ဟွယ်တာ့ကို အပါခေါ်သွားမှာဖြစ်သလို အန်တီ့ကိုတော့ မဖြစ်မနေ ထားခဲ့ရမှာပါ'

'တွယ်တာ လိုက်မယ်ဆိုရင် အန်တီလည်း လိုက်ဖို့ဆုံးဖြတ်ပြီးသား မောင်တိုး ပြတ်သားဖို့ပဲ လိုတယ်'

အန်တီ့စကားကို သည်းမခံနိုင်တော့တဲ့ ဗညားက…

'မဖြစ်လို့ပါ အန်တီရယ်၊ အန်တီ သိပ်ခရီးသွားချင်နေရင် အန်ကယ်ကြီးနဲ့ ဒုတိယအကြိမ် ဟန်းနီးမွန်းထွက်လိုက်ပါ၊ ဒါမှ မဟုတ်လည်း ဗုဒ္ဓဂါယာပို့ပေးမယ်လို့ ကြော်ငြာတဲ့ ပစ္စည်းတွေ များများဝယ်ပြီး ကံစမ်းမဲပေါက်အောင် စောင့်လိုက်ပါဗျာ နော်၊ မတော်မတည့်တွေ လုပ်ဖို့တော့ မကြိုးစားပါနဲ့'

အန်တီက ကြိုးစားပမ်းစား ခေါင်းခါပြနေလေသည်။ ဒီတော့ ကျွန်တော် အချိုသတ်ရပြန်၏။

'အဟဲ… ဒီလိုရှိပါတယ် အန်တီ၊ ရုတ်တရက် စီစဉ်ထားတဲ့ ကိစ္စဆိုတော့ ကျွန်တော့်မှာ ငွေအလုံအလောက်ပါမလာဘူး ခင်ဗျ၊ နှစ်ယောက်စာတောင် အနိုင်နိုင်ရယ်ပါ၊ အန်တီပါ လိုက်ခဲ့ရင် လမ်းမှာတင် ငွေပြတ်ပြီး ဒုက္ခရောက်ကုန်ကြပါလိမ့်မယ်'

'အမလေး ပူမနေပါနဲ့ မောင်တိုးရယ်၊ မင်းပိုက်ဆံကုန်ရင်လည်း အန်တီ့မှာ ပါပါတယ်၊ လက်ဝတ်လက်စားလည်း အပြည့်ပဲ၊ ပူမနေနဲ့'

ကိုင်း… ဘယ်နှယ်လုပ်ကြမလဲ။ ကလေးဆိုလည်းကျေအေးသား ထိပ်ခေါက်၊ ပိတ်ရိုက်ပြီး ကားပေါ်က ဆွဲချထားခဲ့ချင်သည်။ ခေါင်းမာလွန်းသည့် အန်တီ၏ ကလေးကလားလုပ်ရပ်ကို ဘယ်လိုဖြေ

www.burmeseclassic.com

www.burmeseclassic.com



ရှင်းရမှန်းမသိတော့။ ကျွန်တော်တို့သုံးယောက် ခေါင်းချင်းဆိုင်လိုက်ကြသည်။

'ဘယ်လိုလုပ်မလဲ တွယ်တာ'

'တွယ်တာလည်း မပြောတတ်တော့ဘူး ကိုတိုး၊ ဟိုလေမာမိုကိုခေါ်သွားလို့ကော မဖြစ်ဘူးလားဟင်'

'ဟာ… အဓိပ္ပာယ်မရှိတာ တွယ်တာရာ'

'ဟုတ်သားပဲ တွယ်တာရာ၊ ဖြစ်နိုင်တာကိုပဲ စဉ်းစား၊ ကဲ… ဒီလိုလုပ် ဘွားတော်ကြီး ကားပေါ်က မဆင်းရင် တို့တွေလမ်းလျှောက်ပြီး ဒိုးမယ်၊ ပြီးမှ ကြုံရာကားငှားပြီးလစ်၊ သူလိုက်မလာရဲပါဘူး'

'အေး… အဲဒါ ကောင်းတယ်'

ကျွန်တော်တို့ ဆုံးဖြတ်ချက်ချလိုက်စဉ်မှာပင် အန်တီက…

'မင်းတို့ ကားထားပြီး ထွက်သွားမယ်ဆိုရင် အန်တီက သူခိုးလို့ ထအော်လိုက်မှာနော်'

တီးတိုးကားကို ကြားဖြစ်အောင် ကြားပြီး ရာဇသံပေးလာသည့် အန်တီကြီးကြောင့် စိတ်ပျက်လက်ပျက် ဖြစ်ကြရပြန်သည်။ နောက်ဆုံး ကောက်ရိုးတစ်မျှင်ကို လက်လွှတ်လိုက်ရပြီဟူသည့်အတွေးနှင့် တွယ်တာ ချုံးပွဲချ ငိုကြွေးနေခဲ့ပြီ။ ကျွန်တော်လည်း မခံစားနိုင်လောက်အောင် ပေါက်ကွဲပြီး အန်တီ့အား ဆွဲချရန် ဆုံးဖြတ်လိုက်စဉ်မှာပင်…

'ဟိတ်… ဒါဘာဖြစ်နေကြတာလဲ၊ ဘာလုပ်နေတာလဲ'

ကျွန်တော်တို့၏ ရှင်းမထိဖြစ်စဉ်ကို ပိုရှုပ်အောင် အားဖြည့်လိုက်သည်က ကင်းလှည့်ရဲ့အဖွဲ့ပင်ဖြစ်သည်။ ညှိလို့မရတဲ့ကြားထဲ ရဲတွေပါ ရောက်လာပြီဆိုတော့ သွားပြီပေါ့။

ခါတ်မီးရောင် တဝင်းဝင်းနှင့် စက်ဘီးနင်းရင်း ရောက်လာသော ရဲများက

'ဟေ့… မေးနေတယ်လေ'



'ဗျာ… အဲ… ဟို… ဒီ… ဒီလိုပါ၊ ကျွန်တော်တို့မိန်းမခိုးဖို့လာခဲ့ကြတာပါ၊ သူက ဒီအိမ်က ကျွန်တော့် ရည်းစားပါ၊ မယုံရင် ကာယကံရှင် မိန်းကလေးကို မေးကြည့်ပါဗျာ'

'သူပြောတာ ဟုတ်သလား မိန်းကလေး'

'ဟုတ်… ဟုတ်ပါတယ်ရှင်၊ ကျွန်မ ချိန်းလို့ သူတို့ရောက်လာတာပါ'

ကျွန်တော့်ရှင်းပြမှုကို အတည်ပြုနိုင်ရန် ရဲ၏စစ်မေးမှုကို တွယ်တာက ဖြေကြား၏။ အဖြေမှန်ကို ဝန်ခံလိုက်သည်မို့ စိတ်ထဲမှာ ပေါ့ပါးသွား၏။ သို့သော် သဘောကောင်းပုံရသည့် ပါးပါးနပ်နပ် ရဲကြီးက…

'မဖြစ်နိုင်ဘူး၊ ငါတို့လှမ်းအကဲခတ်နေတာ ငါးမိနစ်မကတော့ဘူး၊ မိန်းမခိုးတဲ့သူတိုင်း အိမ်ရှေ့မှာ အကြာကြီးရပ်မနေကြဘူး၊ အမြန်ဆုံးလစ်ပြေးကြတာချည်းပဲ'

ရဲတပ်ကြပ်ကြီး၏ အမေးကြောင့် ငိုချင်ရက်လက်တို့ဖြစ်နေသော ကျွန်တော်က ငိုကြီးချက်မအသံနှင့်…

'လစ်ချင်တာပေါ့ဗျာ၊ တကယ်တမ်းသာ အဆင်ပြေခဲ့ရင် ခုဆို ကျွန်တော်တို့ မင်္ဂလာဒုံလောက်တော့ ရောက်နေသင့်ပြီဗျ၊ ခုတော့'

'ခုတော့ ဘာဖြစ်လဲ'

ဒီမှာတင် ဗညားက ကားနောက်ခန်းကို ဓာတ်မီးနဲ့ထိုးပြလိုက်သဖြင့် ရဲအဖွဲ့အားလုံး စူးစမ်းကြည့် ကြည့်ကြ၏။

'ဟင်… သူကကော ဘယ်သူလဲ'

'သူ့ကြောင့် ကျွန်တော်တို့သွားလို့မရသေးတာပေါ့၊ သူက ကျွန်တော့်ယောက္ခမလောင်းကြီးလေ'

'ဟေ'

ရဲတပ်ကြပ်ကြီးရဲ့ အံ့သြသံစဉ်အဆုံးမှာ ဗညားက

www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီးပဲ စဉ်းစားကြည့်ပါဗျာ၊ သမီးကိုခိုးတာလေ၊ အမေကြီးပါ ခိုးတာမှ မဟုတ်ဘဲ၊ အဲဒါ အတင်းလိုက်မယ်ဆိုပြီး ကားပေါ်တက်ထိုင်နေတာ ကူညီပါဦးဗျာ၊ ကျွန်တော်တို့ ဘာဆက်လုပ်ရမလဲ'

'ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်တို့ကိစ္စကို ကူညီဖြေရှင်းပေးပါဦး'

ကျွန်တော်၏ တိုင်ချက်ဖွင့်သလို အပြောကြောင့် ရဲအဖွဲ့လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ သူတို့အမှုထမ်းသက်တစ်လျှောက်လုံး ဒီလိုအဖြစ်မျိုး ကြုံတွေ့ဖူးကြဟန်မတူ။ သို့သော် ရဲဘဝအတွေ့အကြုံရှိသူများပီပီ

'ကဲ… ကားပေါ်က အစ်မကြီး ခဏဆင်းပါဦး'

ရဲက လှမ်းခေါ်လိုက်မှပဲ အန်တီကြီး ကားပေါ်က ပြန်ဆင်းလာ၏။

'ဒီကလေးတွေပြောတာ ဟုတ်သလား'

'ဟုတ်… ဟုတ်ပါတယ်ရှင်'

'ဗျာ… ဘာဖြစ်လို့ ဒီလိုဆုံးဖြတ်ရတာလဲ၊ ကျွန်တော်ဆိုလိုတာက အစ်မကြီးပါ တစ်ခါတည်းလိုက်ဖို့ ဘာဖြစ်လို့ ကြိုးစားရသလဲ'

'ကျွန်မ ယောက်ျားကို ကြောက်လို့ပါ'

'ဗျာ'

ရဲ၏ အမေးနှင့် အန်တီအဖြေက ပတ်လည်ရိုက်နေ၏။ စိတ်ရှည်ဟန်မတူသော အခြားရဲတစ်ယောက်က…

'ဘာဆိုင်လို့လဲဗျ'

'ဆိုင်တာပေါ့၊ ကျွန်မယောက်ျားက သူတို့နှစ်ယောက်ကို သဘောမတူဘူးလို့ ပြောပြီးသား၊ ဒီကိစ္စကို မတားနိုင်ရင် ယောက်ျားက သတ်မှာ၊ သမီးကို လိုက်မသွားဖို့ ပြောပြီးပြီ၊ မရဘူး၊ ဒီတော့ ကျွန်မ သေမှာကြောက်လို့ သူတို့နဲ့လိုက်ရတာ'

ရဲအဖွဲ့ဝင်များ ခေါင်းစားသွားကြ၏။ သူတို့လေ့လာသိရှိထား



သည့် ဥပဒေပုဒ်မများထဲမှ မည်သည့်ပုဒ်မနှင့် အရေးယူဖြေရှင်းပေးရမှန်း မသိလောက်အောင် ဖြစ်နေကြသည်။

'လုပ်ပါဗျာ၊ အန်တီကြီး မလိုက်အောင် တားပေးပါဦး'

'ဟုတ်ပါတယ်ရှင်၊ ကျွန်မတို့မှာ အချိန်မရှိတော့လို့ပါ'

ရဲတပ်ကြပ်ကြီးက သူ၏ ဦးထုပ်ကိုချွတ်၍ ခေါင်းကို ပယ်ပယ်နယ်နယ်ကုတ်၏။

'ခက်တယ်ဗျာ၊ ခက်တယ်၊ ဒါမျိုးက ကျွန်တော်တို့ တာဝန်မဟုတ်ဘူး၊ အရေးယူပေးလို့လည်း မရဘူး၊ ကိုယ့်ဟာကိုယ် ပြေလည်အောင် ညှိရမှာ'

'ညှိလို့မှ မရတာဗျာ၊ ကဲ… ကျွန်တော့်နေရာက အစ်ကိုကြီးဝင်ပြီး စဉ်းစားကြည့်၊ အစ်ကိုကြီးသာ မိန်းမခိုးမယ်ဆိုရင် ယောက္ခမကြီးပါ တစ်ခါတည်း ခေါ်သွားမလား'

'ဘယ်ခေါ်မလဲကွ၊ ထုံးစံမှ မဟုတ်တာ၊ အစောဆုံးပြန်ပြီး မျက်နှာချင်းဆိုင်ရမှာက လူကြီးစုံရာနဲ့ ပြန်အပ်တဲ့နေ့ကျမှလေ'

'ဒါပဲပေါ့၊ အဲဒါ ပရိစီဂျာအမှန်ပဲဟာ၊ ဒီတော့ အစ်ကိုကြီးက ကျွန်တော့်ယောက္ခမလောင်းကြီးကို ခဏထိန်းထား၊ ကျွန်တော်တို့လစ်မယ်'

ကျွန်တော် ရဲတပ်ကြပ်ကြီးကို အစ်ကိုကြီးချင်းမိုးမွှန်အောင် ခေါ်ပြီး စည်းရုံးသိမ်းသွင်းလိုက်သည်။ တဆက်တည်းပင် တွယ်တာ့ကိုခေါ်၍ ကားပေါ်တက်ဖို့ပြင်တော့ အန်တီကြီးက ကားတံခါးကို လက်နှင့်ကိုင်ပြီး တားလိုက်သဖြင့် ကျွန်တော်တို့ ထုပ်ဆီးတိုးသလို ဖြစ်နေကြ၏။ ထိုအခိုက်မှာပင် ခြံဝင်းအတွင်း တိုက်ကြီးသိမှ မီးများ ရုတ်တရက် လင်းလာသည်။ တစ်ခြံလုံး ထိန်ထိန်ညီးပြီး နေ့ခင်းအလား လင်းလက်သွား၏။

'ဟင်… ဒယ်ဒီနိုးလာပြီထင်တယ်၊ ဒုက္ခပါပဲ'

တွယ်တာရဲ့ ထင်မြင်ချက်က သေးထွက်အောင် မှန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းဆိုသလိုပင် ဒေါသကို ဦးထိပ်ပန်ဆင်၍ ကမူးရှူးထိုး ပြေးဖျက်လာသည့် အန်ကယ်ဦးအောင်တိုးစုကို မြင်တွေ့လိုက်ကြရသည်။ တွယ်တာနှင့် အန်တီတို့နှစ်ယောက်လုံး နတ်ဝင်သည်ကဲ့သို့ တဆတ်ဆတ်တုန်နေလေ၏။

'ဟေ့… ဘာတွေဖြစ်နေကြတာလဲ'

'ဘာ… ဘာမှမဖြစ်ပါဘူး ကိုအောင်'

'ဘာမှမဖြစ်ဘူးသာဆိုတယ်၊ ဟိုကောင်ရော ရဲတွေကော အိမ်ရှေ့ဘာလို့ရောက်နေတာလဲ၊ မဟုတ်မှလွဲရော'

'ဟုတ်လည်းဟုတ်ပါတယ်၊ လွဲလည်းလွဲပါတယ်'

'ဘာတွေဟုတ်ပြီး ဘာတွေလွဲတာလဲ မော်မော်၊ ရှင်းရှင်းပြော'

'ဟို… ဟိုလေ ကိုအောင်၊ အမြော်အမြင်ကြီးကြီးနဲ့ ကြိုတင်မှန်းခဲ့သလို သမီး လင်နောက်လိုက်ဖို့ ကြိုးစားတာ ဟုတ်တယ်လို့ ပြောတာပါ၊ ဒါပေမဲ့ မော်က ကိုအောင်သင်ပေးထားသလို အမြဲသတိရှိနေတော့ သမီးခိုးရာလိုက်လို့ မရတော့ဘူး၊ ဒါကြောင့် လွဲတယ်လို့ ပြောတာပါ'

'အေး… ကောင်းတယ်၊ မင်း အမေ ပီသတယ် မော်မော်၊ တွယ်တာ လာခဲ့စမ်း၊ အထဲဝင်'

အန်ကယ်တို့ လင်မယား ရှင်းတမ်းထုတ်အပြီး လှမ်းခေါ်သံကြောင့် တွယ်တာ ဆတ်ခနဲ တုန်သွားကာ ဆုပ်ကိုင်ထားသည့် ကျွန်တော့်လက်များကို ဖြည်၍ ရုန်းထွက်သွားတော့၏။ ငိုမဲ့မဲ့မျက်ဝန်းနှင့် သမင်လည်ပြန်လှည့်ကြည့်သွားပုံကြောင့် စကားတစ်ခွန်းမှ ပြောစရာမလိုဘဲ အဓိပ္ပာယ်ကို နားလည်လိုက်ရသည်။

တွယ်တာ့နောက်မှ အန်တီကြီး လိုက်ဝင်သွားပြီး တံခါးကို ဆောင့်ပိတ်၍ သော့ခတ်လိုက်သည့်အခါမှာတော့ ဇာတ်လမ်းအားလုံး ဆုံးခန်းတိုင်သွားတော့၏။



နောက်ဆုံးအနေနှင့် မျှော်ငေးနေမိစဉ်မှာပင် ခြံထဲမှမီးများ အကုန်မှိတ်ပြီး မှောင်အတိကျသွားသည်။

ကျွန်တော့်အနာဂတ်လည်း အမှောင်ထဲ စုန်းစုန်းမြုပ်သွားခဲ့ရပြီ။ မိန်းမခိုးထွက်လာသော ကျွန်တော့်ဘေးမှာ ရှိနေသူများက ဗညားနှင့် ရဲတပ်ဖွဲ့ဝင်များသာ ဖြစ်၏။

'သွားပြီ ဗညား၊ တွယ်တာ့ကို ငါ လက်လွှတ်လိုက်ရပြီ'

'အင်း… သူတို့မေ့လောက်မှ နောက်တစ်ခါထပ်ပြီး ကြိုးစားပေါ့ ညီလေးရာ၊ ကဲ… မင်းတို့လည်း ပြန်ကြတော့၊ ညနက်နေပြီ'

ရဲတပ်ကြပ်ကြီးက အားပေးစကားပြောရင်း ပြန်ကြရန် တိုက်တွန်းသည်။ နောက်တစ်ခါ ကြိုးစားပါတဲ့လား ရဲကြီးရယ်။ နောက်တစ်ခါထပ်ကြိုးစားရအောင် ဒါ ပြိုင်ပွဲဝင်တာမှ မဟုတ်တာ။ ဒီနှစ်ကျရင် နောက်နှစ်အောင်ရမှာပေါ့လို့ အားပေးလို့ရတဲ့ ဆယ်တန်းဖြေတာမျိုးလည်း မဟုတ်ဘူးလေ။

ကျွန်တော် သိလိုက်ပြီ။ တွယ်တာနှင့် ကျွန်တော့်ချစ်ဇာတ်လမ်းက ဆင်ဆာငြိသွားပြီ။ ထပ်မံ ကပြခွင့်ရမှာမဟုတ်တော့။ ငိုင်တွေပြီး ငေးနေမိသော ကျွန်တော့်ကို ဗညားက ကားထဲဆွဲသွင်းလိုက်၏။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

အချစ်ရှေ့တန်းစစ်မျက်နှာတွင် နလန်မထူနိုင်အောင် အရှုံးများ တွေ့ကြုံပြီးနောက် ကျွန်တော့်အဖြစ်က လေဟာနယ်ထဲ အဆီးအတား မဲ့ မျောလွင့်နေသည့် အာကာသယာဉ်မှူးတစ်ဦးကဲ့သို့ နယ်စည်းမခြား လွင့်ပါးနေခဲ့ရသည်။

ထိုနေ့ညက အချိန်မတော် ချွေးမမပါ လက်ဗလာနှင့် ပြန် ရောက်လာကြသည့် ကျွန်တော်တို့နှစ်ယောက်ကို ကြည့်ကာ ဖေဖေတို့ စိတ်မကောင်းဖြစ်နေကြပုံရသော်လည်း ကျွန်တော့်ကို ဘာမှမမေးခဲ့ကြ။ နောက်မှ ဗညားကို မေးမြန်းခဲ့ပုံရသည်။ ထိုအဖြစ်နှင့်ပတ်သက်ပြီး ဖေဖေ မေမေတို့ထံမှ ဘာမေးမြန်းမှုမှ မရှိခဲ့သလို တွယ်တာ့နာမည်ကို လည်း ဘယ်သူကမှ အစမဖော် စကားဦးမသန်းခဲ့ကြ။

ကျွန်တော့်ခံစားမှု ပြင်းအားကို မှန်းဆ၍ စာနာနားလည်စွာ နှုတ်ဆိတ်ပေးခဲ့ကြသည့် ကျွန်တော့်မိဘများအား အထူးကျေးဇူးတင်နေ မိ၏။ ကျွန်တော့်နှလုံးသားက အတွင်းဒဏ်တွေ ပျောက်ပြီး အနာဖေး တက်လာဖို့ အချိန်လိုတယ်ဆိုတာကို အားလုံးသိထားကြပုံပါပဲ။

ဗညားလည်း ရေငုံနှုတ်ပိတ်နေပေးရှာသည်။ သို့သော် ကျွန်တော့် အဖြစ်က တစ်သောင်းတစ်ယောက်၊ တစ်သိန်းတစ်ယောက်တွင်ပင် ကြုံနိုင်စရာမရှိသော အဖြစ်မဟုတ်လား။ သူလည်း ဖွချင်ရှာမှာပါပဲ။



ကျွန်တော့်အဖြစ်ကို ကြားလို့ မရယ်ဘူးဆိုရင် အဲဒီလူ ရူးနေလို့ပဲ ဖြစ်မှာပါ။ ကြားလိုက်ရသည်နှင့် အားပါးတရ ရယ်ကြမည်။ ပြီးတော့ ကိုယ်ချင်းစာသလိုမျိုး သနားပြကြမည်။

ဒါတွေကို ကျွန်တော် သဘောပေါက်၏။ ချိုးမွှမ်းခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက်ဟု ဆိုသည်မဟုတ်လား။ လောကဓံကို ခံနိုင်အောင် ကျွန်တော် ကြိုးစားရမည်ပေါ့။ ဒီတော့ ကျွန်တော်က တွယ်တာနှင့် အတူ နေရန်ပြင်ဆင်ထားသည့် မင်္ဂလာအခန်းထဲတွင် ကြိမ်ခွေဖောင် ကွပ်ဆိုသော စာလုံးနှစ်လုံးကို ဗီနိုင်းစနှင့် ပုံနှိပ်ပြီး ချိတ်ဆွဲထား လိုက်၏။ ဒါက မခံချင်စိတ်ကို ဆေးထိုးသားဖောက်နည်းနှင့်မွေးမြူ ခဲ့ခြင်းသာဖြစ်သည်။

ကျွန်တော် အချိန်ပြည့် အလုပ်ထဲတွင်သာ အာရုံစိုက်ထား လိုက်၏။ တွယ်တာ့ကို သတိမရဟုတော့ ကျွန်တော် မငြင်းလိုပါ။ လက်ထပ်ဖို့အထိ ရည်ရွယ်ပြီး ခိုးပြေးရန်ပင် ကြိုးစားခဲ့ရသည့်ချစ်သူ မဟုတ်လား။ သို့သော် တွယ်တာ့ကို သတိရသည်နှင့် ကျွန်တော် အလုပ်တစ်ခုခု ထလုပ်ပြီး ဖြေဖျောက်သည်။ အသည်းကွဲရောဂါ ဝေဒနာရှင်များအတွက် အချိန်က အကောင်းဆုံး သမားတော်ဟုဆိုလျှင် အလုပ်က အတော်ဆုံး သူနာပြုသာဖြစ်သည်။

အသည်းဟက်တက်ကွဲလျက် အလုပ်ကြိုးစားနေသော ကျွန်တော့်ပုံစံက မိဘများအတွက်တော့ စိတ်သက်သာရာ ရစေသည် လေ။ သို့နှင့် သုံးလေးလအကြာတွင် ကျွန်တော် အတော်နေသားထိုင် သား ကျသွား၏။ ဗညားက ဆေးမြည်းတိုနှင့် စမ်းကြည့်ရန် အကြံပေး သည်။

'တင့်တယ် သင်တန်းသူတွေထဲက နင့်ကိုကြွေနေတဲ့ ကောင် မလေးတွေ ရှိနေတယ်နော်၊ ခေါင်းခေါက်ရွေးကြည့်ပါလား'

'ဟာ... တော်ပါပြီ ဗညားရာ၊ ငါ့နှလုံးသားကို တွယ်တာ ဖြုတ်ယူသွားခဲ့ပြီကွ၊ ငါ့မှာ ဘာမှမရှိတော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



‘မဟုတ်သေးပါဘူး တင့်တယ်ရာ၊ ဒီလိုပဲ နေသွားလို့မှ မဖြစ်တာ’

‘ဖြစ်ပါတယ်၊ တွယ်တာနဲ့ မဟုတ်ရင် အမေတို့တစ်သက်ငါ မိန်းမမယူတော့ဘူး အမေတို့မရှိတော့မှ ဘာဖြစ်ဖြစ်ကွာ’

ကျွန်တော့် ဆုံးဖြတ်ချက်ကြောင့် ဗညား နောက်ထပ်စကားမစတော့ချေ။ ဤသို့နှင့် ကျွန်တော့်လူမှုဘဝ နာလန်ထူလာပြီးနောက် နှလုံးသားမှလွဲ၍ အားလုံးအကောင်းပကတိနှင့် ရှင်သန်လာခဲ့သည်။

တစ်နေ့ ဆီဒိုးနားမှ မင်္ဂလာဆောင်တစ်ခု ကျွန်တော် တက်ရောက်ခဲ့ရ၏။ ဖေဖေ့တပည့်များ မင်္ဂလာဆောင်မို့ ကျွန်တော်နှင့်လည်း သိပ်မရင်းနှီးသည့်အတွက် မင်္ဂလာဆောင်တွင် ကြာကြာမနေဘဲ ထွက်လာခဲ့သည်။ ဆီဒိုးနားသို့ ရောက်တုန်းရောက်ခိုက် ဥရောပစာနှင့် ဗိုက်ဖြည့်ရန် စိတ်ကူးပေါက်ပြီး ဟိုတယ်ထဲ ဝင်ကာ နေ့လည်စာမှာလိုက်၏။

ကျွန်တော် စားသောက်နေစဉ် ကျွန်တော့်နောက်မှ စားပွဲသို့ ဧည့်သည်များ ထပ်ရောက်လာသော်လည်း ကျွန်တော် လှည့်မကြည့်ဖြစ်။ ဈေးကြီးလွန်းသော နေ့လည်စာကိုသာ အရသာခံစားနေမိသည်။ လှည့်မကြည့်၍ လူကိုမမြင်ရသော်လည်း စကားသံများကိုတော့ ကြားနေရ၏။

‘အစ်ကိုကြီး မူယာ့ကို တကယ်ချစ်တာ မဟုတ်ပါဘူး’

‘အဲလိုမပြောပါနဲ့ မူယာလေးရယ်၊ ကိုကြီးက တကယ်ချစ်တာပါ၊ ခုဆို မူယာ့ကို တိုက်နဲ့ကားနဲ့ ထားတာပဲ မဟုတ်လား’

‘ချမ်းချမ်းသာသာ နေရရုံနဲ့ ပြီးပြီလား အစ်ကိုကြီးရယ်၊ အစ်ကိုကြီးကို အိုမင်းရွတ်တွနေတဲ့ အဘွားကြီးနဲ့ အပြိုင်ခွဲဝေပြီးချစ်နေရတာ မူယာ ဘယ်လိုမှ မခံစားနိုင်တော့ဘူး သိလား အဟင့်’

ဟောဗျာ… အေးအေးဆေးဆေး ဥရောပစာ စားပြီး ဇိမ်ယူမည်ဆိုကာမှ ကိုကြီး ကီပင် စကားဝိုင်းနှင့် ပက်ပင်းဆုံနေခဲ့သည်။



အစ်ကိုကြီးနာမ်စားနှင့် အခေါ်ခံရသူက ဖေဖေ့မိတ်ဆွေ ဒေါက်တာ ဦးအောင်တိုးစု ဖြစ်နေသည်လေ။

ကျွန်တော် ကမန်းကတန်းပြန်လှည့်ကာ စိတ်လှုပ်ရှားနေမိသည်။ ဒီလူကြီးမှာ မယားငယ်ရှိနေသည်ပေါ့။ ဒါလည်း ဆန်းလှသည်တော့ မဟုတ်ချေ။ သူ့လို မိဂါသူဌေးကြီးတစ်ယောက်မှာ ဒါမျိုးရှိနေတာ ဖြစ်နေကျလောကသဘာဝဟုပင် ပြောရမည့် ခေတ်ကြီးမဟုတ်လား။ ကျွန်တော့်အချစ်ကို ပိတ်ပင်တားဆီးပြီး သူကိုယ်တိုင်ကျတော့ အချစ်များစွာနှင့် ပျော်ပါးနေရက်သည့် ဦးအောင်တိုးစုကို ကျွန်တော် မကျေမနပ် ဖြစ်မိ၏။

ဘာရယ် ညာရယ် မဟုတ်ဘဲ ဖုန်းကလိသလိုလိုနှင့် ကျွန်တော် ထိုစုံတွဲကို ဓာတ်ပုံရိုက်ထားလိုက်သည်။ ဖုန်းမှ ပုံရိပ်ကို သေချာစစ်ဆေးပြီး အားရတော့မှ စကားသံအချို့ကိုပါ ဖမ်းယူလိုက်၏။

‘မူယာကလေ အစ်ကိုကြီးကို နေ့ညမရွေး ခြေဆုပ်လက်နယ် ပြုစုယုယချင်တာ၊ အိမ်ထောင်သုခကို အပြည့်အဝခံစားစေချင်တာ’

‘အခုလည်း ခံစားရပါတယ် မူယာရယ်’

‘ဘယ်တူပါ့မလဲ၊ မပိုင်ဝက်မွေးဘဝမှာ မူယာမနေချင်တော့ဘူး အစ်ကိုကြီး’

‘အိမ်ကဟာကြီးက ရှယ်ယာတွေတော်တော်များများ ပိုင်ထားတာလေ၊ သူနဲ့ ပြဿနာတက်လို့မဖြစ်ဘူး၊ မူယာကလည်း လိမ္မာရဲ့သားနဲ့ကွာ’

‘ဒါဆို အဲဒီအဘွားကြီးသေတဲ့အထိ မူယာစောင့်နေရမှာ ဟုတ်လား’

www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ပြောဆိုနေသည့် စကားများက ဘယ်လောက်များ အောက်တန်းကျလိုက်ပါသနည်း။ မယားငယ် ညွှတ်ကွင်းတွင် သွားဖြီးလေးနှင့် ငုပ်တုပ်အမိခံနေသည့် ဦးအောင်တိုးစုရုပ်ကြီးက တကယ့်ကို မသတီချင်စရာ။ ကျွန်တော် အော့နှလုံးနာလာသဖြင့် ဘေလ်ရှင်းပြီး အသာလစ်ထွက်လာခဲ့သည်။ အန်ကယ်ကြီး ပီတိများနှင့် သွားကို လေသလပ်ခံရင်း ကျန်ခဲ့၏။

အန်ကယ်ကြီးပုံတွေ ဘာကြောင့် ရိုက်ယူခဲ့မိမှန်းမသိ။ တစ်ချိန်ချိန်မှာ အသုံးတည့်လာလေမလား။ စိတ်ကူးနှင့် ရိုက်ယူခဲ့တာ မဟုတ်မှန်းတော့ ကိုယ့်ဘာသာကိုယ် သေချာနေသည်။ ဒီပုံတွေသုံးပြီး ပါးကိုက်နားကိုက်ပုံစံနှင့် အန်ကယ်ကြီး အိမ်ထောင်ရေးကို ဖြိုချပစ်ဖို့ စိတ်ယုတ်မာမရှိတာလည်း အမှန်ပဲဖြစ်သည်။

အို… ရိုက်ပြီးမှတော့ ဘာလုပ်လို့ရတော့မှာလဲ။ သိမ်းထားလိုက်ရုံပဲ ရှိတော့သည်ပေါ့။

ကျွန်တော် အိမ်ပြန်ရောက်တော့ ဖုန်းထဲမှ ပုံကို ကွန်ပျူတာထဲထည့်သိမ်းကာ စီဒီတစ်ချပ်နှင့်ပါ ကူးထားလိုက်သည်။ ထိုပုံကို ဗညားမြင်တော့…

'ဒါ ဘယ်သူလဲ၊ တွေ့ဖူးသလိုလိုပဲ၊ ကောင်မလေးကတော့ ရှယ်ပဲ'

'ဟင်း… ဟင်း… အဲဒါ ငါ့ယောက္ခမကြီးလေ'

'ဟင်… ဒါ… ဦးအောင်တိုးစု ဟုတ်သားပဲ၊ ဒါကြောင့် မြင်ဖူးပါတယ် ထင်နေတာ၊ မင်း ရိုက်လာတဲ့ပုံလား'

ဗညား၏ အမေးကို သင်ခန်းစာ ရယ်ဗီရှင်ပြန်သလို ကျွန်တော် ရှင်းပြပြီး ဖုန်းထဲမှ အသံဖိုင်ကိုပါ ဖွင့်ပြလိုက်၏။ ထိုစကားသံများ နားထောင်ပြီး ဗညားတစ်ယောက် လက်ဖျားခါရုံနှင့် အားမရတော့ဘဲ လက်တစ်ချောင်းလုံးပါ ခါသွားခဲ့သည်။

'ဟား… တကယ်မလွယ်တဲ့ ဘိုးတော်ကြီးပါလား၊ နေပါဦး



မင်းက ဒါတွေ ဘာလုပ်ဖို့ သိမ်းထားတာလဲ၊ လက်စားချေမလို့လား၊ ငွေညှစ်မလို့လား'

'ဘာမှမလုပ်ပါဘူးကွာ၊ ကြုံလို့ အသည်းယားလာတာနဲ့ လက်တည့်စမ်းကြည့်တာ'

ကျွန်တော် ရှင်းပြချက်ကို နားလည်သလိုလိုနှင့် ဗညား ခေါင်းညိတ်၏။

'တစ်ခုတော့ရှိတယ် ဟော့ကောင်၊ ဒါကို အသုံးချပြီး မင်းနဲ့ တွယ်တာ့ကို သဘောတူလာအောင် လုပ်လို့ရတယ်'

'အင်း… ငါလည်း တွေးတော့တွေးမိသားကွ၊ ဒါပေမဲ့ တွယ်တာ့ရဲ့ နောက်ဆုံးသဘောထားကိုမှ ငါမသိတာ၊ ငါတစ်ယောက်တည်း လုပ်လို့ကော အကျိုးရှိပါ့မလားကွ'

'ဒါလည်း ဟုတ်တော့ဟုတ်တာပါ၊ ခုလောက်ဆို သီဟဇော်နဲ့ ကိစ္စက လက်လွှန်ပြီလားတောင် မသိဘူးနော်'

'ဟူး… တော်ပါကွာ၊ ဒါတွေမပြောဘဲ နေကြရအောင်'

ဗညားက နားလည်စွာနဲ့ နှုတ်ဆိတ်ပြီး စာသင်ဝိုင်းရှိရာထွက်သွား၏။

ကျွန်တော်လည်း ရေမိုးချိုး ခဏနားပြီး စပီကင်သင်ဖို့ အခန်းထဲမှ ထွက်လာခဲ့သည်။ လောလောဆယ်မှာ ဒါ ကျွန်တော့်ဘဝ ကျွန်တော့်အလုပ်ဖြစ်သည် မဟုတ်လား။

ထိုနေ့ညက ထမင်းဝိုင်းတွင် ဖေဖေ မေမေတို့က ထူးထူးဆန်းဆန်း စကားစ၏။

'သား ဖေဖေလည်း နောက်သုံးနှစ်ဆို ပင်စင်ယူတော့မှာ၊ မင်း အမေကလည်း ဆေးပင်စင်နဲ့ စောစောစီးစီး နားသွားတာလေ၊ ဆိုလိုတာက ဖေဖေတို့ အသက်ကြီးပြီ၊ မင်းအစ်မအတွက် စိတ်ချရပြီးသလို သားအတွက်လည်း စိတ်မပူချင်တော့ဘူး'

'ဟုတ်တယ် သား၊ အိမ်ထောင်ပြုဖို့ စဉ်းစားသင့်ပြီ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘယ်လိုအဖြေပေးရမှန်း မသိ၍ ထမင်းသာ ငုံ့စားနေမိသည်။ တော်တော်ကြာသည်အထိ စကားပြန်မရမှ…

'ဖေဖေတို့ပြောတာ ဘယ်လိုသဘောရလဲ သား'

မဖြစ်မနေ တစ်ခုခုပြောရတော့မည်မို့…

'အဲ… သားကို တစ်နှစ်လောက် အချိန်ပေးပါလားဗျာ၊ တစ်နှစ်ပြည့်ရင် သားစဉ်းစားပါ့မယ်'

ဖေဖေနှင့်မေမေ တစ်ယောက်ကိုတစ်ယောက် ကြည့်ကြ၏။ မေမေက မသိမသာ ခေါင်းညိတ်ပြသည်။ ဖေဖေက သက်ပြင်းရှိုက်ရင်း ထမင်းကိုလက်စသတ်၏။ ပြီးမှ…

'ကောင်းပြီလေ၊ ဖေဖေတို့ စိတ်ပူပေမယ့် သားက ကိုယ့်ကိုယ်ကိုယ် အကောင်းဆုံး ထိန်းသိမ်းနိုင်ခဲ့လို့ ကျေးဇူးတင်တယ်၊ ဒီလိုပဲ သားဘဝရှေ့ရေး သားကိုယ်တိုင် ဆုံးဖြတ်နိုင်စွမ်းရှိမယ့်လို့လည်း ယုံတယ်၊ ဒီတော့ သားပြောသလို တစ်နှစ်ထက်တော့ နောက်မကျစေနဲ့ ဟုတ်လား'

'ဟုတ်ကဲ့၊ နားလည်ခွင့်ပြုပေးလို့ ကျေးဇူးတင်ပါတယ် ဖေဖေ'

ကျွန်တော် ထမင်းစားပြီး ခြံထဲဆင်းခဲ့၏။ ဘက်ခမ်းကို အဒေါ်ကြီး ထမင်းကျွေးနေတာ တွေ့သည်။ ဒီရက်ထဲ ဘက်ခမ်းကိုပင် ကျွန်တော် ဂရုမစိုက်နိုင်ခဲ့။ ထိုင်နေကျ ခုံတန်းလေးမှာ ထိုင်ပြီး လမင်းကို မော့ကြည့်ဖြစ်၏။ လပေါ်တွင် ရေတွေ့ပြီတဲ့။ လူတွေနေထိုင်ဖို့ လိုအပ်သည့် အရင်းအမြစ်များ ရှိနေသည်တဲ့။ ဒါဆို လပေါ်မှာ ကျူရှင်သွားဖွင့်ရလျှင် ကောင်းမည်။ ကျွန်တော် ဘာတွေတွေးနေမိပါလိမ့်။ ကျွန်တော် မျှော်လင့်နေတာက လမျက်နှာပြင်ပေါ်မှာ တွယ်ဟာ၏ ပုံရိပ်ကို မြင်ခွင့်ရဖို့သာ ဖြစ်သည်။

ခုလောက်ဆို တွယ်တာ ကျွန်တော့်ကို သတိမှ ရပါဦးမည်လား။ ကျွန်တော် လွမ်းဆွတ်တသ သတိရသလို သူကော သတိတွေရနေမှာလား။ ဘာဆိုဘာမှ မသေချာပါ။ သေချာတာက ကျွန်တော်တို့ချင်း ဆုံဆည်းခွင့်မရတော့ခြင်းသာ ဖြစ်သည်။



'ဝုတ်… ဝုတ်… အာဝူး'

'ဟာ… ဟော့ကောင် ဘက်ခမ်း၊ စားပြီးသွားပြီပေါ့'

'အာ… ဝု'

ဘက်ခမ်းက ကျွန်တော်နှင့် ဆော့ကစားလိုဟန် ပုဆိုးစကို ကိုက်ဆွဲကာ ခေါ်နေ၏။ ကျွန်တော် ပြေးဖို့လွှားဖို့ စိတ်မပါသဖြင့် ခုံကိုသာ ပုတ်ပြလိုက်သည်။ ဘက်ခမ်း ခုံပေါ်တက်ပြီး ကျွန်တော့်ဘေးတွင် ဝင်ထိုင်၏။ သူ့ကို ပွတ်သပ်ချော့မြူပေးနေမိသည်။

'ဘက်ခမ်းရာ မင်းရဲ့ သားသမီးတွေတောင် ခုလောက်ဆို အရွယ်ရောက်နေပြီကွ၊ သိလား'

'ဝု… ဝု… ဝူး'

'အင်း… မင်းတို့ဘဝပဲ ကောင်းပါတယ်ကွာ'

တိရစ္ဆာန်ဘဝကမှ စိတ်ဆင်းရဲစရာ ကင်းလိမ့်ဦးမည်ထင်၏။ ဘက်ခမ်းတို့လို စင်သီယာတို့လို ဆုတောင်းကောင်းသော ခွေးများသာ ကောင်းကောင်းမွန်မွန် နေရစားရတာ တွေးမိတော့လည်း လူဖြစ်ရတာ မာန်တက်မိပြန်သည်။ နောက်ဆုံးတော့ သံသရာမလည်တတ်သော ရုပ်နာမ်တို့ ချုပ်ငြိမ်းရာသည်သာ ဒုက္ခအပေါင်း အဆုံးသတ်ရာ ဂိမ်းပြို့ဖြစ်ကြောင်း ထပ်မံအတည်ပြုလက်ခံမိတော့သည်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

စပိကင်နှင့် စာကျက်ဝိုင်းမှ ကျောင်းသူကျောင်းသားများနှင့် အတူ ကျွန်တော်တို့ ကျိုက်ထီးရိုးဘုရားဖူး ရောက်ရှိနေကြသည်။ သောကြာ၊ စနေ၊ တနင်္ဂနွေရက်များမို့ ဘုရားပေါ် ခြေချစရာ ရှာမရ အောင် စည်ကားနေ၏။ ကျောင်းသားများကို လွတ်လွတ်လပ်လပ် သွားလိုရာ သွားခွင့်ပေးခဲ့ပြီး ကျွန်တော်နှင့် ဗညားနှစ်ယောက်တည်း ရင်ပြင်တော်ပေါ် တက်လာခဲ့ကြသည်။

ကျိုက်ထီးရိုးရောက်လျှင် လူဖြစ်တာချင်းအတူတူ ယောကျ်ား ဘဝရတာ ပိုမွန်မြတ်ကြောင်း လက်တွေ့ခံစားနိုင်သည်။ ကျိုက်ထီး ရိုးစေတီဟုခေါ်သော လုံးတော်ပြည့်ရွှေချထားသည့် ကျောက်တုံးကြီး ကို ဦးခိုက်၍လည်းကောင်း၊ အားစိုက်တွန်း၍လည်းကောင်း လိုရာဆု တောင်းရသည့် အရသာကို ဘယ်မိန်းမမှ ခံစားဖူးမည် မဟုတ်ချေ။

ကျွန်တော်နှင့်ဗညားလည်း စေတီကို ရွှေချကာ ဆုတောင်း ကြ၏။ ကျွန်တော့်စိတ်ထဲ ရုတ်တရက်ပေါ်လာသော ဆုတောင်းက တွယ်တာနှင့် ပေါင်းဖော်ခွင့်ရဖို့ ဖြစ်နေသည်။ သာသနာ့နယ်မြေလာ၍ သံသရာလည်စေကြောင်း ဆုတောင်းနေမိသဖြင့် ကျွန်တော် ရှက်သွား မိ၏။



သို့သော် မတတ်နိုင်တော့ ပုဏ္ဏဇည့်ပီပီ ရင်ကွင်းဆန္ဒစစ်စစ် ကိုပဲ မိုက်မိုက်မဲမဲ ဆုတောင်းဖြစ်ခဲ့သည်။ စေတီကို အနီးကပ် ဦးတိုက် ဖူးခွင့်ရဖို့ အတော်ကြိုးစားခဲ့ရသလို ရင်ပြင်တော်ပေါ် ပြန်ရောက်ဖို့ လည်း အတော်တိုးထွက်ခဲ့ရ၏။ စေတီရင်ပြင်ပေါ်ထိုင်ရင်း စေတီတော် နှင့် နောက်ခံရှုခင်းကို တစ်ဝကြီးခံစားဖူးမျှော်ကြည့်ရှုကာ ဟင်းလင်း ပြင်ရသကို တရှိုက်မက်မက် စားသုံးဖြစ်သည်။

ရှုခင်းအလှပြီးတော့ ဘုရားဖူးအလှများကို ရှုစားဖြစ်ကြပြန် သည်။ အနွေးထည်ပြပွဲအလား ထင်မှတ်ရအောင် အရောင်အသွေးစုံ သော ဆောင်းဖက်ရှင် ပင်လယ်ပြင်ကြီးကို မြင်တွေ့ရသည်။ ထိုအခိုက် ဗညားက

'ဟာ… ဟော့ကောင် ဟိုမှာ ဟိုမှာ'

'ဘာလဲ၊ ဘယ်မှာလဲ'

'ဟိုမှာလေ၊ တွယ်တာတို့ သားအမိနဲ့ သီဟဇော်'

'ဟင်'

ဟုတ်ပါသည်။ ရင်ပြင်တော်ပေါ်တက်လာသော သူတို့သုံး ယောက်ကို လူကြားထဲမှ ခပ်ထင်းထင်းမြင်နေရ၏။ အန်တီက အလယ် မှဖြစ်ပြီး တွယ်တာနှင့် သီဟဇော်က ဘယ်ညာတစ်ဖက်စီတွင်ရှိနေ သည်။ ဒါဆို သီဟဇော်နဲ့ တွယ်တာ ဘာမှမပတ်သက်သေးဘူးပေါ့။ ကျွန်တော် ကိုယ်လိုရာ ကိုယ်ဆွဲတွေးပြီး ပျော်သွားသည်။ သီဟဇော် က ယောကျ်ားအဖြစ်ကို အသုံးချရန် စေတီတော်ဆီ ကူးသွား၏။ တွယ်တာနှင့် အန်တီ ရင်ပြင်မှ အာရုံပြု ပူဇော်နေကြသည်။

ကျွန်တော် တွယ်တာ့ကို မျက်ခြေမပြတ် ကြည့်နေသည်။ အန်တီကြီး ပုတီးစိပ်နေသောအခါ တွယ်တာ ဘုရားရှိခိုးပြီးသွား၍ ဟိုဟိုဒီဒီ ငေးနေ၏။ ဒါ အခွင့်ကောင်းပဲဖြစ်သည်။ ကွေ့ပတ်ပြီး တွယ်တာ့နားရောက်အောင် သွားကာ မြင်သာအောင် လူလုံးပြလိုက် ၏။ တွယ်တာ ကျွန်တော့်ကို တွေ့တော့ မျက်လုံးပြူး ပါးစပ်ပြဲသွား

www.burmeseclassic.com

www.burmeseclassic.com



ကာ သူ့အမေကို အကဲခတ်ပြီး သုတ်ခနဲ ထကာ ကျွန်တော့်ဆီ ပြေးလာ၏။

'တွယ်တာ'

'ကိုတိုး'

ကျွန်တော်တို့ ဝန်းကျင်ကို မေ့ပစ်ပြီး လက်ချင်းတွဲမိကြသည်။

'တွယ်တာ ကိုယ့်ကိုချစ်သေးရဲ့လား၊ သီဟဇော်နဲ့ကော ဘယ်လိုပတ်သက်နေလဲ'

'ကိုတိုးကို တွယ်တာ ချစ်ပါတယ်၊ သီဟဇော်နဲ့ ဘာမှမပတ်သက်သေးဘူး၊ သဘောတူထားတဲ့အဆင့်လောက်ပဲ ရှိတာ၊ ကိုတိုး တွယ်တာ့ကို ချစ်ရင် နီးရဖို့ ကြံပါဦးနော်၊ ဖုန်းအသစ် နံပါတ်ပေးခဲ့မယ်'

ကျွန်တော့်ဖုန်းကို ထုတ်ပေးလိုက်တော့ တွယ်တာက သူ့နံပါတ်ကို မင်နီမိုရီသွင်းပေးနေသည်။ အချိန်ကသိပ်မရ။

'မာမီမပါဘဲ တွယ်တာ ဘယ်မှသွားလို့မရဘူး၊ နေ့ခင်းနှစ်နာရီလောက်ဆို မာမီ တစ်ရေးအိပ်တတ်တယ်၊ ရန်ကုန်ပြန်ရောက်တာနဲ့ ဖုန်းဆက်နော်'

အန်တီကြီး ပုတီးစိပ်ပြီးသွားသဖြင့် တွယ်တာ ပြန်ပြေးသွားရသည်။ ကျွန်တော် လူကြားထဲ ကိုယ်ယောင်ဖျောက်ပြီး ချစ်သူကို ခိုးကြည့်နေမိ၏။ တွယ်တာလည်း လှည့်ကြည့်လှည့်ကြည့်နှင့်သာဖြစ်သည်။

သီဟဇော်လည်းပြန်ရောက်လာပြီမို့ သူတို့သုံးယောက် ရင်ပြင်မှ ဆင်းသွားကြ၏။

ကျွန်တော် ဇရပ်ထံ ပြန်ရောက်တော့ ဇရပ်က စိတ်ဝင်တစား စပ်စုသည်။

'ဟေ့ကောင်… ဘာတဲ့လဲ၊ အခြေအနေကောင်းလား'

'အေး… ကောင်းတယ်၊ ဖုန်းနံပါတ်လည်း ရခဲ့တယ်၊ သူ



လည်း ငါ့ကိုချစ်နေတုန်းပဲတဲ့၊ သီဟဇော်နဲ့ အခြေအနေက သဘောတူထားဆဲလောက်ပဲတဲ့'

'ဟာ… မင်းတော့ ကံပေါ်လာပြန်ပြီထင်တယ်'

'အေးကွာ၊ ဘာပဲပြောပြော ငါတော့ ဒီကိုဘုရားဖူးလာခဲ့တာ မှန်သွားပြီလို့ ပြောရမှာပဲ'

'ဒါပေါ့ကွာ၊ ရန်ကုန်ကျမှ အောင်သေအောင်သားစားကြမယ် သိလား'

'စိတ်ချ သူငယ်ချင်း'

ကျိုက်ထီးရိုးစေတီတော်မြတ်ကပဲ ဆုတောင်းပြည့်လေသည်လား။

ကျွန်တော်ကပဲ နိဗ္ဗာန်မရောက်ချင်ကာလား မသိ။ ကိလေသာအနာအတွက် ဆေးတစ်ဖုံ ရခဲ့တာတော့ အမှန်ပဲဖြစ်၏။

❑ ❑ ❑

ရန်ကုန်ဆိုသည့်အတိုင်း ကျွန်တော်နှင့်တွယ်တာ့ကြားမှ ရန်စွယ်တွေ ဘယာဘေးတွေ ကုန်ဆုံးစေမည့် အခွင့်အရေးများ၊ ရန်ကုန်ရောက်သည်နှင့် ကျွန်တော် ရရှိခဲ့သည်။

သတ်မှတ်ချိန် နှစ်နာရီထိုးဆို ကျွန်တော်တို့နှစ်ယောက် ဖုန်းပြောဖြစ်ကြသည်။ ကျိုက်ထီးရိုးမှ ပြန်လာပြီး သီဟဇော် စင်္ကာပူသွားကြောင်း ဟိုမှာ သုံးလလောက်ကြာမည်ဖြစ်သလို ပြန်လာသည်နှင့် မင်္ဂလာဆောင်ပေးတော့မှာဖြစ်ကြောင်း နောက်ဆုံးသတင်းရသည်။

သူအပြင်ထွက်ခွင့်မရသည့်အတွက် ကျွန်တော့် အစီအစဉ်ကိုသာ ယုံကြည်စွာနှင့် စောင့်ဆိုင်းနေမည်ဖြစ်ကြောင်းများ သိရသည်။

ကျွန်တော်ကလည်း ကတိတွေ တစ်ပုံကြီးပေးခဲ့၏။ ဒီကြားထဲ အကောင်းဆုံးနည်းလမ်းရှာမရခဲ့လျှင်လည်း မတတ်သာစွာဖြင့် ဦးအောင်

www.burmeseclassic.com

www.burmeseclassic.com



တိုးစုအား မယားငယ်ဖိုင်နှင့် ခြိမ်းခြောက်အနိုင်ယူလိုက်တော့မည်။ ကျွန်တော် တွယ်တာ့အား လုံးဝမစွန့်လွှတ်နိုင်ပေ။

ထိုကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်နှင့်ဗညားလည်း မကြာခဏ တိုင်ပင်ဖြစ်ကြ၏။

'ဒါဆို ဟိုကောင် သီဟဇော် ပြန်မလာခင် မင်းကိစ္စ ပြတ်လုပ်နိုင်မှ သူဝင်ရှုပ်ခွင့်မရမှာနော်'

'ဟုတ်တယ်၊ နှစ်လအတွင်း တွယ်တာနဲ့ ငါ လက်ထပ်ပြီးသားဖြစ်မှ အားလုံးစိတ်ချရမှာ'

'မင်း ဘယ်လိုလုပ်မလဲ'

'အင်း… အပြင်မှာ ဦးအောင်တိုးစုနဲ့ တစ်ခါလောက် အေးအေးဆေးဆေး တွေ့ကြည့်မယ်၊ ရပိုင်ခွင့်ကို အသာတကြည် တောင်းယူလို့ မရရင်တော့ လက်နက်ပုန်းထုတ်သုံးပြီး တိုက်ယူရမှာပဲ'

'ကောင်းတယ်၊ ဘိုးတော်ကြီးနဲ့တွေ့ဖို့ မြန်မြန်စီစဉ်လိုက်'

ထိုအစီအစဉ်ကိုပင် ကျွန်တော် တွယ်တာနှင့်ထပ်တိုင်ပင်သေးသည်။

တွယ်တာကတော့ သိပ်သဘောမကျချင်။

'မဖြစ်ဘူး ထင်တယ် ကိုတိုး၊ ဒယ်ဒီက သူလုပ်ချင်တာကို ဖြစ်အောင်လုပ်တတ်တယ်နော်'

'ကိုယ်က ဒီတစ်ခါ နိုးမပြေးချင်တော့ဘူး၊ သူကိုယ်တိုင် ခေါင်းညိတ်ခွင့်ပြုလာအောင်ကို လုပ်မှာ'

'ဘယ်လိုနည်းလမ်းနဲ့လဲ ကိုတိုး'

'ကိုတိုးကို ယုံပါ တွယ်တာ၊ သီဟဇော် ပြန်လာဖို့ တစ်လအလိုလောက်မှာ ကိုတိုးနဲ့ တွယ်တာ လက်ထပ်ပြီးသားဖြစ်နေစေရမယ်'

'ဟူး… ထားပါတော့ သိပ်မဖြစ်နိုင်ပေမယ့် တွယ်တာလည်း ဘာမှမလုပ်တတ်တော့ ကိုတိုးကိုပဲ အားကိုးနေလိုက်တော့မယ်နော်'



'ဘာမှ ပူမနေပါနဲ့ အချစ်ရယ်၊ ကိုကိုးကို တစ်ဘဝစာယုံလိုက်ပါ'

'ကောင်းပါပြီ ကိုတိုးရယ်'

❒ ❒ ❒

ကျွန်တော်က တွယ်တာ့ထံမှ ရသော ဦးအောင်တိုးစု၏ ဖုန်းနံပါတ်နှင့် သူ့ကိုဆက်သွယ်သည်။ ပထမနှစ်ကြိမ်တွင် ဘယ်သူဆိုတာ သိသွားသည်နှင့် ဖုန်းပိတ်ပစ်လိုက်သည်။ နောက်တစ်ကြိမ် ဆက်သွယ်တော့ စိတ်ကောင်းဝင်နေ၍လား မသိ။ လက်ခံစကား ပြော၏။

'မင်း ဘာပြောချင်သေးလို့ ခဏခဏ နှောင့်ယှက်နေတာလဲ'

'ကျွန်တော် တွယ်တာ့ကို မစွန့်လွှတ်နိုင်ဘူး အန်ကယ်၊ ဒါကြောင့် ကျွန်တော်တို့အချစ်ကို သဘောတူခွင့်ပြုပေးပါ'

'ငါပြောပြီးသားပါ ကြိမ်ခွေရာ၊ မင်းကို မြင့်စေချင်လွန်းလို့ စက်ဘူအထိ ပို့ပေးမယ်လို့ ကမ်းလှမ်းခဲ့တာပဲဟာ၊ မင်းဟာမင်း အခွင့်အရေးကို ငြင်းခဲ့တာလေ'

'အလုပ်ဆိုတာ ဝါသနာပါရာကိုလုပ်မှ ပိုပြီးအောင်မြင်နိုင်တာပါ'

'တော်စမ်းပါကွာ၊ အဲဒါ အခွင့်အရေးကို မမြင်မကန်းဖြစ်နေတဲ့ လူတွေရဲ့ လက်သုံးစကားပါ၊ မကန်းဘဲနဲ့ မမြင်တဲ့လူဟာ ဘာအခွင့်အရေးမှ မရတတ်ဘူးကွ'

'ဒါဆို အန်ကယ် သဘောမတူဘူးပေါ့'

'သိပ်ကိုသေချာတာပေါ့၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး နောက်ထပ်လည်း ဖုန်းမဆက်နဲ့တော့ ကြားလား'

'ဒါဆို ကျွန်တော်ကလည်း နောက်ဆုံးစကားပြောလိုက်မယ် အန်ကယ့်သမီးကို ကျွန်တော် ရအောင်ယူပြမယ်'

www.burmeseclassic.com

www.burmeseclassic.com



'လုပ်ကြည့်လိုက်'

တစ်ဖက်မှ ဖုန်းပိတ်သွားတော့ ကျွန်တော် သရော်ပြုံးပြုံးလိုက် မိသည်။ သူက အရှက်ကွဲခံချင်သည်ဆိုမှတော့ ကျွန်တော့်မှာရွေးစရာ လမ်းမရှိတော့ချေ။

ကျွန်တော် အချိန်ကို သေချာတွက်ချက်လိုက်သည်။ မင်္ဂလာ ဆောင်အတွက် ပြင်ဆင်ဖို့ အချိန်တစ်လယူမည်ဆိုလျှင် ကြားထဲတွ တစ်လပဲ အချိန်ရတော့မည်ဖြစ်သည်။ ထိုအတောအတွင်း သင့်တော် သော အချိန်ကိုရွေး၍ ဦးအောင်တိုးစုနှင့် မျက်နှာချင်းဆိုင် ဆုံခွင့်ရ အောင် ကြိုးစားရမည်။

အစောဆုံး သင်တန်းစဖို့ နာရီဝက်လိုသေး၍ ကျွန်တော် ခြံထဲ ဆင်းလာခဲ့၏။ ထိုအချိန်ကျမှ ဗညား၏ ဂျစ်ပုလေးဝင်လာတာ တွေ့ရ သည်။ ဗညားက ကားပေါ်မှဆင်းဆင်းချင်း...

'ဟာ... မင်းရဲ့ယောက္ခမကြီးက တကယ့်ငပွေးကြီးပဲကွ'

'ဟာ... ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမလဲ၊ ဟိုလေ ရွှေဝွေးသီးအိမ်ရာ သိတယ် မဟုတ် လား'

'အင်း'

'မနေ့က အဲဒီကွန်ဒိုရဲ့ သုံးလွှာက ငါ့ဘော်ဒါတစ်ယောက်ဆီ ရောက်သွားတော့ ကပ်လျက်အခန်းမှာ မင်းယောက္ခမနဲ့ စမောလ်လေး နောက်တစ်ယောက်ကို ပက်ပင်းတွေ့တာပေ့'

'နောက်တစ်ယောက် ဟုတ်လား ငါရိုက်ခဲ့တဲ့ ပုံထဲက ဟာ လေးမဟုတ်ဘူးလား ဗညားရာ'

'မဟုတ်ပါဘူးကွာ၊ အခုဟာလေးက ဆံပင်တိုတိုကပ်ကပ်နဲ့ ဗိုကေညှပ်ထားတာကွ၊ ငါ့ဘော်ဒါပြောတော့ သူတို့ကွန်ဒိုက မယား ငယ်အိမ်ရာဖြစ်နေပြီတဲ့၊ အဲဒီဘိုးတော်က တစ်ပတ်ကို နှစ်ရက်ပဲ လာတာတဲ့၊ သတင်းအတိအကျပါစုံစမ်းခဲ့တာ'



'ဟေ... ဟုတ်လား၊ ဆဲလှချည်းလားကွာ'

'ဒါနဲ့ ငါလည်း အကျိုးအကြောင်းပြောပြီး ငါ့ဘော်ဒါကို ဓာတ်ပုံခိုးရိုက်ဖို့ တာဝန်ပေးခဲ့တယ်၊ မင်းအတွက် လက်နက်ကြီးထပ် စုဆောင်းခဲ့တာ'

'အေး... ဟုတ်တယ်ဆိုတာ သေချာလို့ကတော့ ဒီဘိုးတော် ငါ့ရှေ့မှာ ဒူးထောက်ရပြီသာမှတ်'

'ဟင်း... ဟင်း... ကြိမ်းလှမောင်းလှချည်လားကွာ'

'ကြိမ်းဆို ဒီနေ့ပဲ သူနဲ့ငါ ကွိုင်ပူထားသေးတာလေ'

'ဟေ... ဟုတ်လား'

ကျွန်တော် ယောက္ခမလောင်းနှင့် ပြောဖြစ်သည့် အပြန်အလှန် တော်ကီများကို ဗညားအား ပွားပေးလိုက်သည်။ ဗညားဆီသို့ပင် ဒေါသများ ကူးစက်သွား၏။

'ဟား... ဒီဘိုးတော် ကိုယ့်သေတွင်း ကိုယ်တူးနေတာပဲ'

'ဟုတ်တယ် ဗညား၊ သိပ်ရင့်သီးလွန်းတယ်ကွာ၊ ကြိမ်မြွေ ဆိုတဲ့စကားလုံးကိုလည်း ထပ်သုံးသေးတာကွ'

'ကောင်းပြီ၊ လက်နက်စုံတာနဲ့ အပီဖွဲ့တော့'

'စိတ်ချ မင်းဆီက လက်နက် ဘယ်တော့ရမှာလဲ'

'သူက တစ်ပတ်မှာ နှစ်ရက်လောက်လာတာဆိုတော့ နည်း နည်းတော့ ကြာမယ်ကွ'

'အေးကွာ၊ မင်း ဘော်ဒါကိုသာ နည်းနည်းလောပေးစမ်းပါ၊ ငါ ကောင်းကောင်းပြန်ပြုစုမှာပါ'

'အေးပါကွာ'

'ကဲ... ငါ ကလပ်စ်ဝင်လိုက်ဦးမယ်'

ဗညားက ဆယ်တန်းဝိုင်းသို့ ထွက်သွား၍ ကျွန်တော်လည်း စပီကင်တန်းသို့ ဝင်ကာ စာပြနေလိုက်သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သုံးယောက် ဘီယာဆိုင်ထဲ ဝင်လာတော့ ညရှစ်နာရီကျော်နေပြီ။ ဆိုင်ထဲကလူအများစုမှာ ရေချိန်ကိုက်သူကိုက်၊ အိုဗာဖြစ်သူဖြစ်နှင့် ရေရေလည်လည် ကောင်းနေကြပြီ။

ဗညားက ဘီယာနှင့်အမြည်းများမှာလိုက်သည်။ ဗညား၏ သူငယ်ချင်း စောဟန်က ကျွန်တော့်ယောက္ခမနှင့် ကီပင်စုံတွဲကို ဓာတ်ပုံရိုက်၍ လာပို့ခြင်းဖြစ်သည်။ တစ်ခါတည်း ကွန်ပျူတာထဲထည့် ဖုန်းထဲထည့်၊ စီဒီပါခုတ်ပြီးမှ ထွက်လာကြသဖြင့် နောက်ကျသွားရခြင်းဖြစ်သည်။

ကိုစောဟန်၏ လက်ရာကလည်း ကောင်းလွန်းလှသည်။ ယောက္ခမကြီးက နောက်မယားငယ်တစ်ယောက်၏ ခါးကိုဖက်ပြီး အခန်းထဲမှ ထွက်လာစဉ် ရိုက်ထားခြင်းဖြစ်၏။ ပုံက ကြည်လင်ပြတ်သားသလို ခေါင်းမှဒူးအထိပါသော သရီးကွာတား အရွယ်အစားဓာတ်ပုံလည်းဖြစ်သည်။

အခုတော့ ကျွန်တော့်မှာ လက်နက်တွေ ပြည့်စုံနေခဲ့ပြီ။ ဒီလက်နက်များနှင့် ကျွန်တော့်ချစ်သူကို အရယူနိုင်တော့မည်ဖြစ်သည်။

'တကယ် ကျေးဇူးတင်တယ် ကိုစောဟန်'

'ရပါတယ်ဗျာ၊ သိပ်အပန်းမကြီးလှပါဘူး၊ ကျွန်တော်က အဲလိုလုပ်ရတာကို ဝါသနာပါတာဗျ'

'ဟား... ဟား... ဟား... ဟား'

'ပြီးတော့ အဲဒီလို လူမှုရေးဖောက်ပြန်တဲ့သူတွေကို သိပ်ကြည့်လို့မရတာလည်း ပါမှာပေါ့'

'ဒါကတော့ မဟာပုရိသ ဝါဒပေါ့ စောဟန်ရာ၊ မင်းတုန်းမင်းလည်း ဒီအတိုင်းပါပဲ၊ သူတို့တွေရဲ့ မပြီးနိုင် မစီးနိုင်တဲ့ ကာမဆန္ဒတွေကို ငြိမ်းသတ်နေရတာနဲ့တင် မိဖုရားတွေများ သားတော်တွေများပြီး နန်းတွင်းရေးတွေ ရှုပ်ထွေးကုန်တော့ တိုင်းပြည်ပါ နယ်ချဲ့လက်အောက်ရောက်ခဲ့ရတာ မဟုတ်လား'



'အမလေးကွာ၊ ယောက်ျားတွေ မယားငယ်ထားတဲ့အကြောင်းကနေ ဘယ်ကိုရောက်သွားတာလဲကွ၊ ပုဂံခေတ်ထိတော့ ပြန်မသွားနဲ့နော်၊ တုတ်ထမ်းဓားထမ်းနဲ့ ဖိုက်တင်ပလေးနေရဦးမယ်၊ ဘီယာလေး အေးဆေးသောက်ပါရစေ ဗညားရာ'

'ဒီကိစ္စအပေါ် ကိုစောဟန်ရဲ့ အမြင်လည်း **ပြောပါဦး**'

'အင်း... ဒီကိစ္စကတော့ ဆိုးတယ်ဗျ၊ တိရစ္ဆာန်လောကမှာဆိုလည်း ဒီလိုရာသီရောက်ပြီဆိုရင် ဖိုသတ္တဝါတွေရဲ့ မာန်ဖီသံနဲ့ ခွန်အားအသုံးချတိုက်ခိုက်သံတွေ ညံနေတာပဲ မဟုတ်လား၊ ပင်လယ်ဖျံတွေဆို ခွန်အားကောင်းတဲ့ ဖျံအုပ်ခေါင်းဆောင် ဖျံထီးက ကျန်တဲ့အထီးတွေ အကုန်လုံးကို ကိုက်သတ်ပြီး ကာမဂုဏ်ခံစားတာပဲ မဟုတ်လား'

'အင်း... ဟုတ်တယ် စောဟန်'

'အဲ... လူကျတော့ အဲသလောက် မရက်စက်တော့ဘူး၊ ခွန်အားနေရာမှာ ငွေက အစားထိုးနေရာယူသွားတာပေါ့၊ အဲဒီဘက်မှာ အားသန်တဲ့ လူချမ်းသာတွေကျတော့ ငွေကို အသုံးချပြီး သူတို့လိုချင်တာ ရအောင်ယူတာပေါ့ဗျာ၊ ဒါပါပဲ'

'ဒီကိစ္စက လူအဖွဲ့အစည်းအပေါ် ဘယ်လိုရိုက်ခတ်မှုတွေရှိနိုင်သလဲ ကိုစောဟန်'

'ဟော့ကောင် တင့်တယ်၊ ဒါ ဘီယာဆိုင်ကွ၊ မင်းစကားက အလုပ်ရုံဆွေးနွေးပွဲလေသံပေါက်နေပြီ၊ ပေါ့ပေါ့ပါးပါး ပြောစမ်းပါကွာ'

'အင်း... အမြင်က တစ်ယောက်နဲ့တစ်ယောက် တူကြမှာမဟုတ်ပါဘူး၊ ဥပမာဗျာ ကျွန်တော် သိတဲ့ ဘောစိတစ်ယောက် ဂေါက်ဖ်ရိုက်ရင်း အိတ်သယ်တဲ့ ကယ်ဒီမလေးကို သိမ်းပိုက်ပြီး ကီပင်မွေးလိုက်တယ်၊ ရုပ်လှတာကလွဲပြီး ဘာမှမရှိတဲ့ အဲဒီကောင်မလေးက အခုတော့ အလှပြင်ဆိုင် လက်ဝတ်ရတနာအငှားဆိုင်နဲ့ မိတ္တူကူးစက်တွေထောင်ပြီး အဆင်ပြေသွားတယ်၊ သူတင်မကဘူး သူ့မိသားစု

www.burmeseclassic.com

www.burmeseclassic.com



အသိုင်းအဝိုင်းပါ ဝိုင်းလုပ်ဝိုင်းစား သဘောမျိုးနဲ့ ထမင်းဝသွားကြတယ် ကဲ… တစ်ယောက်တည်း မယားငယ်ခံရုံနဲ့ တစ်မိသားစုကောင်းစားတယ်ဆိုတော့ ကြံဖန်ပြီး မုဒိတာပွားလို့မရဘူးလားဗျာ'

'အင်း… ဒီလိုတွေးတော့လည်း ဟုတ်ပြန်ရော'

'ဒါကလည်း တာဝန်ယူတဲ့ဘောစိမျိုးနဲ့ တွေ့လို့ပါ ဗောဟန်ရာ'

'ဟုတ်ပါတယ်၊ ဒီက ကိုတင့်တယ်ရဲ့ ယောက္ခမကြီးဆိုလည်း တာဝန်ယူတတ်ပါတယ်ဗျာ၊ သူလိုလူတွေ တိုက်ခန်းငှားပြီး မယားငယ်တွေလာထားကြရင်းက ကျွန်တော်တို့ ကွန်ဒိုတောင် မယားငယ်အိမ်ရာလို့ နာမည်တွင်တဲ့အထိပါပဲ'

'အင်း… နောက်ဘဝမှာ မိန်းမဖြစ်ပါစေလို့ ဆုတောင်းရမလိုဖြစ်နေပြီကွ၊ မိန်းမဆိုတာ အရွယ်ကောင်းမှာ အလုပ်လျှောက်လုပ်ရင်း လွယ်လွယ်ရတယ်၊ အိမ်ထောင်ကျရင်လည်း ရှာမကျွေးရဘူး၊ ဒီကြားထဲ ဘောစိအကြီးစားတစ်ကောင်လောက် ဆွဲစေနိုင်ရင် ပွဲသိမ်းပဲ၊ ဘယ်လောက်ကောင်းလဲ'

'အေး… ငါသာ တန်ခိုးရှင်ဆိုရင် မင်းရဲ့ဆုတောင်းကို ခုချက်ချင်း ပြည့်စေလို့ ဆုပေးလိုက်မယ် သိလား ဗညား'

'ဟား… ဟား… ဟား… ဟား'

တစ်ခါအလေတော့လည်း အခုလို ပေါက်ပန်းဈေးလျှောက်ပြောရင်း ရယ်မောရတာ ဘဝအမောကို ပြေစေနိုင်ပါတယ်။ လူတိုင်းအတွက် သင့်တင့်လျောက်ပတ်သော အပန်းဖြေမှုနှင့် ထွက်ပေါက်ဆိုသည်မှာ ရှိကိုရှိရမည့် အရာတစ်ခုပဲ မဟုတ်ပါလား။

□ □ □

# အခန်း(၁၂)

ကျွန်တော် ဦးအောင်ကိုးစုနောက်သို့ ရှဲဒိုးလိုက်နေတာ နှစ်ရက်ရှိခဲ့ပြီ။ တွယ်တာ့ကို အသာတကြည်ပေးအပ်ရန် လက်နက်ကြီးများသုံး၍ တောင်းဆိုဖို့အတွက် ဖုန်းဆက်တော့ သူ့ဖုန်းကို ပြောင်းထားပြန်သည်။ ဘယ်လိုမှ ဖုန်းဆက်လို့မရသဖြင့် လူချင်းတွေ့နိုင်ရန် ယခုကဲ့သို့ တကောက်ကောက် လိုက်နေရခြင်းဖြစ်၏။

အိမ်မှ စထွက်ကတည်းက လိုက်လာရာ အခုကုမ္ပဏီရှေ့တွင် ကားရပ်ပြီး ထိုင်ငိုက်နေရသည့်ဘဝ ရောက်ခဲ့ရသည်။ ဘိုးတော်ကြီး ဘယ်ကိုမှ ခြေစကြာ မဖြန့်တော့ဘူးလား မသိ။

နေ့ခင်း ဆယ့်နှစ်နာရီလောက်မှာ ဗိုက်ဆာလာသည်။ အူတွေ တကျုတ်ကျုတ်မြည်လာသည်။ မခံမရပ်နိုင်အောင်ဖြစ်လာ၍ ယောက္ခမလောင်းကို မေတ္တာပို့မိ၏။ ထိုအခိုက် ဦးအောင်ကိုးစု၏ ကားကြီး ထွက်လာတာ တွေ့လိုက်ရသဖြင့် ကမန်းကတန်း စက်နှိုးပြီး လိုက်ရပြန်သည်။

ရှေ့က ကားက လမ်းမတော်ဘက်မှ ဟာဝါတစ်ခုတွင် ပါကင်ထိုးလိုက်သည်။ ဆိုင်းဘုတ်ဖတ်လိုက်တော့ စားသောက်ဆိုင်မှန်း သိရသဖြင့် ယောက္ခမကြီးကို ကျေးဇူးတင်မိသေး၏။

စားသောက်ဆိုင်ထဲ ဝင်သွားတာ သေချာမှ ဖြည်းဖြည်းလိုက်သွားခဲ့သည်။ ဆိုင်ထဲမှာ လူသိပ်မရှိ။ ဦးအောင်ကိုးစု ထိုင်နေသည့်

www.burmeseclassic.com

www.burmeseclassic.com



စားပွဲနှင့် အနီးဆုံးတွင် နေရာယူပြီး ခပ်မြန်မြန်ရမည့် အစားအစာကို မှာ၏။

ဘိုးတော်ကြီးက ဟင်းပွဲလေးငါးပွဲလောက် တစ်ခုပြီးတစ်ခု လာချတာကို စောင့်ရင်း စားတော်ခေါ်နေ၏။ ကျွန်တော် ထမင်းပေါင်း တစ်ပွဲကို အမြန်နှုန်းနှင့် ပါးစပ်ထဲသွန်ထည့်၏။ ပြီးတော့ ခပ်သွက် သွက် ပိုက်ဆံရှင်းသည်။ ဘိုးတော်ကြီးက စားနေဆဲ။ ဝါးနေဆဲ။ ဒါအချိန်ကောင်းပဲ ဖြစ်သည်။ ကျွန်တော် ထိုင်နေရာမှ ထအထွက် ခြေချော်သွားဟန်နှင့် ဘိုးတော်ကြီးထိုင်ခုံကို ဝင်တိုက်လိုက်သည်။

'ဟာ··· ဆောရီးနော်၊ တောင်းပန်ပါတယ်ဗျာ၊ ဟင်··· အန်ကယ်'

'ဘယ်လိုလဲ၊ ခုမှတွေ့တာလား'

'ဗျာ··· ဟုတ်··· ဟုတ်ကဲ့'

'ဟင်း··· ဟင်း··· လုပ်မနေပါနဲ့ကွာ၊ မင်း တောက် လျှောက်လိုက်နေတာ ငါသိသားပဲ၊ မင်း ဘာလို့ ငါ့ကိုနှောင့်ယှက်နေ ရတာလဲ'

ဘိုးတော်ကြီး တော်တော်လျှင်ကြောင်း နောက်ကျမှ ကျွန်တော် သိလိုက်ရ၏။ ခုမှတော့ မထူးဇာတ်ခင်းပြီး မထူးရှော့ပဲ ရှော့ရတော့ မည်။

'အဟင်း··· အန်ကယ်က ဖုန်းတွေပြောင်းပစ်လိုက်တာကိုး'

'မင်းနဲ့ငါ ပြောစရာ ဘာမှမရှိဘူး'

'ကျွန်တော့်မှာ ရှိနေတယ်၊ ဆယ်မိနစ်ပဲ အချိန်ပေးပါ အန်ကယ်'

'ငါ ထမင်းစားနေတယ်၊ သွားပါတော့ကွာ'

'အခုအချိန်မပေးရင် အန်ကယ် တစ်သက်လုံး နောင်တရသွား မယ် အန်ကယ်'

'မင်း ငါ့ကိုခြိမ်းခြောက်နေတာလား'



'ညှိနှိုင်းခွင့်ရအောင် တောင်းဆိုနေတာပါ'

ဘိုးတော်က စိတ်ပျက်လက်ပျက် အမူအရာနှင့် နာရီကိုကြည့် လိုက်သည်။

'အခု ဆယ့်နှစ်နာရီလေးဆယ့်ငါးနော်'

'ဟုတ်ကဲ့··· ကျေးဇူးပါပဲ အန်ကယ်'

ကျွန်တော် သူ့စားပွဲတွင် ဝင်ထိုင်လိုက်၏။ ပြောစရာ စကား များ စီလိုက်ရင်း ကျွန်တော် လည်ချောင်းရှင်းလိုက်သည်။

'ကျွန်တော် တွယ်တာနဲ့ လက်ထပ်ချင်ပါတယ် အန်ကယ်'

'ရိုးနေပြီကွာ၊ အသစ်တစ်ခုခုပြော'

'တစ်လအတွင်း မင်္ဂလာအခမ်းအနားကို ပြီးမြောက်အောင် လုပ်ပေးပါ'

'ငါ့သမက်က သီဟဇော်တဲ့၊ စက်ာပူရုံးခွဲက မန်နေဂျာလေ၊ ဒါပေမဲ့ နောက်သုံးလလောက်မှ မင်္ဂလာဆောင်ဖြစ်မှာ'

'ကျွန်တော်နဲ့တွယ်တာ လက်ထပ်မှာကို ခွင့်မပြုရင် အန်ကယ် တို့ မိသားစုဘဝ ဖရိုဖရဲနဲ့ ပျက်စီးသွားလိမ့်မယ်'

'ဘာ··· ဟား··· ဟား··· ဟား··· ကောင်လေး မင်းကို ငါ ဆွဲမထိုးမိခင် ငါ့ရှေ့က ထွက်သွား၊ ငါ့သမီးနဲ့ မင်း မဖြစ်နိုင်ဘူး၊ မတန်မရာ မမှန်းနဲ့ ဒါပဲ'

ဘိုးတော်ကြီး အမူအရာတွေက ခက်ထန်လာသလို စကား တွေကလည်း မောက်မာလာ၏။ ကျွန်တော် ဒေါသထွက်သွားသည်။

'ကောင်းပြီ ကျွန်တော်က ရိုသေသမှုနဲ့လမ်းဖွင့်ပေးတာကို အန်ကယ်က ရင့်ရင့်သီးသီးနဲ့ တုန့်ပြန်တော့ ကျွန်တော်လည်း အန်တီ ကြီးနဲ့ တွယ်တာတို့ ညီအစ်မတွေဆီ မူယာနဲ့ နန္ဒာတို့အကြောင်း သတင်းပေးဖို့ပဲ ရှိတော့တာပေါ့'

အန်ကယ်ဘိုးတော်ကြီးမျက်နှာတွင် အံ့ဩမှုတို့ ဖြတ်သန်း၍ ထိတ်လန့်မှုတို့ စွန်းထင်းသွား၏။

www.burmeseclassic.com

www.burmeseclassic.com



'ဘာ… မင်း ဘာပြောလိုက်တယ်'

'ဘောက်ထော်က မှူယာ၊ ရွှေဝှေးသီးကွန်ဒိုက နန္ဒာတို့ အကြောင်း ပြောနေတာပါ'

'ဟင်း… ဟင်း… ငါ့မိသားစုက လွယ်လွယ်နဲ့ ယုံမယ်ထင်လို့လား'

ကျွန်တော် ဘာမှမပြောတော့ဘဲ ပခုံးကိုသာ တွန့်၍ လှောင်ပြုံးပြုံးပြလိုက်ရင်း ဖုန်းကိုဖွင့်ပြလိုက်၏။ အရုပ်က ပီသနေသလို အသံက ကြည်မြနေသည်။

'အစ်ကိုကြီး မှူယာ့ကို တကယ်ချစ်တာ မဟုတ်ပါဘူး'

'အဲလို မပြောပါနဲ့ မှူယာရယ်၊ ကိုကြီးက တကယ်ချစ်တာပါ၊ နင့်ဆို မှူယာ့ကို တိုက်နဲ့ကားနဲ့ ထားတာပဲ မဟုတ်လား'

ဘိုးတော်ကြီး မျက်နှာမှာ အရာမြူဖုံးကြွဲခံရသော ဟီရိုရှီးမားမြို့ကဲ့သို့ လောင်ကျွမ်းပြာကျသွား၏။

'ဒါဆို အဲဒီအဘွားကြီးသေတဲ့အထိ မှူယာစောင့်နေရမှာပေါ့ ဟုတ်လား'

ကျွန်တော် ပစ်ခွင်းလိုက်သည့် လက်နက်ပုန်းက ဘိုးတော်ကြီးရင်ကို မီးဟုန်းဟုန်းတောက်သွားစေသည်။ သူ့ပုံစံက ကြိုးဝိုင်းအတွင်းမှ ချောင်ပိတ်အထိုးခံရသည့် အရှုံးသမားတစ်ယောက်လို ဖြစ်နေ၏။ ကျွန်တော် မညှာတော့ပါ။ မခုခံနိုင်တော့သော အရှုံးသမားထံ ပွဲသိမ်းလက်သီးတစ်ချက် ပစ်သွင်းလိုက်၏။ ထိုလက်သီးချက်က ဘိုးတော်ကြီးနှင့် နန္ဒာ၏ နှစ်ယောက်တွဲပုံသာ ဖြစ်သည်။

'အန်တီက အန်ကယ့်ကို အရမ်းအထင်ကြီးလေးစားတာ ကြောက်လည်းကြောက်ရှာပါတယ်၊ ဒါပေမဲ့ ဒါတွေမြင်ရတွေ့ရမယ်ဆိုရင် ဘယ်လိုဖြစ်သွားမလဲဆိုတာတော့ မပြောနိုင်ဘူးပေါ့'

'တော်တော့ မောင်တိုး၊ မင်းက ဒါတွေနဲ့ ငါ့ကို အကျပ်ကိုင်တာပေါ့လေ'



'အကျပ်ကိုင်ဖို့ ဆန္ဒမရှိပါဘူး၊ ကျွန်တော်နဲ့ တွယ်တာ့ကို သဘောတူပေးရင် ဒါတွေကို ဖျက်ဆီးပစ်မယ်၊ ပြီးတော့ ဒီကိစ္စတွေ မရှိဘူးလို့ သဘောထားပြီး တစ်သက်လုံး ရေငုံထားပါ့မယ် အန်ကယ်'

'တွယ်တာနဲ့မှ မပေးစားဘူးဆိုရင် မင်းက…'

'ကျွန်တော် အန်ကယ့်မိသားစုအတွက် စီဒီလေးချပ် ကူးထားပါတယ် အန်ကယ်၊ လိုအပ်ရင် ထပ်ပွားလို့လည်း ရပါတယ်'

ဒေါသအမြွက် ချောင်းချောင်းထွက်နေသည့် မျက်နှာပေးနှင့် ဘိုးတော်ကြီး ကျွန်တော့်ကို ရှုသည်။ ဓွန်းခက်ရင်းကိုင်ထားသော သူ့လက်များ တဆတ်ဆတ်တုန်နေ၏။ သူ ထမင်းဆက်မစားနိုင်တော့။ ကျွန်တော် တူတစ်ချောင်းဖောက်ယူပြီး ဝက်အူမကြီး အကျွပ်ကြော်ကို တစ်ဖတ်ပြီးတစ်ဖတ် ကောက်ဝါးနေလိုက်၏။

ဘိုးတော်ကြီးထံမှ ရှူးရှူးရှဲရှဲ အသံများထွက်လာသည်။ ဖြစ်နိုင်လျှင် ကျွန်တော့်ကို အမှုန့်ကျိတ်ပြီး ပေါင်ဒါဗူးထဲထည့်၍ Export လုပ်ချင်နေပုံရ၏။ ကျွန်တော် မူလီထပ်ကြွပ်လိုက်သည်။

'တွယ်တာက ပြောဖူးတယ်၊ အန်ကယ်ဟာ သူတို့ညီအစ်မတွေအတွက် စံပြဖခင်တစ်ယောက်တဲ့၊ အင်း… ရှိနှင့်ပြီးသားသဘော်နှစ်ယောက်သာ ဒါတွေတွေ့သွားရင် သူတို့လည်း အားကျပြီး အန်ကယ့်သမီးတွေကို ပရိုမိုးရှင်းပေးလိမ့်မယ်ထင်တယ်နော်'

အန်ကယ်ကြီး မျက်နှာမှ ဒေါသရိပ်များတဖြည်းဖြည်း လွင့်စင်သွားပြီး ကြေကွဲနောင်တများ လွှမ်းမိုးလာကာ ချွေးသီးချွေးပေါက်များ ကျလာ၏။

'ဟူး… ဟုတ်ပြီလေ၊ မင်းရဲ့တောင်းဆိုမှုကို အန်ကယ်သဘောတူလက်ခံပါတယ်၊ အမြန်ဆုံးလက်ထပ်ဖို့လည်း အန်ကယ်စီစဉ်ပေးမယ်၊ ဒါပေမဲ့ ဒီကိစ္စတွေ အန်ကယ့်မိသားစုမသိအောင်တော့ မင်း ကာဝန်ယူရမယ်'

'စိတ်ချပါ အန်ကယ်၊ ကျွန်တော်လည်း မတတ်သာလို့သာ

www.burmeseclassic.com

www.burmeseclassic.com



ဒါတွေထုတ်သုံးရတာပါ၊ ကျွန်တော် ဒီလောက်ထိ မယုတ်မာပါဘူး၊ ကျွန်တော်တို့ မင်္ဂလာဆောင်ပြီးတာနဲ့ ဒါတွေအားလုံး အန်ကယ့်ရှေ့မှာ ဖျက်ဆီးပစ်မှာပါဗျာ'

'အင်း… အစီအစဉ်တွေက သေချာအချိန်ယူပြီး ပြင်ဆင်မှ ဖြစ်မယ်၊ အထူးသဖြင့် ဗူးဆိုဖရုံမသီးတဲ့ အန်ကယ့်သဘောထား ဘာကြောင့်ပြောင်းသွားရသလဲဆိုတာ အကြောင်းပြချက်ကောင်းကောင်း တစ်ခုရှိမှဖြစ်မယ် မောင်တိုး၊ အန်ကယ့်သိက္ခာအတွက်ပေါ့'

'ဟုတ်ကဲ့၊ ဒါလည်း လိုအပ်ပါတယ်၊ ကျွန်တော်တို့နှစ်ယောက်လုံး စဉ်းစားကြတာပေါ့၊ နောက်သုံးရက်လောက်နေမှ ပြန်ဆုံပြီး အစီအစဉ်တွေ ဖလှယ်ကြမယ်လေ၊ ဒီကြားထဲမှာ တွယ်တာ အပြင်ထွက်လို့ရအောင် အန်ကယ် စီစဉ်ပေးပါ'

'အိုကေ… အန်ကယ် စီစဉ်ထားလိုက်မယ်'

'ဒါနဲ့ မရှိမသေ အန်ကယ့်နောက်ဆုံး ဖုန်းနံပါတ်လေး ပေးပါဦး'

❒ ❒ ❒

'ဟား… ဟား… ဟား… အရသာရှိလိုက်တာကွာ၊ အဲဒီ မျက်နှာကြီးကို ငါ့မျက်စိနဲ့ အားပါးတရ ကြည့်ချင်တာကွ၊ ဟား… ဟား… ဟား'

ဗညားက ကျွန်တော် ဖောက်သည်ချသမျှ နားထောင်ပြီးနောက် အားပါးတရ ရယ်မောကာ သဘောအကျကြီးကျနေလေ၏။

'ခုတော့ အားလုံးအိုကေသွားပြီပေါ့ ဟုတ်လား'

'သိပ်ကို သေချာတာပေါ့၊ တစ်လအတွင်း မိန်းမရတော့မယ့် သတို့သားလောင်းလေ၊ ဟဲ… ဟဲ'

'အာဝ… ဝူး… ဝူး… ဝူး'



ဘယ်အချိန်က ရောက်နေမှန်းမသိသော ဘက်ခမ်း၏ အူသံကြောင့် ကျွန်တော်တို့နှစ်ယောက် အတောမသတ် ဆက်ရယ်နေမိကြသည်။ ဘက်ခမ်းကလည်း အဆက်မပြတ် အူ၏။

'ဟော့ကောင်… မင်းသခင် အူတာက မိန်းမရတော့မှာမို့လို့၊ မင်းက ဘာကိစ္စ လိုက်အူနေရတာလဲကွ ဘက်ခမ်းရ'

ခွေးနှင့်နှိုင်းသော ဗညား၏စကားကြောင့် ကျွန်တော်လည်း ဒီကောင့်ကို ပြန်နှိပ်ဖို့ ပြင်ဆင်ရသည်။

'အင်း… ဘက်ခမ်းကြောင့် တွယ်တာ့ကို စတွေ့ခဲ့ရသလို ဘိုးတော်ကို အနိုင်ယူနိုင်ခဲ့တာကလည်း မင်းနဲ့ကိုစောဟန်ရဲ့ အကူအညီတွေ အများကြီးပါပါတယ်၊ ဒါကြောင့် ငါက မင်းနဲ့ကိုစောဟန်ကို ဘက်ခမ်းနဲ့တစ်တန်းတည်း သတ်မှတ်ပြီး ကျေးဇူးရှင်လို သဘောထားမှာပါ'

'ဘာ… ဘာကွ'

ဗညား ဒေါပွသွားပြီး ကျွန်တော့်ကို ဆွဲထိုးရန် ဟန်ပြင်သဖြင့် ကျွန်တော် ထွက်ပြေးရသည်။ ကျွန်တော့်ကို ဗညားက လိုက်၊ ဗညားကို ဘက်ခမ်းကလိုက်နှင့် ပွက်လောရိုက် ဆူညံသွားခဲ့၏။

ဩော်… လူ့ဘဝဆိုတာ အရှုံးနဲ့အလွဲပွဲများသာ ရှိနေသည် မဟုတ်၊ အောင်မြင်မှုနှင့်နိုင်ပွဲများလည်း ရှိနေတတ်တာပါပဲလား။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

ဆိုင်းမဆင့် ဗုံမဆင့်နှင့် မိုးပေါ်က ကျလာသလို ရုတ်တရက် တွယ်တာရောက်လာ၍ ကျွန်တော် အံ့အားတသင့်နှင့် ပျော်သွားရ၏။ အန်ကယ်ကြီးက သူ့ကတိအတိုင်း တွယ်တာ အပြင်ထွက်လို့ရအောင် ဟပေးခဲ့ပုံရသည်။ တွယ်တာကတော့ ဘာမှမသိရှာ။

'တွယ်တာရယ်… ပိန်သွားလိုက်တာ၊ သိပ်စိတ်ဆင်းရဲနေခဲ့ရတယ်ထင်ပါရဲ့၊ သနားလိုက်တာ တွယ်တာရယ်'

'အဲဒါ ကိုတိုးကြောင့်ပေါ့၊ ကိုတိုးကို လွမ်းတယ်၊ သနားလည်း သနားတယ်၊ အဲဒီစိတ်နဲ့ ကောင်းကောင်းအိပ်မပျော်ဘူး၊ စားလို့လည်း မဝင်ဘူး'

'အို… တွယ်တာရယ်'

ကျွန်တော့်အတွက်နှင့် ပိန်ချုံးသွားခဲ့ရသော တွယ်တာ့ကို ကျွန်တော် တအားသနားကာ ပို၍ချစ်သွားမိသည်။ ချစ်သူဘာဝ လွတ်လပ်စွာ တွေ့ဆုံလိုသဖြင့် ကျွန်တော် ပြင်ဆင်ထားသော မင်္ဂလာအခန်းထဲသို့ တွယ်တာ့ကို ခေါ်ခဲ့သည်။

အခန်းထဲရောက်မှ ကျွန်တော် တွယ်တာ့ကို အားပါးတရ ထွေးပွေ့ထားလိုက်၏။ မဆုံရတာကြာပြီမို့ ကျွန်တော်တို့နှစ်ယောက်ကြားတွင် နွေးထွေးသော အကြင်နာများ ထိန်းမနိုင် သိမ်းမရ ပွင့်ဖူးလာ



ကြ၏။ အလွမ်းပြေ အမုန်းပြေလောက်အောင် ထွေးပွေ့နှစ်သိမ့်ပြီးမှ တွယ်တာ အခန်းကို လှည့်ပတ်ကြည့်ရှုသည်။

ကြိမ်ခွေဖောင်ကွပ်ဆိုသော စာတန်းကိုတွေ့သည့်အခါမှာတော့ တွယ်တာမျက်နှာ ညှိုးသွားတာတွေ့၍ ကျွန်တော် အားနာသွားမိသည်။

'စိတ်ထဲမထားပါနဲ့ တွယ်တာ၊ ဒါက လွမ်းစရာကို နာစရာနဲ့ ဖြေပြီး ကိုတိုး အသက်ဆက်ခဲ့ရတယ်ဆိုတဲ့ သက်သေပါ'

'တွယ်တာ သဘောပေါက်ပါတယ် ကိုတိုးရယ်'

'ဒါနဲ့ တွယ်တာ ကိုတိုးလေ တွယ်တာ့ ဒယ်ဒီနဲ့တွေ့ပြီး ဆွေးနွေးခဲ့တယ် သိလား'

'ဟင်… တကယ် ဒယ်… ဒယ်ဒီက ဘာပြောလဲဟင်'

'အဟင်း… သူက သူ့စကားကို တွယ်တာ ဘယ်တော့မှ မပယ်ရှားဘူးတဲ့၊ မင်းကို အသက်ပေးပြီးချစ်တယ်၊ မင်းအတွက် အသက်သေဖို့ ဝန်မလေးဘူး၊ မင်းနဲ့လွဲရင် ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်မယ်ဆိုတဲ့စိတ်မျိုး တွယ်တာ့မှာ လုံးဝမရှိဘူးတဲ့လေ၊ အဲလိုဖြစ်မှပဲ သူ့သမီးအသက်ကို ကယ်တဲ့အနေနဲ့ ပေးစားရင်ပေးစားမယ်၊ ကျန်တာတော့ မမျှော်နဲ့လို့ ပြောတယ်'

'ဟင်… ဒယ်ဒီကလည်း တကယ်ပါပဲ'

'ဟာ… အဲဒါ ကိုယ်တို့အတွက် အခွင့်အရေးလေ တွယ်တာရဲ့'

'ဘယ်လို… ဘယ်လို'

'ကိုယ်နဲ့လွဲရင် သတ်သေမယ်ဆိုပြီး သူတို့ကို ပြန်ခြိမ်းခြောက်ရမှာပေါ့၊ ဒါမှ အိုကေမှာ'

'အဲ… ဟုတ်တယ်နော်'

'တကယ်လုပ်ဖို့ မလိုဘူးနော် တွယ်တာ၊ ခြိမ်းခြောက်ရုံလေးပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ ကိုတိုး၊ တွယ်တာ ဖြစ်အောင်လုပ်မယ်'

တွယ်တာ အားတက်သရော ပြောရှာသည်။ တကယ်တော့ ဒါက အန်ကယ်နှင့် ကျွန်တော် ပူးတွဲရေးသားထားသော ဇာတ်ညွှန်း တစ်ပုဒ်သာ ဖြစ်၏။

❑ ❑ ❑

ကျွန်မ ကိုတိုးနဲ့ တိုင်ပင်ပြီး အစစအရာရာ ပြင်ဆင်ခဲ့သည်။ ဒယ်ဒီနှင့် မာမီတို့ကတော့ ကျွန်မကို အလိုလိုက် အကြိုက်ဆောင်ဖို့ စိတ်ကူးမရှိကြတာ သေချာလှ၏။ အခုမနက်စာ ဝိုင်းမှာပင် ဒယ်ဒီက

'တွယ်တာ သီဟဇော်ရဲ့ မိဘတွေက ဘယ်တော့လာမြန်းရ မလဲဆိုတာပဲ မေးနေကြတာ၊ ကိုယ့်သမီးကိုယ် စိတ်မချလို့ ဘာကတိမှ မပေးခဲ့သေးဘူး၊ ဒယ်ဒီ ဘာပြောလိုက်ရမလဲ'

'ဒယ်ဒီရယ်... သမီးပြောရတာလည်း အော်တိုရီဗတ်လုပ် ထားသလို အစ်ကြောင်းကို ထပ်နေပါပြီ၊ သီဟဇော်ကို လေးစား အထင်ကြီးရမယ့် ခင်ပွန်းအဖြစ် ဘယ်လိုမှ သဘောထားလို့ ရမှာ မဟုတ်ဘူး ဒယ်ဒီ'

'မွဲချင်တဲ့ခွေး ပြာပုံတိုးဆိုတာ နင်လို သမီးမျိုးပဲ၊ အဲဒီဆရာ ကောင်နဲ့ကတော့ ဘယ်လိုမှမဖြစ်ဘူးနော်'

'သမီးလည်း သူကလွဲရင် ဘယ်သူ့ကိုမှ မယူဘူး ဒယ်ဒီ'

'တောက်'

'သမီး ညည်းဘယ်လိုပြောလိုက်တာလဲ၊ သမီး ဒယ်ဒီက သမီးဘဝကောင်းစားဖို့အတွက် ပြောနေတာ'

'သမီး အပြတ်ပြောလိုက်မယ် မာမီ၊ မာမီတို့သဘောကျလုပ် ရင် သမီး တာဝန်မယူဘူးနော်၊ နှစ်ဖက်လူကြီးတွေ မျက်နှာပူရမှ သမီးကို အပြစ်မပြောနဲ့ ဒါပဲ'



ကျွန်မက စိတ်ဆိုးမာန်ဆိုးပြောပြီး မနက်စာဝိုင်းမှ ထထွက် လာခဲ့၏။ ကျွန်မ၏ ဆန္ဒပြပွဲကို စတော့မည်။ ကျွန်မ အစာအငတ်ခံ ဆန္ဒပြတော့မည်။ ထိုသို့ ဆန္ဒပြရန်အတွက်လည်း အစစအရာရာ ပြင်ဆင်ထားပြီးလည်းဖြစ်၏။

လုံးဝမစားဘဲနှင့်တော့ ဆန္ဒမပြရဲပါ။ အဓိကလိုအင်က ကိုတိုး နှင့် ကျွန်မ ပေါင်းဖော်ရဖို့သာဖြစ်သည်။ အသေခံဖို့မဟုတ်။ ထမင်း အသက်ခုနစ်ရက်ဟု ဆိုသည်မဟုတ်လား။ ခုနစ်ရက်အတွင်း အောင်ပွဲ ခံနိုင်မှသာ အဆင်ပြေနိုင်လိမ့်မည်။

ကျွန်မ အိမ်မှာ ကိုယ်ပိုင်အိပ်ခန်းနှင့်နေသူဖြစ်သည်။ ကျွန်မ အခန်းထဲတွင် ခုတင်၊ စာကြည့်စားပွဲ၊ ရေချိုးခန်း၊ အိမ်သာကအစ အပြည့်အစုံရှိပြီးသား။ တီဗွီအောက်စက် ကွန်ပျူတာအပြင် နှစ်ပေ စလောင်းနှင့် အင်တာနက်ပါ ချိတ်ဆက်ထားသဖြင့် ဘာဆိုဘာမှ လိုလေသေးမရှိ။

ထို့ပြင် ရယ်ဒီမိတ်အစားအသောက်များက ခရီးဆောင်အဝတ် အစားအိတ်ထဲတွင် အပြည့်အသိပ်ရှိနေပြီ။ ခေါက်ဆွဲခြောက်၊ မုန့်ဟင်း ခါးခြောက်ကအစ လက်ဖက်ဆီစိမ်ပါ မကျန်ရအောင် စုဆောင်းသိုမှီး ထား၏။ ရိက္ခာအစုံအလင်နှင့် အစာငတ်ခံဆန္ဒပြပွဲကို စခဲ့ခြင်းဖြစ် သည်။ ကျွန်မဆန္ဒပြနေတာကို နေ့ခင်းလောက်မှ မေမေ စ၍သိ၏။

'သမီးရေ... ထမင်းစားရအောင်'

'မစားဘူး မာမီ၊ ဒီနေ့ကစပြီး ထမင်းလည်းမစားဘူး၊ ဘာမှ လည်း မစားဘူး၊ လာမခေါ်နဲ့'

'ဟဲ့... ဘယ်လိုဖြစ်တာလဲ'

'မာမီတို့ စိတ်တိုင်းကျ လုပ်နေမယ်ဆိုရင် သမီး ဘာမှမစား ဘဲ အသေခံပစ်လိုက်မယ်'

'ဘာလို့ အဲလိုလုပ်ရတာလဲ သမီး'

'ရှင်းရှင်းလေးပါပဲ မာမီ၊ သမီး ကိုတိုးနဲ့ပဲ လက်တွဲသွားမှာ ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ညည်း ဒယ်ဒီ သတ်လိမ့်မယ်'

'သတ်ပါစေ သေသွားလည်းအေးတာပဲ'

ထို့နောက်မှာ မာမီ့အသံပျောက်သွား၏။ မာမီ ဒယ်ဒီ့ထံ သတင်းပို့နေပုံရသည်။ ကျွန်မ အခန်းအောင်းရင်း စာဖတ်လိုက် အင်တာနက်ကြည့်လိုက်၊ အိပ်လိုက်၊ ပေါင်မုန့်တို့ ခေါက်ဆွဲခြောက်တို့ စားလိုက်နှင့် ဖိမ်ယူနေခဲ့၏။ စားရသောက်ရ တီဗွီကြည့်ရတာ ပျင်း သွားလျှင် လိုမ့်အိပ်နေခဲ့တော့သည်။

ညဦးပိုင်းတွင် တံခါးခေါက်သံထွက်လာ၏။ ကျွန်မ ဘာအသံ မှ မပေးဘဲ ငြိမ်နေလိုက်သည်။ လုံးဝမထူးခဲ့။ ဒယ်ဒီတို့ ပျာယာခတ် ပြီး စိတ်ပူနေကြပုံရ၏။ အသံများတိတ်သွားပြီးနောက် ကျွန်မ ဖုန်း မြည်လာသည်။ နံပါတ်ကို ကြည့်ပြီး ကျွန်မ ရယ်ချင်သွား၏။ တစ် အိမ်တည်းနေကြသည့် ဒယ်ဒီနှင့်ကျွန်မ ဖုန်းနှင့် စကားပြောနေရပြီ။

'ဒယ်ဒီ ဘာတွေခြိမ်းခြောက်ဦးမှာလဲ၊ သမီး ဘာမှမကြားချင် ဘူးနော်၊ သမီး လိုချင်တာက ကိုတိုးနဲ့လက်ထပ်ခွင့်ပဲ'

'တွယ်တာ ဒယ်ဒီပြောတာ နားထောင်စမ်း၊ သီဟဇော်ကို သမီး မနှစ်သက်ဘူးဆိုရင် အတင်းမစီစဉ်ဘူး၊ ဒါပေမဲ့ ဟိုကောင်နဲ့ လည်း မပေးစားနိုင်ဘူး၊ ဒါပဲ'

'ဒါဆို သမီးတို့ပြောစရာ ကုန်ပြီ ဒယ်ဒီ'

ကျွန်မ ဖုန်းပိတ်ပြီး ပစ်ချထားလိုက်၏။ ထိုအခါ တံခါး ခေါက်သံ ပြန်ထွက်လာ၏။ သို့နှင့် ကျွန်မက သီချင်းကို အကျယ်ကြီး ဖွင့်ထားလိုက်သည်။

နောက်တော့ ဒယ်ဒီတို့ လက်လျှော့သွားကြပုံနှင့် အသံတိတ် သွား၏။ ထိုအခါမှ ဝရန်တာသို့ ထွက်၍ ဖုန်းဖွင့်ကာ ကိုတိုးနှင့်ဆက် သွယ်လိုက်သည်။

'ကိုတိုး… အစီအစဉ် ဒီနေ့စပြီ သိလား'

'အိုကေ၊ ဒါပေမဲ့ ဘာမှမစားဘဲတော့ မနေနဲ့နော် သိလား'



'အင်းပါ ကိုတိုးရဲ့'

'စိတ်မချဘူးကွာ၊ ဒီလိုနဲ့ ရက်ရှည်သွားရင် တွယ်တာ တကယ်လဲသွားလိမ့်မယ်'

'တစ်သက်လုံး နီးရဖို့ပဲ မဟုတ်လား ကိုတိုးရဲ့'

'ကြိုတင်စုထားတဲ့ ရိက္ခာကို ခိုးစားဖို့ မမေ့နဲ့နော်'

'သိပ်မကြာဘဲနဲ့ အောင်မြင်မယ်ထင်ပါတယ် ကိုတိုးရယ်'

'ဒီလိုမျှော်လင့်ရတာပဲ တွယ်တာ'

'ကဲ… ဒါဆို တွယ်တာ တစ်ခုခုလုပ်စားလိုက်ဦးမယ်၊ နည်း နည်းဗိုက်ဆာလာလို့'

'အင်း… အင်း… ဗိုက်ပြည့်အောင်စားနော် တွယ်တာ၊ အရေးကြီးရင် ဖုန်းဆက်'

'အင်းပါ ကိုတိုးရဲ့၊ ဒါပဲနော်'

ဖုန်းပိတ်ပြီး ကျွန်မ ခေါက်ဆွဲနှစ်ထုပ် ပြုတ်လိုက်သည်။ ရက်က ဘာမှမကြာသေးသော်လည်း အခန်းထဲမှာ ပလပ်စတစ်အမှိုက် က တဖြည်းဖြည်းများလာ၏။ ဒါတွေ ဘယ်သူမှ မမြင်အောင် မွေ့ရာ အောက်ထိုးထည့်ထားရသည်။ ခေါက်ဆွဲပြုတ်သောက်ပြီး ဗိုက်လေး လေးနှင့် ခဏလှဲလိုက်တော့ တစ်ခါတည်း အိပ်ပျော်သွားတော့သည်။ အိပ်မက်ပင် မမက်ခဲ့။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

ဒီနေ့ အစာငတ်ခံဆန္ဒပြနေခဲ့တာ ငါးရက်မြောက်နေ့ဖြစ်၏။ အခြေအနေက ဘာမှထူးခြားမလာသေး။ အိပ်ရာထ နံနက်ခင်းသန့်ရှင်းရေးများလုပ်ပြီးတော့ ဗိုက်ဆာလာ၏။ သို့သော် ရယ်ဒီမိတ်အစားအစာများကို လုံးဝမကြည့်ချင်တော့ချေ။ မသတီစရာ အနံ့အသက်တစ်ခုခုရနေသည်ဟုပင် ထင်မိ၏။ စိတ်ပျက်စွာဖြင့် ခုတင်ပေါ် ပစ်လှဲလိုက်သည်။

ထိုအခိုက် အခန်းတံခါးပွင့်သွားကာ မာမီဝင်လာတာ တွေ့လိုက်ရ၏။ ကျွန်မ အံ့ဩသွားသည်။

'ဟင်… မာမီ ဘယ်လိုလုပ်'

'သော့ပြင်ကုလားခေါ်ပြီး သော့တုလုပ်ထားတာ'

'ဟား… မာမီတို့ သိပ်လွန်တာပဲ'

'သမီးကို ချစ်လို့ပါ'

'မယုံဘူး'

ကျွန်မ နှာခေါင်းမှာ လွန်စွာသင်းပျံ့သော မုန့်ဟင်းခါးနံ့ကို ရလိုက်သဖြင့် သွားရည်ကျလာ၏။ အိမ်ဖော်ကောင်မလေးက လင်ဗန်းနှင့် မုန့်ဖတ်ဟင်းရည်တို့ကို သပ်သပ်ပြင်ပြီး ယူလာသည်။ ဟင်းရည်က အငွေ့တထောင်းထောင်းနှင့်မို့ မွှေးရနံ့တွေ သင်းပျံ့နေခြင်းဖြစ်၏။



'သမီး… ဒါ တင်တင်အေး မုန့်ဟင်းခါးလေ၊ သမီးအတွက် ငါးပွဲတောင် ဝယ်လာခဲ့တာ၊ စားမယ် မဟုတ်လားဟင်'

ကျွန်မ နှုတ်ခမ်းစူပြီး တစ်ဖက်သို့ လှည့်၍နေလိုက်၏။ မုန့်ဟင်းခါးကို ကျောခိုင်းလိုက်ရသော်လည်း စားချင်လွန်းလှသဖြင့် ပါးစပ်ပင် ယောင်ပြီးဟထားမိ၏။ သွားရည်တွေ ပြုတ်ကျမလာအောင် မနည်းထိန်းနေရသည်။

'စားလိုက်ပါ သမီးရယ်၊ ကြာရင်ဒုက္ခရောက်လိမ့်မယ်'

'ဟင့်အင်း… မစားဘူး သေပါစေ'

'အဲလို မလုပ်ပါနဲ့ သမီးရယ်၊ မာမ့ီကို မသနားဘူးလား၊ သမီးကို သနားလို့ မာမီသွေးတောင်တိုးနေခဲ့တာ၊ သမီးလည်း တအားပိန်သွားတာပဲ'

'ပိန်… ပိန် မာမီရာ၊ မစားဘူးဆို မစားဘူး'

'စားလိုက်ပါ သမီးရယ်၊ သမီးဖြစ်ချင်တာ ဒယ်ဒီ့ကို ပြောပေးပါ့မယ်၊ နားချပေးပါ့မယ်၊ သမီး မောင်တိုးနဲ့ပဲ လက်ထပ်ချင်တာ မဟုတ်လား'

'သမီး မျက်နှာမများချင်ဘူး မာမီ၊ ပြီးတော့လည်း သမီးရွေးချယ်ထားတဲ့လူဟာ အနာဂတ်မဲ့နေတဲ့ ကလေကချေမဟုတ်ဘူး၊ ဂုဏ်ရှိပြီး ဝင်ငွေသင့်တဲ့ ကျောင်းဆရာပါ၊ စီးပွားရေးမလုပ်တာနဲ့ဘဲ ဝေးရမှာလား'

'ဒီတော့ သမီးဆန္ဒက'

'ကိုတိုး ဝါသနာပါတဲ့ အလုပ်ကို လုပ်ခွင့်ပေးမယ်၊ သမီးတို့ကို သဘောတူပေးရမယ်'

'အေးပါ သမီးရယ်၊ အေးပါ၊ ဒယ်ဒီ့ကို ပြောပေးမယ်နော်၊ ရော့… မုန့်ဟင်းခါးစားလိုက်ဦး'

မာမီက တောင်းတောင်းပန်ပန် ကျွေးနေ၏၊ ကျွန်မက အားချင်စားချင်စတိုင်နှင့် ပျင်းရိပျင်းတွဲ စားပြရသည်။ စိတ်ထဲမှာတော့

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်မှာ ပန်းကန်တွေပြီး လောင်းထည့်ချင်စိတ် ပေါက်နေ၏။ မစားရတာကြာလို့လားမသိ မုန့်ဟင်းခါးအရသာက အရမ်းကိုကောင်းနေသည်။

'တကယ်တော့ မာမီလည်း မောင်တိုးနဲ့ပဲ သဘောတူတာပါ၊ ဒါပေမဲ့ သမီး ဒယ်ဒီက ဇွတ်ကြီးမဟုတ်လား'

'သမီးဘက်က လုံးဝအလျှော့မပေးဘူးနော် မာမီ'

'အင်းပါ သမီးရယ်၊ စကားမပြောနဲ့ဦး၊ စား… သမီးလေး စား'

မာမီက ထပ်ထည့်ပေးလိုက် ကျွန်မက ဆွဲလိုက်နှင့် သုံးပန်းကန်မြောက်ကုန်သွားမှ ဗိုက်ထဲနေသာထိုင်သာ ရှိသွား၏။

'ကဲ… သမီး စားပြီး ခဏနားလိုက်ဦး၊ မာမီ ခဏခဏလာကြည့်မယ်နော်၊ ကြားလား'

ကျွန်မ ခေါင်းညိတ်ပြပြီး ဒရင်းဘတ်ပေါ်တွင် လှဲလိုက်၏။ မာမီနှင့် အိမ်ဖော်ထွက်သွားပြီး တံခါးပြန်စေ့ထားခဲ့သည်။ ထိုအခါမှ အားရပါးရ ကျွန်မ ပြုံးခွင့်ရ၏။

ကျွန်မ ကိုတိုးထံ ဖုန်းဆက်ချင်လှသော်လည်း အခန်းက မလုံခြုံတော့သဖြင့် အောင့်အည်းနေခဲ့ရသည်။

နေ့ခင်းပိုင်းတွင် မာမီက လွန်စွာအရသာရှိသည့် ဘဲသားဆန်ပြုတ်လုပ်ပေးသည်။ ကျွန်မ အာဟာရပြတ်စရာအကြောင်း မရှိတော့။ ထိုဆန်ပြုတ်ကိုလည်း နာလန်ထဘီလူးတစ်ကောင်လို ကျွန်မအားပေးခဲ့သည်။ ရယ်ဒီမိတ်ကိုသာ အားပေးနေရသော ဗိုက်ထဲက ပိုးမျိုးရှစ်ဆယ်လည်း ခုမှပဲ အသားကျငြိမ်သက်သွားတော့၏။

ညနေခင်းတွင် ကျွန်မ ခြံထဲဆင်းပြီး အညောင်းဆန့်သည်။ စင်သီယာတို့ သားအမိတစ်တွေနှင့် အားပါးတရ ဆော့သည်။ စင်သီယာကိုတွေ့တော့လည်း ကိုတိုးကိုပဲ သတိရလာ၏။ စင်သီယာနှင့် ဘက်ခမ်းတို့ပွဲမှာ ကျွန်မနှင့်ကိုတိုးတို့ စဆုံခဲ့ရသည် မဟုတ်လား။



စင်သီယာနှင့် ဘက်ခမ်း မေတ္တာမျှခဲ့ကြတာတော့ ကြာပြီ။ ကျွန်မနှင့် ကိုတိုးတို့မှာသာ…

ထိုစဉ် ဒယ်ဒီ့ကားကို လှမ်းတွေ့လိုက်ရသဖြင့် ကျွန်မ အိမ်ပေါ်ပြေးတက်ကာ အခန်းပြန်အောင်းနေလိုက်၏။ မိနစ်ပိုင်းအတွင်းမှာပင် ဒယ်ဒီနဲ့မာမီ ကျွန်မအခန်းသို့ ရောက်လာကြသည်။

'သမီး… နေကောင်းလား၊ ဒီနေ့ ထမင်းပြန်စားတယ်ဆို'

'မစားပါဘူး၊ ဆန်ပြုတ်သောက်တာပါ'

'ဟမ်… ဩော်… အေး… ဘာပဲဖြစ်ဖြစ် အစာဝင်တာကောင်းပါတယ် သမီးရယ်၊ ဒါမှအားရှိမှာ'

'မာမီ သမီးပြောခိုင်းတာ ပြောပြီးပြီလား'

ကျွန်မကမေးတော့ မာမီက ဒယ်ဒီ့ကို ကြည့်၏။ ဒယ်ဒီက သက်ပြင်းချပြီး တစ်ချက်ပြုံးသည်။

'သမီးရယ်… အဲဒီကျောင်းဆရာကို ဘာလို့ဒီလောက်စွဲလမ်းနေရတာလဲ'

'သူက လူကောင်းလူတော်တစ်ယောက်ပါ ဒယ်ဒီ၊ ပြီးတော့ စွဲစွဲမြဲမြဲနဲ့ နွေးနွေးထွေးထွေးချစ်တတ်တဲ့လူပါ'

'အဲဒါတွေက ဘဝမှာ အရေးပါလို့လား သမီး'

'ဒါဆို ဒယ်ဒီကော မာမီ့ကို မချစ်ဘဲနဲ့ တစ်ခုခုမျှော်ကိုးပြီး လက်တွဲခဲ့တာလား'

ကျွန်မ စကားကြောင့် ဒယ်ဒီ မျက်နှာပျက်သွား၏။ ဒေါပွသွားပုံလည်းရသည်။ ကျွန်မ အလျှော့မပေးချင်တော့…

'ကိုတိုးက သမီးကို ခိုးပြေးဖို့ စီစဉ်တုန်းကတောင် ဘာမှမယူခဲ့ဘဲ ဒီအတိုင်းဆင်းလာဖို့ ပြောခဲ့တာ'

'ခက်တယ် သမီးရယ်၊ သမီးက သိပ်ခေါင်းမာတာပဲ၊ ဒယ်ဒီ ပြောပြီးပြီ၊ သီဟခေါ်နဲ့ အတင်းမပေးစားဘူး၊ ဒါပေမဲ့ မောင်တိုးနဲ့လည်း သဘောမတူနိုင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မာမီ့ကို စူးစူးဝါးဝါး ကြည့်လိုက်သည်။ မာမီ မျက်လွှာချသွား၏။ အခြေအနေအရ ကျွန်မ လက်နက်ပုန်းထုတ်သုံးရတော့မည်။

'ဒါပဲ ထပ်ပြောနေမယ်ပေါ့၊ ဒါ ဒယ်ဒီ့ရဲ့ နောက်ဆုံးစကားပေါ့၊ ဟုတ်လား ဒယ်ဒီ'

'ဟုတ်တယ် သမီး၊ အဲဒါ မိဘမေတ္တာပဲ'

'ကောင်းပြီ ဒယ်ဒီ'

ကျွန်မ ခုတင်ပေါ်မှဆင်း၍ ရေသန့်ဘူးကို အဆင်သင့်အဖုံးဖွင့်လိုက်၏။ မှန်တင်ခုံအံဆွဲကို ဖွင့်ပြီး အိပ်ဆေးပုလင်းကို အဖုံးဖွင့်၍ လက်ထဲသွန်ချလိုက်သည်။ ဒယ်ဒီ မာမီတို့ မျက်လုံးပြူးသွားကြ၏။

ကျွန်မ ရေဘူးကိုအဆင်သင့်ကိုင်ပြီး ဆေးများကို မော့သောက်မလို ဟန်ပြင်လိုက်၏။ ဒယ်ဒီက အရွယ်နှင့်မလိုက်အောင် လျင်မြန်စွာ ပြေးလာပြီး ဆေးတွေတစ်ဆုပ်ကြီးကိုင်ထားသည့် ကျွန်မ လက်ကို ပုတ်ထုတ်လိုက်သည်။

ကျွန်မလက် အသည်းခိုက်အောင် နာကျင်သွားသလို ဆေးများလည်း လွင့်စင်ကာ တစ်ခန်းလုံး ပြန့်ကြဲသွား၏။ ကျွန်မ ခုတင်ပေါ် ပစ်လှဲချပြီး တသိမ့်သိမ့်ရှိုက်ငိုမိသည်။ ဆေးသောက်တာက ဟန်ဆောင်တာဖြစ်သော်လည်း ငိုတာကတော့ ဟန်ဆောင်ပန်ဆောင်မဟုတ်။

တကယ်ပင် ဝမ်းပန်းတနည်းနှင့် ငိုချင်နေမိတာပဲ ဖြစ်သည်။ လက်နာသွားတာလည်း ပါတာပေါ့။

ရှိုက်ကြီးတငင် ငိုနေသော ကျွန်မကို မာမီက ထွေးပွေ့ကာ နှစ်သိမ့်ပေးသည်။

'ဒီသားအဖတွေကြောင့် စိတ်ညစ်တယ်၊ စိတ်ညစ်တယ်၊ မာမီပဲ သေတာကောင်းမယ်ကွယ် ဟီး… ဟီး… ဟင့်'



မာမီပါ ကျွန်မနှင့်အတူရောငိုလို့နေတော့သည်။ ဒယ်ဒီလည်း ငူငူငိုင်ငိုင်ကြီးဖြစ်နေ၏။

'ကဲ… ကိုအောင် ရှင် ဘယ်လိုလုပ်မှာလဲ၊ ကျွန်မ သမီးလေးကိုတော့ အသေမခံနိုင်ဘူးနော်၊ ဒါ နောက်ဆုံးပြောတာ'

ဒယ်ဒီလည်း စိတ်ပျက်လက်ပျက်နှင့် ကျွန်မ ဘေးဝင်ထိုင်ရင်း ကျွန်မကို သနားကရုဏာသက်စွာဖြင့် ကြည့်နေရှာသည်။ အတန်ကြာမှ…

'ကောင်းပြီလေ၊ သမီးက ကိုယ့်အသက်ပေအောင် မနေမြောဘဲ တောင်းဆိုလာမှတော့ ဒယ်ဒီပဲ အရှုံးပေးလိုက်ပါတော့မယ်၊ သမီးနဲ့ မောင်တိုးကို သဘောတူပါတယ်၊ အမြန်ဆုံးလက်ထပ်ရအောင်လည်း ဒယ်ဒီ စီစဉ်ပေးပါ့မယ်၊ တစ်ခုတော့ ရှိတယ်နော်၊ မကြုံကောင်းမစည်ရာတွေ နောက်ထပ်မလုပ်ရဘူး ကြားလား သမီး'

'တကယ်… ဒယ်ဒီ တကယ်ပြောတာနော်'

'တကယ်ပါ သမီး၊ အဲဒါ သမီးကိုချစ်လို့ အဆုံးရှုံးမခံနိုင်လို့ ဒယ်ဒီအလျှော့ပေးလိုက်တာ၊ မောင်တိုးလက်ကို အပ်လိုက်တာက အပြီးတိုင်ဆုံးရှုံးရတာထက်စာရင် ဖြေသာနိုင်တာမို့ ဒယ်ဒီခွင့်ပြုလိုက်တာ'

'ကျေး… ကျေးဇူးတင်ပါတယ် ဒယ်ဒီရယ်'

'ကဲ… အမေကြီး သမီးကို စောင့်ရှောက်ရင်း ဒီည သမီးနဲ့အတူ အိပ်လိုက်၊ နောက်ပိုင်းမှာ မောင်တိုးကိုခေါ်ပြီး ညှိနှိုင်းစရာ ပြင်ဆင်စရာတွေ တိုင်ပင်ထားလိုက်ကြ ဟုတ်လား'

'ဟုတ်ပြ ကိုအောင်၊ အင်း… ခုမှပဲ စိတ်ချမ်းသာရတော့တယ်'

ဒယ်ဒီ အခန်းပြင်သို့ ထွက်သွား၏။ ကျွန်မ မာမီ့ကိုဖက်၍ ပါးနှစ်ဖက်စလုံးကို မွှေးမွှေးပေးလိုက်မိသည်။

ဦးအောင်တိုးစု သမီးအခန်းထဲမှ ထွက်လာရင်း စိတ်သက်သာ

www.burmeseclassic.com

www.burmeseclassic.com



ရာ ရသွားသလို သက်ပြင်းချလိုက်သည်။ မျက်နှာမှ အရေးအကြောင်းများပင် လျော့ပါးသွားသလို ခံစားမိသွားရ၏။ တကယ်တော့ ဒီဇာတ်သိမ်းက ဦးအောင်တိုးစုနှင့်မောင်တိုးတို့ တိုင်ပင်ကာ ရေးသားခဲ့သော ဟက်ထိမည့် ဇာတ်သိမ်းသာဖြစ်သည်လေ။ သမီး၏ အသက်ကို အဆုံးရှုံးမခံနိုင်သဖြင့် ခွင့်ပြုသဘောတူပေးလိုက်ရသော သမီးချစ်သည့် ဖခင်တစ်ယောက် အနေနှင့် သိက္ခာလည်းရှိကာ လှလည်းလှပသည်မဟုတ်လား။

ခုတော့ဖြင့် အားလုံး အားလုံး လျှောက်သာလှမ်းသာသော ရှဥ့်များဖြစ်သွားကြသလို စွဲသာသော ပျားများလည်းဖြစ်သွားကြရပြီလေ။

□ □ □

BURMESE CLASSIC .com

လောကကြီး သာယာလှပနေပုံက သမိုင်းမတင်မီ ကာလကအဝိုင်းပင်ဖြစ်၏။ ဒီနေ့ကျမှ အိုဇုန်းလွှာအပေါက်ကြီး ထူးထူးဆန်းဆန်း ပိတ်သွားကာ လေထုကလည်း အဆန်းတကျယ် လတ်ဆတ်သန့်ရှင်းနေလေသည်။

ပန်းပေါင်းစုံတို့၏ ရနံ့ကလည်း တွယ်တာတို့ခြံထဲတွင်စုကာ သင်းပျံ့ကြိုင်လှိုင်နေ၏။ ဩော်… ရာသီပင် တစ်ပတ်လည်ခဲ့ပြီပဲလေ။ ကျယ်ဝန်းသော မြက်ခင်းပြင်ပေါ် ဘက်ခမ်းနှင့်စင်သီယာတို့ လိုက်တမ်းပြေးတမ်း ကစားနေကြသလို လိပ်ပြာလေးများကိုလည်း ဖမ်းချင်ယောင်ဆောင်နေကြ၏။

ဘက်ခမ်းနှင့် စင်သီယာတို့ကြား မေတ္တာအသီးအပွင့်များ ထပ်မံဝေဆာလန်းဆန်းလာပေလိမ့်ဦးမည်။

ချစ်ရည်လူး၍ ပျော်မြူးနေကြသော ဘက်ခမ်းတို့စုံတွဲကို ကျွန်တော်တို့စုံတွဲ လှမ်းကြည့်ပြီး ကြည်နူးနေမိ၏။



'တွယ်တာ… ကိုယ်တို့တွေ ကြုံတွေ့နေရတဲ့ လက်ရှိအနေအထားက အိပ်မက်တော့ မဟုတ်ပါဘူးနော်'

'ကိုတိုးရယ်… ဘာတွေစိတ်မဖြောင့်ဖြစ်နေတာလဲ၊ မနေ့ကပဲ ကိုယ်တို့အသိုင်းအဝိုင်းက လူကြီးစုံရာနဲ့ လာနှားဖောက်တာကို ဒယ်ဒီနဲ့မာမီက ကြည်ကြည်ဖြူဖြူနဲ့ လက်ခံခွင့်ပြုခဲ့ပြီးပြီလေ'

'ဟုတ်ပါတယ် တွယ်တာ၊ ဒါပေမဲ့ ကိုယ် မယုံမရဲဖြစ်နေမိတာလေ'

'လက်ထပ်ရက်လည်း သတ်မှတ်ပြီးသား'

'အိပ်မက်လို့ပဲ ထင်နေတာ တွယ်တာရဲ့'

'ကဲ… ဒါဆို အိပ်မက်မဟုတ်ကြောင်း တွယ်တာ သက်သေပြမယ်'

တွယ်တာက သူ့လက်သည်းရှည်ကြီးများနှင့် ကျွန်တော့်လက်ကို ဆွဲဆိတ်လိုက်၏။ ထင်မှတ်မထားသဖြင့် ကျွန်တော်လန့်ပြီး အော်လိုက်မိသည်။

'အား'

ကျွန်တော့်အော်သံကြောင့် ရုတ်ခြည်းဆိုသလို ဘက်ခမ်းအပြေးအလွှားရောက်လာပြီး တွယ်တာ့ကို မော့ကြည့်ကာ ဝူးဝူးဝါးဝါး ထိုးဟောင်တော့သည်။

'ဝုတ်… ဝုတ်… ဝုတ်… ဝေါင်း'

'ဟော… တွေ့လား တွယ်တာ၊ တွယ်တာ ကိုယ့်ကို အနိုင်ကျင့်မယ် မကြံနဲ့နော်၊ ကိုယ့်ဘက်မှာ ဘက်ခမ်းတစ်ယောက်၊ အဲ… ဟုတ်ပေါင် ဘက်ခမ်းတစ်ကောင်လုံး ရှိတယ် သိလား'

'အမလေး သူ့သခင်ကိုထိလို့ ဖြစ်နေလိုက်တာများ ဟွန်း… သိပ်ပိုတဲ့ ဘက်ခမ်း တကယ်ပဲ'

သခင်နှစ်ယောက်ထံမှ ရယ်သံများကြားမှ ဘက်ခမ်းအဟောင်ရပ်သွား၏။ ကျွန်တော် ဘက်ခမ်းကို ချစ်ခင်စွာပွေ့ဖက်ထား

www.burmeseclassic.com

www.burmeseclassic.com



မိသည်။ တွယ်တာကလည်း ဘက်ခမ်းဆီ လိုက်လာသော စင်သီယာကို တွေးပွေ့လိုက်၏။

ခုတော့ဖြင့် ခွေးတွေကော လူတွေပါ အားလုံးပြုံးပျော်နိုင်ခဲ့ပါပြီ။


သို့သော် ကျွန်တော်နှင့် ဦးအောင်တိုးစုတို့ နှစ်ယောက်တည်းသာသိသည့် ဝှက်ဖဲတစ်ချပ်ကိုဖြင့် တွယ်တာတို့ သားအမိတတွေ မသိရန် ကျွန်တော် တစ်သက်လုံး ထိန်းသိမ်းသွားရမည်သာဖြစ်တော့သည်လေ။

ချစ်မျှားရှင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com
www.burmeseclassic.com